# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဖူကူရှိမားခရိုင် အီဇုမိဇကိကျေးရွာရှိ “Kokoron” လုပ်ငန်းစုသို့ သွားရောက်လေ့လာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ဖူကူရှိမားခရိုင် အီဇုမိဇကိကျေးရွာရှိ “Kokoron” လုပ်ငန်းစု၏ စိုက်ခင်းများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**တိုကျို အောက်တိုဘာ ၇**

(၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၇ ရက်တွင် ဖူကူရှိမားခရိုင် အီဇုမိဇကိကျေးရွာရှိ “Kokoron” လုပ်ငန်းစုသို့ သွားရောက်လေ့လာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၂ မိနစ်တွင် ကျည်ဆန်ရထားဖြင့် Shinshirakawa ဘူတာသို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် အီဇုမိဇကိ ကျေးရွာရှိ “Kokoron” လုပ်ငန်းစုသို့ ရောက်ရှိကြရာ ဖူကူရှိမားခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာ မာဆာကီဆူဇူကီ နှင့် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ယိုရှီနိုရီဆူဇူကီတို့က ကြိုဆိုနှုတ်ဆက်ကြပြီး တက်ရောက်လာသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံခေါင်းဆောင်များ စုဝေးပွဲတက်ရောက်ရန် အင်ဒိုနီးရှားသို့ သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၏ ဖိတ်ကြားချက်အရ ဘာလီကျွန်း၌ ကျင်းပပြုလုပ်မည့် အာဆီယံခေါင်းဆောင်များ စုဝေးပွဲ (ASEAN Leaders' gathering) သို့ တက်ရောက်ရန် မကြာမီကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည် ဖြစ်ပါသည်။ **သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် အောက်တိုဘာ ၇**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်။ **မိုး/ဇလ**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေပြည်တော်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

---

**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ပြန်လည်ထွက်ခွာ** စာ-၅

**၂၀၁၇ ခုနှစ်က စင်ကာပူဟာ မြန်မာနိုင်ငံရဲ့ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး မကြာသေးမီက ထုတ်ပြန်တဲ့စာရင်းဇယားအရ ၂၀၁၈ ခုနှစ်မှာ ယနေ့အထိ စင်ကာပူဟာ အာဆီယံအတွင်း မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်တယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။**

စင်ကာပူသံအမတ်ကြီး Ms. Vanessa Chan နှင့် တွေ့ဆုံမေးမြန်းခြင်း စာ-၈

**ဒုတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေး ကျင်းပနိုင်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အာရှခရီးစဉ်စတင်** စာ-၁၄




## မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

မြစ်ချောင်းများကို အခြေခံ၍ ရေကြောင်းလမ်းမှ သယ်ယူပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်၌ အသက်သာဆုံး ဖြစ်သကဲ့သို့ သမိုင်းကြောင်းအရ ရှေးအကျဆုံး သယ်ယူပို့ဆောင်ရေး နည်းလမ်းလည်း ဖြစ်ပါသည်။ ရေကြောင်းလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ခြင်းသည် ထုထည်ပမာဏကြီးမား၍ အလေးချိန်များသော ကုန်ပစ္စည်းတို့ကို ခရီးရှည်သယ်ယူမည်ဆိုပါက များစွာထိရောက်အသုံးဝင်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သုံးသပ်ပါက ရေကြောင်းလမ်းမှ သယ်ယူပို့ဆောင်ခြင်းသည် ကမ္ဘာ့နိုင်ငံများကြား ပိုမိုနီးကပ်နွေးထွေးသော ဆက်ဆံရေးကို ဖြစ်ပေါ်စေပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါသည်။

ရေကြောင်းလမ်းမှတစ်ဆင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၏ အားသာချက်များကို သုံးသပ်မည်ဆိုပါက ပထမဦးဆုံးအချက်သည် အထက်၌ ညွှန်းဆိုထားသကဲ့သို့ ပမာဏကြီးမား၍ အလေးချိန်များသော ကုန်ပစ္စည်းတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး၏ ဒုတိယအားသာချက်သည် မီးရထားလမ်းကဲ့သို့သော သယ်ယူပို့ဆောင်ရေးစနစ်နှင့် နှိုင်းယှဉ်ပါက တစ်ဦးချင်းပုဂ္ဂိုလ်အဖွဲ့အစည်းတို့၏ လိုအပ်ချက်နှင့်အညီ လိုအပ်သကဲ့သို့ စီမံခန့်ခွဲပို့ဆောင်ပေးနိုင်ခြင်းဖြစ်ပါသည်။ တခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းများနှင့် နှိုင်းယှဉ်ပါက မတော်တဆ ထိခိုက်ပျက်စီးနိုင်မှု နည်းပါးခြင်းသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး၏ တတိယအားသာချက်ဖြစ်ပါသည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေးသည် အဓိကအားဖြင့် သဘာဝအလျောက် ဖြစ်ပေါ်နေသည့် မြစ်ချောင်းအင်းအိုင်တို့ကို အမှီပြုဆောင်ရွက်ရသည်ဖြစ်၍ မီးရထားလမ်းနှင့် မော်တော်ကားလမ်းကဲ့သို့ သီးခြားတည်ဆောက်ရေးစရိတ်စက ကုန်ကျခြင်းမရှိပါ။ လူလုပ်တူးမြောင်းများ ဖောက်လုပ်ရေးသည်ပင် မီးရထားလမ်းနှင့် မော်တော်ကားလမ်းကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ်များစွာသက်သာသည်သာမက ဆည်မြောင်းစနစ်အတွက်ပါ တွဲဖက်အသုံးပြုနိုင်သည်ဖြစ်၍ ကုန်ကျစရိတ်သည် သိသိသာသာထိရောက်သက်သာပါသည်။ တစ်ချိန်တည်း၌ပင် ရေကြောင်းသယ်ယူပို့ဆောင်ရေးနည်းလမ်း၏ ပြုပြင်ထိန်းသိမ်းစရိတ်သည် တခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းများနှင့်နှိုင်းယှဉ်ပါက မဆိုစလောက်သာရှိသည်ဟု ပြောဆိုရမည်ဖြစ်ပါသည်။

ဤသို့သော အကျိုးရလဒ်များသည့် ရေကြောင်းသယ်ယူပို့ဆောင်ရေး၌ စနစ်တကျခေတ်မီမီစီမံခန့်ခွဲနိုင်စွမ်းရှိသည့် ဆိပ်ကမ်းကောင်းများ တည်ဆောက်နိုင်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတို့၌ ရေကြောင်းသယ်ယူပို့ဆောင်ရေးတိုးတက်ရေးနှင့်အတူ ဆိပ်ကမ်းကောင်းများ တည်ဆောက်ရေးသည် အမျိုးသားရေးလိုအပ်ချက်ဟု ပြောဆိုရမည် ဖြစ်ပါသည်။ ဤအမျိုးသားရေး လိုအပ်ချက်နှင့်အညီ မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် သဘောတူညီချက်တစ်ရပ်ကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ညှိနှိုင်းလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မင်္ဂလာရှိသော တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ဖြစ်ပါသည်။ အဆိုပါ မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၌ ဆိပ်ကမ်းကြီးကြပ်မှုရုံး ၊ အလုပ်ရုံ၊ ဆိပ်ကမ်းဝန်ထမ်းစားသောက်ဆိုင်၊ သင်္ဘောများပေါ်မှ ကွန်တိန်နာအတင်အချလုပ်ရန် ရွေ့လျားကရိန်းနှစ်စုံနှင့် လုံခြုံရေးအဆောက်အအုံများ ပါဝင်မည်ဖြစ်၍ ခေတ်မီဆိပ်ကမ်းတစ်ရပ်၏ အင်္ဂါရပ်များ ပြည့်ပြည့်စုံစုံပါဝင်မည်ဖြစ်ပါသည်။ ဤစီမံကိန်းအတွက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ဂျပန် ယန်း ၆၀၃၃ သန်း ပေးအပ်မည်ဖြစ်ပြီး စီမံကိန်းတစ်ရပ်လုံး၏ တည်ဆောက်ချိန်သည် နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းဆိုင်ရာ ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ ပြုလုပ်ပြီးစီးမှ စီမံကိန်းပတ်ဝန်းကျင်ရှိ ပြည်သူများ၏ လူနေမှုဘဝ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သည့် ရွှေလုံ့ဗိုလ်ကျောင်းတိုက်နေရာအား ရွေးချယ်ခဲ့ခြင်းဖြစ်၍ တိုင်းပြည်၏ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု သုံးနှစ်ပြည့်ပြီ

**ရန်ကုန် အောက်တိုဘာ ၇**

Yangon Aerodrome Company Limited ၏ သုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခင်က မြန်မာနိုင်ငံရှိ လေဆိပ်၊ လေယာဉ်ကွင်းများအားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများကို ယခင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကသာ တာဝန်ယူ၍ ဘတ်ဂျက်ဖြင့် ရပ်တည်ခဲ့ရပြီး နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုသာ ၂၀၁၁ ခုနှစ်တွင် ပုဂ္ဂလိကကုမ္ပဏီဖြစ်သော Pioneer Aerodrome Service Co.,Ltd.-PAS ကို BOT စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာစေရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းပါဝင်လာစေရေးမူဝါဒအရ လုပ်ငန်းလည်ပတ်နေသော အပြည်ပြည်ဆိုင်ရာ လေဆိပ်နှစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို PPP စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် တင်ဒါခေါ်ယူခဲ့သည်။

Yangon Aerodrome Company Limited အနေဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Concession Agreement လက်မှတ်ရေးထိုးခဲ့ကာ အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားရုံးများ စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၇**



နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် တရားရုံးများ စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ ၏ မဟာဗျူဟာရည်မှန်းချက် ၅-၁ အရ နိုင်ငံတစ်ဝန်း တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် Case Management Program အား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် တရားရုံးများ၏ အခြေခံအချက်အလက်များကောက်ယူရန် သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြီးပြတ်သည့်အမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ စစ်ဆေးဆဲအမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ တရားရုံး အသုံးပြုသူများအား စစ်တမ်းကောက်ခြင်းများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်တမ်းများကောက်ယူခြင်းဖြင့် ပြည်သူလူထု၏ တရားရုံးများအပေါ် ယုံကြည်ကိုးစားမှုအတိုင်းအတာကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် သင်တန်းသားများအဖြစ် ကျောက်ဆည်၊ မိတ္ထီလာခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ တက်ရောက်ပြီး သင်တန်းနည်းပြဆရာအဖြစ် တိုင်းဒေသကြီး တရားလွှတ်တော် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ညှိနှိုင်းရေးမှူး (CMP- Coordinator) အဖြစ် ဆောင်ရွက်သူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူပြာအေးက ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မိုးညှင်းမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**မိုးညှင်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော မိုးညှင်းမြို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့ နံနက်က မိုးညှင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော် မုခ်ဦးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း၊ ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာပေပွဲတော် အခမ်းအနားကို အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီးက ကလေးစာပေပွဲတော် ကျင်းပပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးစာပေပွဲတော်အတွင်း ကလေးများအတွက် ပန်းချီ၊ စကားပုံဆက်၊ ကျပန်းစကားပြော၊ ပုံပြော၊ စက္ကူခေါက်၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပနေမှု၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပညာရေးစွမ်းရည်ပြခန်းများ၊ စားသုံးသူရေးရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မိုးညှင်းမြို့ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ပြပွဲပြိုင်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ မြို့ဝင်မုခ်ဦးသစ် ဖွင့်ပွဲကျင်းပ

**လောက်ကိုင် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့၏ မြို့ဝင်မုခ်ဦးသစ်ဖွင့်ပွဲကို ယနေ့ နံနက်က လောက်ကိုင်မြို့အဝင်၌ ကျင်းပသည်။



မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုရှိသည့်အနက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဒေသ၏ ဖွံ့ဖြိုးသာယာလှပရေးနှင့် မြို့၏ အထင်ကရနေရာဖြစ်စေရန် ရည်ရွယ်၍ မြို့အဝင်မုခ်ဦးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် ဒေသဦးစီးအဖွဲ့ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေနှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးမင်းသန့်တို့က မြို့ဝင်နဂါးရုပ်မုခ်ဦးအသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

**ဘဦး(လောက်ကိုင်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဖူကူရှိမားခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများနှင့်အတူ **“Kokoron”** လုပ်ငန်းစုရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား “Kokoron” လုပ်ငန်းစုနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။** သတင်းစဉ်

*❊ ရှေ့ဖုံးမှ*

ထို့နောက် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖူကူရှိမားခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ၂၀၁၁ ခုနှစ် ငလျင်ဘေးဒဏ်သင့်ပြီးနောက်ပိုင်း ဒေသတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အီဇုမိဇကိကျေးရွာမှ Mr. Kuboki က ကျေးရွာနှင့် စပ်လျဉ်းသည့် အခြေအနေများကို လည်းကောင်း၊ “Kokoron” လုပ်ငန်းစုမှ Mr.Seki နှင့် Ms. Kumada တို့က “Kokoron” လုပ်ငန်းစု၏ ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် “Kokoron” လုပ်ငန်းစုနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တည်ခင်းဧည့်ခံသည့် “Kokoron” လုပ်ငန်းစုမှ ထုတ်လုပ်သော ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန် စားသောက်ဖွယ်ရာများကို မြည်းစမ်းသုံးဆောင်၍ သိရှိလိုသည်များကို မေးမြန်းရာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဖူကူရှိမားခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**စိုက်ခင်းများ လေ့လာ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖူကူရှိမားခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ “Kokoron” လုပ်ငန်းစုရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး “Kokoron” လုပ်ငန်းစု၏ စိုက်ခင်းများကို သွားရောက်လေ့လာသည်။

အီဇုမိဇကိကျေးရွာသည် ဧရိယာ အကျယ်အဝန်း ၃၅ ဒသမ ၄၃ စတုရန်းကီလိုမီတာကျယ်ဝန်း၍ ဖူကူရှိမားခရိုင် တောင်ပိုင်းတွင် တည်ရှိပြီး တိုကျိုမြို့မှ ကီလိုမီတာ ၂၀၀ အကွာအဝေး၌ တည်ရှိသည်။ အိမ်ထောင်စုပေါင်း ၂၁၄၀၊ လူဦးရေစုစုပေါင်း ၆၃၃၈ ဦး နေထိုင်လျက်ရှိကြောင်းနှင့် အမျိုးသားဦးရေ ၃၁၂၂ ဦးနှင့် အမျိုးသမီးဦးရေ ၃၂၁၆ ဦး နေထိုင်ကြောင်း။

**ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန်**

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး စပါးနှင့် ဟင်းသီးဟင်းရွက်အများအပြားစိုက်ပျိုးကြောင်း၊ အမြန်ရထားနှင့် အဝေးပြေးလမ်းများ တည်ဆောက်နိုင်သည့်အတွက် ထုတ်လုပ်မှုလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အီဇုမိဇကိကျေးရွာတွင် ပြည်သူများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် အသက် ၆၀ နှစ်အထက် သက်ကြီးပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ၊ အသက် ၁၈ နှစ်အထိ လူငယ်များအတွက် ဆေးကုသစရိတ် အခမဲ့အစီအစဉ်၊ မူလတန်းအရွယ် ကလေးသူငယ်များအတွက် ကျောပိုးအိတ်များနှင့် ညနေစာအတွက် ထောက်ပံ့မှုအစီအစဉ်များကို ပံ့ပိုးပေးထားကြောင်း သိရသည်။

ထို့ပြင် အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အိုများနှင့် အသက် ၆၅ နှစ်အထက် မသန်စွမ်းပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးထားကြောင်း၊ အသက် ၇၄ နှစ်အောက် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုတွင် အသက်အရွယ်အလိုက် ပံ့ပိုးမှုရန်ပုံငွေမှ ၄၀ ရာခိုင်နှုန်း၊ အစိုးရမှ ၅၀ ရာခိုင်နှုန်းနှင့် ကျန်းမာရေးအာမခံမှ ၁၀ ရာခိုင်နှုန်း ပံ့ပိုးပေးလျက်ရှိကြောင်း။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်**

ဒေသတွင်း၌ ကုမ္ပဏီများလုပ်ငန်းဆောင်ရွက်ရန် ဆွဲဆောင်နိုင်ခြင်း၊ နေထိုင်ရန် အိမ်များတည်ဆောက်ပေးခြင်း၊ ပြည်သူများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာတွင် နေထိုင်သူလူဦးရေ ကျဆင်းမှုကို ကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံ၏ အဓိကလမ်းများနှင့် ချိတ်ဆက်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်လာသူဦးရေ တိုးတက်လာခဲ့ကြောင်း သိရသည်။

Kokoron ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အဖွဲ့အစည်းအနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေး၊ စားဝတ်နေရေးနှင့် လူမှုနေထိုင်မှုဆိုင်ရာ အခန်းကဏ္ဍများတွင် အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက် ရှိကြောင်း၊ အီဇုမိဇကိ ဒေသတွင်းရှိ မသန်စွမ်းသူများကို အထောက်အကူပြုနိုင်ရန်နှင့် အလုပ်အကိုင်ရရှိရေးအတွက် Living Support Center: Kokoron နှင့် Kokoro-Ya ကော်ဖီဆိုင်ကို ဖွင့်လှစ်ထားရှိကြောင်း။

**နေ့စဉ်နေထိုင်မှုဘဝတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်**

Living Support Center: Kokoron ကို ၂၀၀၄ ခုနှစ် မတ် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မသန်စွမ်းသူများကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရန်နှင့် လူ့အဖွဲ့အစည်းအတွင်း နေထိုင်လျက်ရှိသော မသန်စွမ်းသူများအတွက် နေ့စဉ်နေထိုင်မှုဘဝတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

**ဒေသတွင်း စိုက်ပျိုးထွက်ကုန်များရောင်းချ**

အဆိုပါ Center တွင် ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း၊ အဖွဲ့အစည်းများလိုက် လှုပ်ရှားမှုများပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Kokoro-Ya ကော်ဖီဆိုင်ကို လတ်ဆတ်၍ အရသာရှိသော ဒေသတွင်း စိုက်ပျိုးထွက်ကုန်များကို ရောင်းချခြင်းဖြင့် ပြည်သူ့ကျန်းမာရေး မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဂျာမနီနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ




ရန်ကုန် အောက်တိုဘာ ၇

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ စတင်မည်

ရန်ကုန် အောက်တိုဘာ ၇

**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းများကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရိုက်ကူးရေးဒါရိုက်တာ ဦးလူမင်းတို့အား ရုပ်ရှင်ရိုက်ကူးရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်လည်းဖြစ်၊ တပ်မတော်ရဲ့ ခေါင်းဆောင်လည်းဖြစ်ပြီးတော့ လွတ်လပ်ရေး ဗိသုကာကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ကိုရိုက်ဖို့အတွက် ၂၀၁၂ ခုနှစ်ကဆိုရင် အခုခြောက်နှစ် ကြာမြင့်ခဲ့ပါပြီ။ ဗိုလ်ချုပ်သူ့ဘဝဖြတ်သန်းရာလမ်းတစ်လျှောက်မှာ ချောချောမွေ့မွေ့ လွယ်လွယ်ကူကူနဲ့ ဖြတ်သန်းခဲ့ရတာ မဟုတ်ပါဘူး။ အတိုက်အခိုက်၊ အတိုက်အခံ၊ အချိုးအကွေ့တွေနဲ့ ကျဆုံးတဲ့အချိန်ထိ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရတာပါ။ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ ခြောက်နှစ်တာ ကြာမြင့်ခဲ့တာက ဇာတ်ညွှန်းမပြီးခဲ့လို့ပါ။ ၂၀၁၃ ခုနှစ်မှာ ရုပ်ရှင်ပညာရှင်၊ သမိုင်းပညာရှင်များနဲ့ နောက်ဆုံးပါဝင်တဲ့အဖွဲ့တို့က ပင်မဇာတ်ညွှန်းကြီးကို ရေးသားခဲ့တာပါ။ ကျယ်ပြန့်တဲ့ဇာတ်ညွှန်းကို ပြန်ကျစ်လျစ်ဖို့ ဒါရိုက်တာတစ်ဦးကို တာဝန်ပေးခဲ့ပေမယ့် လုပ်ငန်းများပြားတာကြောင့် ၂၀၁၇ ခုနှစ် အောက်တိုဘာနဲ့ နိုဝင်ဘာလမှာ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးဖို့ လုပ်ငန်းကော်မတီဖွဲ့တဲ့အခါမှာ ကော်မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်တာကြောင့် ဒေါ်အိအိခိုင်တို့ ပံ့ပိုးမှုနဲ့ ဦးလူမင်းကပဲ ဆက်ပြီးရိုက်ကူးဖို့ ယနေ့ အစည်းအဝေးမှာ ဆုံးဖြတ်တာဝန်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းဟာ ယနေ့စတင်ပြီလို့ ပြောကြားလိုပါတယ်။

**ဦးလူမင်း**

**(ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးရေးဒါရိုက်တာ)**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးဖို့ တာဝန်က ကျွန်တော့်ပခုံးပေါ် ရောက်လာပါပြီ။ ၂၀၁၉ ခုနှစ်အတွင်းမှာရိုက်ကူးတည်းဖြတ်ရေး ပြီးစီးပြီး ၂၀၂၀ ပြည့်နှစ်မှာ ရုံတင်ဖို့ ဆောင်ရွက်ရမှာပါ။ ဇာတ်ညွှန်းကို ပြန်ရေးမယ်ဆိုရင် တစ်နှစ်နှစ်နှစ် အချိန်ပေးရမှာဖြစ်တဲ့အတွက် အဆင့်သင့်ရှိပြီးသား ဗိုလ်ချုပ်အောင်ဆန်း ရိုက်ကူးရေးဘုတ်အဖွဲ့က နှစ်နှစ်အချိန်ယူပြီး ရေးသားထားတဲ့ ဇာတ်ညွှန်းကြီး ရှိပါတယ်။ သမိုင်းပညာရှင်တွေရဲ့အကြံပြုချက်နဲ့ အချက်အလက်မှန်ကန်ရေးကို စိစစ်ပြီးသားဖြစ်တဲ့အတွက် ဖိုင်နယ်ဇာတ်ညွှန်းတစ်ခု ထွက်လာအောင် တစ်ဖက်က ဒီဇာတ်ညွှန်းကို ပြင်ဆင်ရေးသားနေတဲ့အချိန်မှာပဲ အဲ့ဒီဇာတ်ညွှန်းအပေါ်မှာပဲ အခြေခံမှာဖြစ်တာကြောင့် လိုအပ်တဲ့အချက်အလက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကြိုတင်ပြင်ဆင်မှုတွေ တစ်ပြိုင်တည်း လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဘဝမှာ ယူဖူးသမျှတာဝန်တွေထဲမှာ အကြီးဆုံးတာဝန်ဖြစ်တယ်လို့ ခံယူထားပါတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို ရိုက်ကူးတာဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး သမိုင်းကြောင်းလည်းဖြစ်သလို မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းကို ရိုက်ကူးတာလည်းဖြစ်လို့ တာဝန်ကကြီးပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အားလုံးဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှာဖြစ်တဲ့အတွက် လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးမှာဖြစ်တာကြောင့် ပြည်သူတွေမျှော်လင့်ထားသလို ခံ့ခံ့ထည်ထည်နဲ့ အတတ်နိုင်ဆုံး ကြိုးစားရိုက်ကူးသွားမှာပါ။

**သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



ဦးလူမင်း
(ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်
ရိုက်ကူးရေးဒါရိုက်တာ)

# အနာဂတ်အားမာန်၊ ကလေးမိတ်ဆွေ၊ သုတအလင်း ကျောင်းစာကြည့်တိုက်များဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

**“စာဖတ်ကြစို့” စီမံကိန်းဖြင့် ဆောင်ရွက်သော ကျောင်းစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ အနာဂတ်အားမာန် ကျောင်းစာကြည့်တိုက်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း၊ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေရီနှင့် မြန်မာ့စာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့ (MBAPF) အမှုဆောင် ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၇၀၀၅ ကျောင်းရှိပြီး စာကြည့်တိုက်ရှိသည့် ကျောင်း ၂၂၀၀၀ ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အသုံးပြုနေသော စာကြည့်တိုက်များကို ပို၍ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် အားပေးမြှင့်တင်ရေး၊ ပိတ်ထားသော စာကြည့်တိုက်၊ စာကြည့်တိုက်မရှိသော ကျောင်းများအတွက် စာအုပ်စင်၊ ဗီရိုများဖြည့်ဆည်းရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက စာကြည့်တိုက်များကို အသုံးပြုကြရန်နှင့် ကျောင်း၊ ကျောင်းအုပ်၊ ဆရာ ဆရာမများကို လိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ “စာဖတ်ကြစို့” စီမံကိန်းကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စာကြည့်တိုက်ကို ထိထိရောက်ရောက်အသုံးပြုနိုင်ရန် “စာဖတ်ကြစို့” ဆိုသည့် ပထမခြေလှမ်းကို စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တာမွေမြို့နယ်ရှိ အမှတ်(၂၂)အခြေခံပညာ မူလတန်းကျောင်း စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ရှစ်လကြာ အချိန်ယူပြီး ကျောင်းပေါင်း ၂၀ နှင့် နောက်ထပ်ဆောင်ရွက်မည့် ကျောင်း ၂၀ စုစုပေါင်း ကျောင်း ၄၀ ဖြင့် “စာဖတ်ကြစို့” စီမံကိန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များတွင်လည်း စာကြည့်တိုက်ဖွင့်ပွဲများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်လာမည့်အပတ်များတွင်လည်း ကျန်ရှိသည့် ကျောင်းများတွင် စာကြည့်တိုက်ဖွင့်ပွဲများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်း ၄၀ တွင် ရပ်တန့်နေမည်မဟုတ်ဘဲ ကျန်ရှိသည့် ကျောင်းများကိုလည်း စာကြည့်တိုက်နှင့် စာအုပ်များ ဖြည့်ဆည်းပြီး “စာဖတ်ကြစို့” အစီအစဉ်အဖြစ် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသည့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ တာဝန်ရှိသူများနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများကို မှတ်တမ်းတင်ဂုဏ်ပြု ပါကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်းက အမှာစကားပြောကြားပြီး MBAPF မှ ဒေါက်တာသန့်သော်ကောင်းက ကျောင်းစာကြည့်တိုက် ပံ့ပိုးပေးမှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျောင်းစာကြည့်တိုက် ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ်ရှိ အမှတ်(၂၂)အခြေခံ ပညာမူလတန်းကျောင်းနှင့် အမှတ်(၇) အခြေခံ ပညာမူလတန်းကျောင်းတို့၌ ဖွင့်လှစ်သည့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အရေးကိစ္စ

❑ မိမိတို့နိုင်ငံသည် မိမိ၏အချုပ်အခြာအာဏာကိုကျင့်သုံးပြီး မိမိပြည်တွင်းရေးကိစ္စကို မိမိတို့ဘာသာ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိသည်၊ ထိုလိုဖြေရှင်းဆောင်ရွက်နိုင်ရန်လည်း စိတ်ပိုင်းဖြတ်ချက် (Able and Willing) အခိုင်အမာရှိပါသည်။

❑ မြန်မာနိုင်ငံအနေနှင့် နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာပိုင်မှုနှင့် ဂုဏ်သိက္ခာကို အလေးထားသည့်နည်းတူ နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်စေမည့်၊ ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို အားပေးမည့် ခင်မင်ရင်းနှီးမှုများ ပွားများစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါသည်။ နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များကို အားလုံးက စောင့်ထိန်းလိုက်နာရန် လိုအပ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

## ဗိုလ်ချုပ်အောင်ဆန်းအထူးပြုပွတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ဗိုလ်ချုပ်အောင်ဆန်းအထူးပြုပွတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းအထူးပြုပွတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးထွန်းအုံက ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းနှင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်အိအိခိုင်တို့က ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သမိုင်းပညာရှင်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်၊ ဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**




## လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၇**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်း ကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားတို့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **သတင်းစဉ်**



## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ၂၀၁၈ ခုနှစ်ကို သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှစ်ဟု သတ်မှတ်ထား

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ၂၀၁၈ ခုနှစ်ကို သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှစ်ဟု သတ်မှတ်ပြီး အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် အောက်တိုဘာ ၅ ရက်က ကျင်းပသော (၁/၂၀၁၈) ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါသင်တန်းဆင်းပွဲတွင် ရုပ်ရှင်အစည်းအရုံး နာယကတစ်ဦးဖြစ်သော ဒါရိုက်တာစည်သူ ဦးကြည်စိုးထွန်းက မုဒိတာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အမှာစကားပြောကြားသည်။

"လောကတစ်ခုဖွံ့ဖြိုးဖို့၊ ရေရှည်တည်တံ့ဖို့ဆိုရင် ကျွန်တော်တို့ဟာ မျိုးဆက်သစ်တွေကို မွေးထုတ်ရပါမယ်။ မျိုးဆက်သစ်မရှိတဲ့လောကဟာ အညွန့်အတက်မရှိတဲ့ သစ်ပင်လို ညှိုးရော်ခန်းခြောက်ပြီး သေသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့လောကကြီး စဉ်ဆက်မပြတ် စည်ပင်သာယာနေဖို့၊ ထွန်းကားနေဖို့ဆိုရင် ကျွန်တော်တို့က မျိုးဆက်သစ်များကို မွေးထုတ်ပေးရပါမယ်။ ဒါ့အပြင် ကျွန်တော်တို့လောကအတွင်းမှာရှိကြတဲ့ လက်ရှိကျင်လည်လှုပ်ရှားနေကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်များရဲ့ အရည်အသွေးကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ တိုးမြှင့်ပေးဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒီအချက်နှစ်ချက်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ခိုင်ခိုင်မြဲမြဲ စွဲကိုင်ပြီးတော့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

အဆိုပါ ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်းဆင်းပွဲ၌ သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ခဲ့သည့်အနက် ဒါရိုက်တာသင်တန်းသား ၁၆ ဦး ပါဝင်ကြောင်း သိရသည်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် သရုပ်ဆောင်သင်တန်းများကို နှစ်တိုင်းဖွင့်လှစ်နိုင်ခဲ့သော်လည်း ဒါရိုက်တာသင်တန်းမှာမူ ၁၉၈၄ ခုနှစ် နောက်ပိုင်း တစ်ကြိမ်သာဖွင့်လှစ်နိုင်၍ ယခုဖွင့်လှစ်သောသင်တန်းသည် တတိယအကြိမ်မြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

◆ *ကျောဖုံးမှ*

၄၅+ ၁ မိနစ်တွင် ဂိုးထပ်ပေးလိုက်ရပြီး ကီတီရတ်က ထိုင်းအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ တစ်မိနစ်အကြာတွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး နွယ်နီဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၆ မိနစ်တွင် ဘွဲ့လျှန်ကိန်းက ဒုတိယဂိုး ပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုးအရှုံးမှ သရေပြန်ကစားနိုင်သော်လည်း သရေရလဒ်ကို ထိန်းထားနိုင်ခြင်းမရှိဘဲ ဂိုးများ ထပ်ပေးခဲ့ရသည်။

မြန်မာဂိုးသမား၏ ဖမ်းပုံမသေသပ်မှုမှတစ်ဆင့် ၆၄ မိနစ်တွင် ကာလာဆင်၊ ၇၅ မိနစ်တွင် ကန်ချာလီရာတို့က ထိုင်းအတွက် ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းအတွက် တတိယချေပဂိုးကို ၆၅ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲတွင် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သော်လည်း အာဆီယံထိပ်သီးအသင်းနှင့် ကစားရသောကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

❍ *ကျောဖုံးမှ*

စန္ဒကာပြိုင်ပွဲများဖြစ်သည့် Master , Men , Ladies ပြိုင်ပွဲများကို နိုဝင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း ၄၀ ခန့်မှ အားကစားသမား စုစုပေါင်း ၂၀၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် နိုင်ငံများမှ စာရင်းပေးထားသော အားကစားသမား ၆၀ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဆုကြေးအနေဖြင့် အမေရိကန်ဒေါ်လာ ၄၆၀၀၀ ကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲမကျင်းပမီ သုံးလအလိုမှစ၍ စခန်းသွင်းလေ့ကျင့်နေလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိစေရန် မလေးရှားနှင့် တရုတ်နိုင်ငံတို့တွင် ကျင်းပသော ဖိတ်ခေါ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေလျက်ရှိကြောင်း သိရသည်။

မြန်မာကစားသမားများအနက်မှ ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့ပါက ငွေကျပ်သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၃၀၀ တန် ကားတစ်စီးကိုလည်း အဖွဲ့ချုပ်မှ ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အေးကေလင်း**

# မျက်စိအမြင်ကောင်းမွန်ဖို့ နေရာမရွေး စောင့်ရှောက်စို့

ဒေါက်တာကိုဦး(လင်းသစ္စာ) မျက်စိအထူးကုဆရာဝန်ကြီး

ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီအသွင်သစ်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုသို့ ရှေးရှုနေသည့်အချိန် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်မှု၊ ဉာဏ်အမြော်အမြင် ပြည့်ဝမှုတို့အပေါ် တည်မှီနေသည်ဖြစ်လေရာ နိုင်ငံသားတိုင်း ရောဂါဘယကင်းစွာဖြင့် ကျန်းမာစေရန်အတွက် ကျန်းမာရေးအသိပညာ မြင့်မားစွာရှိနေရန် အရေးကြီးပါသည်။ ကျန်းမာရေးအသိပညာ မြင့်မားတိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းစီက မိမိကိုယ်တိုင် ကျန်းမာစေရန် အသိတရားဖြင့် ထိန်းသိမ်းလာနိုင်မည်ဖြစ်ပြီး မိသားစုနှင့် ပတ်ဝန်းကျင်တို့ကိုလည်း ကျန်းမာသော လူနေမှုဘဝသို့ တွန်းအားပေး ပံ့ပိုးသွားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင်မျိုးဆက်သစ်တို့အတွက် ကျန်းမာသော လူနေမှုဘဝပတ်ဝန်းကျင်ကို ကောင်းမွေအဖြစ် ချန်ရစ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာခြင်းဆိုသည်မှာ ခန္ဓာကိုယ်ချို့ယွင်းမှု ကင်း၍ ရောဂါဘယ ကင်းရှင်းရုံသာမက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ လူမှုရေးသုခနှင့် ပြည့်စုံခြင်းတို့ကို ဆိုလိုပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းဝေးနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းတို့ကိုပါ အရှိန်အဟုန်နှင့် ဟန်ချက်ညီညီ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေသည့်အချိန်လည်း ဖြစ်ပါသည်။ ထို့အတူ WHO (World Health Organization) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများထံသို့ အကျိုးရှိအောင် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျန်းမာရေးကဏ္ဍအလိုက် အထိမ်းအမှတ်အခမ်းအနားများကို ဆောင်ပုဒ်များ အသီးသီးသတ်မှတ်ကာ နိုင်ငံတကာနှင့် တစ်ပြေးညီ ဆောင်ရွက်နေပေသည်။

**မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက်ရန်**

နှစ်စဉ် အောက်တိုဘာလ၏ ဒုတိယကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် နှစ်စဉ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ၂၀၀၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ဆောင်ပုဒ်မှာ "Eye Care Everywhere" **မျက်စိအမြင် ကောင်းမွန်ဖို့ နေရာမရွေးစောင့်ရှောက်စို့** ဖြစ်ပါသည်။ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံ ချို့ယွင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ကြောင်း သိရှိနားလည်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပါအဝင် အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများအားလုံးမှ ပြည်သူလူထုနှင့်အတူ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်အတိုင်း အမျိုးသားအမြင်သန်စွမ်းရေး (National Vision 2020) မျှော်မှန်းချက်အစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အဓိကရည်မှန်းချက်မှာ ၂၀၁၉ ခုနှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းကို လျော့ချနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ အလျဉ်းသင့်၍ မျက်စိကွယ်ခြင်း၊ အမြင်အာရုံချို့တဲ့မှုတို့၏ ဖြစ်စဉ်အချို့နှင့် လေ့လာမှုစစ်တမ်းအချို့ကို ရေးသားတင်ပြပါရစေ။

"အမျိုးသားအဆင့်မျက်စိအမြင် (Ocular) ဖြစ်ပွားမှု အခြေအနေစစ်တမ်း (၁၉၉၇-၁၉၉၈) (National Ocular Morbidity Survey Myanmar 1997-1998)" အား မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မျက်မမြင်ဖြစ်ပွားမှု အခြေအနေများကို သိရှိနိုင်ရေးအား ဦးတည်လျက် ကောက်ယူခဲ့ကြပါသည်။ ထိုသို့ စစ်တမ်းကောက်ယူရာတွင် လူဦးရေ စုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းသော နမူနာလူဦးရေပေါ်တွင် ပုံကျစနစ်ဖြင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်မှ မျက်စိဆရာဝန်များ၊ ဝန်ထမ်းများ ပါဝင်ကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။

စစ်တမ်းကောက်ယူချက်အရ အသက်အရွယ်အားလုံးတွင် မျက်စိမမြင်နှုန်းမှာ ၀ ဒသမ ၅၈ ရာခိုင်နှုန်းခန့် တွေ့ရှိခဲ့ရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပထဝီအနေအထားအရ ကြီးမားသော ကွဲပြားခြားနားမှုများကို တွေ့ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အဖြစ်အများဆုံး ၁ ဒသမ ၄၉ ရာခိုင်နှုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၀ ဒသမ ၁ ရာခိုင်နှုန်းခန့် တွေ့ရှိရပါသည်။ မျက်စိမမြင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အတွင်းတိမ် (Cataract) ကြောင့်ဖြစ်ပြီး မျက်စိမမြင်သူအားလုံး၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့် ရှိသည်ကို တွေ့ရှိရပါသည်။ အခြား

> ❍ **မျက်စိမမြင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အတွင်းတိမ် (Cataract) ကြောင့်ဖြစ်ပြီး မျက်စိမမြင်သူအားလုံး၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရပါသည်။ အခြား မျက်စိမမြင်ခြင်း အကြောင်းရင်းတစ်ခုမှာ ရေတိမ် (Glaucoma) ကြောင့် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။**
>
> ❍ **အများဆုံးတွေ့ရှိရသော မျက်မှန်ပါဝါလိုအပ်ခြင်း (Refractive Error) မှာ အများစုဖြစ်ပြီး တွေ့ရှိရသော နှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုမှာ ၀ ဒသမ ၂၆ ရာခိုင်နှုန်းခန့်သာဖြစ်**

မျက်စိမမြင်ခြင်း အကြောင်းရင်းတစ်ခုမှာ ရေတိမ် (Glaucoma) ကြောင့် ၁၆ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါသည်။

အများဆုံးတွေ့ရှိရသော မျက်မှန်ပါဝါလိုအပ်ခြင်း (Refractive Error) မှာ အများစုဖြစ်ပြီး တွေ့ရှိရသော နှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုမှာ ၀ ဒသမ ၂၆ ရာခိုင်နှုန်းခန့်သာဖြစ်ပြီး အဖြစ်များသောဒေသမှာ ကယားပြည်နယ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်း တွေ့ရှိရပါသည်။ အနိမ့်ဆုံးမှာ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဖြစ်ပွားမှုမရှိ ၀ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ မျက်ခမ်းစပ်ရောဂါအား ရှေးဝတီ၊ ကချင်၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)၊ ကရင်၊ ရခိုင်၊ မွန်နှင့် ချင်းတို့တွင်လည်း တွေ့ရှိရပါသည်။ ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်ပွားနှုန်းမှာ လျော့နည်းကျဆင်းလာပြီး ၁၉၆၄ ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း၌ ၄၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၁ ရာခိုင်နှုန်းခန့်သာ တွေ့ရှိရပါသည်။

**အတွင်းတိမ်ဖြစ်ပွားမှုနှင့် အတွင်းတိမ်ခွဲစိတ်ခြင်း**

မခွဲစိတ်ရသေးသော အတွင်းတိမ်လူနာများ လက်ကျန်နှင့် နှစ်စဉ်ဖြစ်ပွားနေသော အတွင်းတိမ်လူနာ မည်မျှဖြစ်နေသည်ဟူသော တိကျသည့်စာရင်း မသိရှိနိုင်သည့် အခြေအနေဖြစ်ပါသည်။ သို့သော်လည်း မျှော်မှန်းချက် ၂၀၂၀ နှင့် မျက်ခမ်းစပ်နှင့် မျက်မမြင်စီမံကိန်းမှ အသုံးပြုနေသော ခန့်မှန်းချက်များနှင့် ၁၉၉၇/၁၉၉၈ တွင် ကောက်ယူခဲ့သော National Ocular Morbidity Survey အရ ခန့်မှန်းတွက်ချက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါ သတင်းအချက်အလက်များကို အခြေခံ၍ ခန့်မှန်းတွက်ချက်ရာတွင် မျက်စိမမြင်သူ လူနာလက်ကျန်ပေါင်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၃၀၀၀၀၀ ခန့် ဖြစ်သော်လည်း ယင်းအခြေအနေထက် ပိုမိုများပြားလာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့အခါတွင် နှစ်စဉ်ခန့်မှန်းလူနာပေါင်း ၅၈၃၈၀ ခန့် ရှိသည်ဟု ခန့်မှန်းထားသောကြောင့် ဖြစ်သည်။ နှစ်စဉ်အတွင်းတိမ်ခွဲစိတ်မှုနှုန်း (CSR) အရ ယခုအခါတွင် နှစ်စဉ်ဖြစ်ပွားမှုနှုန်း (CSR) ကို ပြည့်မီစွာ ဆောင်ရွက်ပေးနိုင်သော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သဖြင့် လက်ကျန်မျက်စိမမြင်သော လူနာများကို တိုးတက်ဆောင်ရွက်ပေးခြင်း လျော့နည်းကျဆင်းသွားမည်ဟု မျှော်မှန်းရပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များနှင့်စာလျှင် ယခုအခါတွင် အတွင်းတိမ်ခွဲစိတ်နိုင်မှုမှာ သုံးဆခန့် တိုးတက်ဆောင်ရွက်နိုင်ပြီလည်း ဖြစ်ပါသည်။ ၂၀၀၀ နှင့် ၂၀၀၃ ခုနှစ်များအတွင်း လူဦးရေတစ်သိန်းလျှင် ၆၀၀ ခန့် ခွဲစိတ်ပေးနိုင်သော်လည်း ၂၀၀၄ ခုနှစ်ရှေ့ပိုင်းတွင် ပိုမိုတိုးတက် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါသည်။

လက်ရှိကာလတွင်မူ လူဦးရေတစ်သိန်းလျှင် ၂၀၀၀ ကျော် ခွဲစိတ်ပေးနိုင်ပြီလည်း ဖြစ်ပါသည်။

**ကလေးငယ်မျက်စိမမြင်ခြင်း**

၂၀၀၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ၌ ကလေးများ၏ အမြင်အာရုံချို့တဲ့မှုနှင့် မျက်မမြင်စစ်တမ်းတစ်ခုကို ကောက်ယူခဲ့ကြပါသည်။ အဆိုပါစစ်တမ်းသည် အမြင်အာရုံလျော့နည်းခြင်း၊ မျက်မမြင်ရခြင်းနှင့် ကျောင်းသားအရွယ်အတွင်း အခြေအနေကို ရှာဖွေခြင်းဖြစ်ပြီး တွေ့ရှိသောကျောင်းသားများအား မျက်မှန်များပေးခြင်း၊ အမြင်အထောက်အကူများပေးခြင်း၊ ပညာပေးခြင်း၊ သင်တန်းများပို့ချခြင်းနှင့် လိုအပ်သူများအား မျက်စိရောဂါကုသခြင်းများကိုပါ ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံရှိ မျက်မမြင် ခုနစ်ကျောင်းမှ အသက် ၁၆ နှစ်အောက် ကျောင်းသားပေါင်း ၂၀၈ ဦးတို့အား စမ်းသပ်ခြင်းများကို ဆောင်ရွက်ခဲ့ရာတွင် ကျောင်းသားထက်ဝက်သည် ပြင်းထန်သော အမြင်အာရုံချို့တဲ့ခြင်းနှင့် မျက်စိမမြင်ခြင်းတို့ကို တွေ့ရှိရပါသည်။ ကုသ၍ရနိုင်သော အမြင်အာရုံချို့တဲ့မှုအများစုမှာ အတွင်းတိမ်ကြောင့်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ရေတိမ်မှာ ၄ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဓိကကာကွယ်၍ရနိုင်သော မျက်စိအမြင်နှုန်းချို့တဲ့မှု၏ အကြောင်းများသည် ဝက်သက်ရောဂါ ၁၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် မွေးကင်းစမျက်စိရောဂါ ophthalmia neonatorum ၅ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကလေးများတွင် အမြင်အာရုံဆုံးရှုံးမှုကို ကာကွယ်၍ရသော အကြောင်းအရာများမှာ- ဝက်သက် (Measle)၊ မွေးကင်းစ မျက်စိရောဂါ (ophthalmia neonatorum)၊ ကပ်ပါးရောဂါ (Toxoplasmosis)၊ တိုင်းရင်းဆေးကုထုံး (Harmful traditional practices) နှင့် ကုသ၍ရသော အတွင်းတိမ် (Cataract)၊ ရေတိမ် (Glaucoma) တို့ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် ကလေးငယ်များ၏ မျက်စိကွယ်ရခြင်း အကြောင်းရင်းသည် ဗီတာမင်အေ ချို့တဲ့ခြင်းကြောင့် ဖြစ်ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ဗီတာမင်အေချို့တဲ့မှု လျော့နည်းကျဆင်းမှုအတွက် အားဖြည့်ဆောင်ရွက်နေပါသည်။ ဗီတာမင်အေချို့တဲ့မှု ကာကွယ်ရေးစီမံချက်အနေဖြင့် ခြောက်လမှ တစ်နှစ်အထိ ကလေးများအား ဗီတာမင်အေ တစ်ယူနစ်နှင့် တစ်နှစ်မှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေ နှစ်ယူနစ် တိုက်ကျွေးခြင်းအား ခြောက်လတစ်ကြိမ် တိုက်ကျွေးလျက်ရှိပါသည်။ မီးဖွားပြီးတစ်လအကြာ မိခင်များအားလည်း ဗီတာမင်အေ နှစ်ယူနစ်တိုက်ကျွေးခြင်းကို ပူးတွဲဆောင်ရွက်လျက် ရှိနေပါသည်။ ထိုကဲ့သို့ စီမံချက်ဖြင့် ဆောင်ရွက်ရခြင်း ရလဒ်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဗီတာမင်တိုက်ကျွေးမှုရလဒ်မှာ တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များတွင် ၉၆ ဒသမ ၁ ရာခိုင်နှုန်း၊ ခြောက်လမှ တစ်နှစ်ကလေးငယ်များတွင် ၉၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် နို့တိုက်မိခင်များတွင် ၇၆ ဒသမ ၅ ရာခိုင်နှုန်း တိုက်ကျွေးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

**ဆီးချိုသွေးချိုကြောင့်ဖြစ်သော နောက်ဆက်တွဲမျက်စိရောဂါ**

မြန်မာနိုင်ငံတွင် ဆီးချို သွေးချိုဖြစ်ပွားမှုနှုန်း များလာခြင်း၏ နောက်ဆက်တွဲပြဿနာတစ်ရပ်မှာ မျက်စိကွယ်စေသော အကြောင်းရင်းတစ်ရပ်ပင် ဖြစ်သည်။ ရက်တီနာ (Retina) ထိခိုက်စေခြင်းကို ဖြစ်စေခြင်းကြောင့် မျက်စိကျန်းမာရေး၏ အဓိကကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်ပေါ်စေပါသည်။ ဆီးချိုသွေးချိုကြောင့်ဖြစ်သော နောက်ဆက်တွဲမျက်စိရောဂါဖြစ်ပွားမှု (Diabetic Retinopathy) အခြေအနေကို သိရှိနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်တွင် သုတေသန စစ်တမ်းတစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သုတေသနစစ်တမ်း၏ ဦးတည်ချက်နှစ်ရပ်မှာ (၁)မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ရွှေ့ပြောင်းသယ်ဆောင်၍ရသော လေဆာစက်ဖြင့် အဆိုပါ ထိခိုက်မှုကြောင့် မျက်စိအမြင်ကို ထိခိုက်နေမှုအား ကုသခြင်းများအတွက် ဖြစ်နိုင်မှုအခြေအနေအား ဖော်ထုတ်ခြင်းနှင့် (၂) မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ဆီးချိုသွေးချိုကြောင့်ဖြစ်သော နောက်ဆက်တွဲ မျက်စိရောဂါနှင့် ဆိုင်ရာအချက်အလက်များအား ရှာဖွေလျက် ဖြစ်ပွားမှုနှုန်းအား စိစစ်ခြင်း၊ အမြင်အာရုံအပေါ် ဖိအားဖြစ်ပေါ်နေခြင်းနှင့် ကုသရေးအစီအစဉ်များအတွက် လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်းတို့ ဖြစ်ပါသည်။

လေ့လာစူးစမ်းမှုအား ပျဉ်းမနားသံဃာ့ဆေးရုံတွင် ဆီးချိုလူနာပေါင်း ၉၇ ဦးတို့အပေါ် စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ၉၇ ဦးတွင် ၃၃ ရာခိုင်နှုန်းသည် ဆီးချိုကြောင့် ရက်တီနာအား ထိခိုက်မှုရှိကြောင်းနှင့် ၂၄ ရာခိုင်နှုန်းသည် အမြင်အာရုံကို ထိခိုက်မှုရှိနေပြီး ရက်တီနာအား ထိခိုက်မှုကို ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် လေ့လာမှုစစ်တမ်းအနေဖြင့် ကောက်ချက်ချရသည်မှာ မြန်မာနိုင်ငံအနေဖြင့် ဆီးချို သွေးချိုကြောင့်ဖြစ်သော နောက်ဆက်တွဲမျက်စိရောဂါဖြစ်ပွားမှုနှုန်းကို မသိရှိသေးသော်လည်း အဆိုပါ ထိခိုက်မှုကြောင့် မျက်စိကွယ်ခြင်း ဖြစ်ပွားနိုင်ခြင်းအပေါ် ဖိအားပေးနေသည်မှာ သိသာထင်ရှားနေပေသည်။

**မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ**

လက်ရှိအားဖြင့် မြန်မာနိုင်ငံတွင် တတိယအဆင့် မျက်စိကုသဌာနပေါင်း ငါးဌာနရှိပါသည်။

(၁) ရန်ကုန်မျက်စိဆေးရုံ
(၂) မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းပိုင်းဆိုင်ရာဆေးရုံ(မန္တလေး)
(၃) မကွေးတိုင်းဒေသကြီးဆေးရုံ
(၄) အမှတ်(၁)တပ်မတော်ဆေးရုံ
(၅) မြောက်ဥက္ကလာပ အထွေထွေနှင့်သင်ကြားရေးဆေးရုံတို့ဖြစ်ပါသည်။

အဆိုပါဆေးရုံကြီးများအနေဖြင့် မျက်စိခွဲစိတ်မှုလုပ်ငန်းများဖြစ်သော အတွင်းတိမ်ခွဲစိတ်ခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်အာရုံခံလွှာ (Retina) စမ်းသပ်ခြင်း၊ ရေတိမ်၊ မျက်ကြည်လွှာ ၊ Oculoplastic နှင့် ကလေးသူငယ်များနှင့်ဆိုင်သော ကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လေဆာရောင်ခြည်ဖြင့် ကုသခြင်း၊ Retinopathy of Prematurity အား စိစစ်ရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ကလေးဆေးရုံကြီးနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ ဆီးချိုကြောင့်ဖြစ်သော အမြင်အာရုံလွှာ ထိခိုက်ခြင်း (Diabactic Retinopathy)အား စိစစ်ရှာဖွေခြင်းလုပ်ငန်းအား ဟိုမုန်းရောဂါဗေဒဌာနနှင့် ပူးပေါင်းလျက်လည်း ဆောင်ရွက်ပါသည်။ ရန်ကုန်မျက်စိဆေးရုံနှင့် မန္တလေးမျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းပိုင်း ဆေးရုံကြီးများတွင် အမျိုးသားမျက်စိဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယအဆင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ၈၃ ခုသော ဒုတိယအဆင့် မျက်စိကျန်းမာရေးဌာနများက ဆောင်ရွက်ပေးပါသည်။ ယင်းဌာနများသည် တိုင်းပြည်၏ မဟာဗျူဟာကျသော နေရာဒေသများတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ အဆိုပါ ဒုတိယအဆင့်မျက်စိကျန်းမာရေး စောင့်ရှောက်မှုဌာနများ သည် တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်နှင့် မြို့နယ်ဆေးရုံများတွင် တွဲလျက်ဖွင့်လှစ်ထားပါသည်။ ယင်းဌာနများတွင် မျက်စိအထူးကုဆရာဝန်ကြီးများ ခန့်ထားဆောင်ရွက်ပြီး လုပ်ငန်းများအနေဖြင့် မျက်စိထိခိုက်ဒဏ်ရာရရှိမှု (Ocular Emergency and Injury)၊ မျက်စိအမြင်ချို့ယွင်းမှု ရှိ/မရှိ စစ်ဆေးခြင်း၊ ရေတိမ်ကုသခြင်း၊ မျက်ခမ်းစပ်ရောဂါကုသခြင်း၊ အတွင်းတိမ်စစ်ဆေးကုသခြင်းလုပ်ငန်းများ ဖြစ်ကြပါသည်။ ဒုတိယအဆင့် မျက်စိကျန်းမာရေး စောင့်ရှောက်မှုဌာနအနေဖြင့် ဌာန ၂၀ သည် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်တွင် လည်းကောင်း၊ ၅၁ ခုသည် ကုသရေးဦးစီးဌာန၏ လက်အောက်တွင် လည်းကောင်း၊ ၁၂ ဌာနသည် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးဦးစီးဌာန လက်အောက်တွင်လည်းကောင်း ရှိနေပါသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်ကာလများသည် မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားမှုအလွန်ပင် များပြားလှသော ကာလများ ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*

# စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတစက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်များရှိ စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအား လုပ်ငန်းခွင်မပျက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အောက်တိုဘာ ၆ ရက်တွင် ထုတ်ပေးခဲ့သည်။ အဆိုပါ စီမံချက်နှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်က မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ဦးစောနိုင်


ဦးတင်စိန်


မသိရီဖြိုးပြည့်

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး)**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် ဒဂုံ(အရှေ့ပိုင်း) မြို့နယ်၊ သာကေတမြို့နယ်တွေက စက်မှုဇုန်မှာရှိတဲ့ စက်ရုံ အလုပ်သမားတွေကို လုပ်ငန်းခွင်မပျက် မှတ်ပုံတင်ကတ်ပြား ထုတ်ပေးတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်၊ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်တွေပါ။ အဲဒါကိုဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ အလုပ်သမားဝန်ကြီးတို့နဲ့ ညှိနှိုင်းပြီးတော့မှ စက်မှုဇုန်အားလုံးမှာ အလုပ်သမားတွေအနေနဲ့ လုပ်ငန်းခွင်မပျက် မှတ်ပုံတင် ကတ်ပြားရအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒီနေရာမှာလည်း အလုပ်သမား ၁၂၀၀ ကျော်ကို ကတ်ပြား ထုတ်ပေးနိုင်ပါတယ်။

အစိကက မှတ်ပုံတင်ကတ်ပြားလုပ်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ သက်ဆိုင်ရာမြို့နယ်ကို သွားပြီးတော့ အိမ်ထောင်စုစာရင်း ယူရပါတယ်။ ယူပြီးမှ သူလုပ်လိုတဲ့ မြို့နယ်မှာ လာပြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီမှာကတော့ သစ္စာစီမံချက်အတိုင်းပဲ လုပ်လိုတဲ့ ပြည်သူတွေအနေနဲ့ မြို့နယ်ရုံးသွားပြီး နေတဲ့မြို့ ဥပမာ- ပခုက္ကူဆိုရင် ပခုက္ကူကို သူ့အိမ်ထောင်စုစာရင်းရှိသလား၊ မှတ်ပုံတင်ထုတ်ပေးမှုရှိသလား စတဲ့အချက်ကို စုံစမ်းပြီး Viber ကနေတစ်ဆင့် ဒီကိုအထောက်အထား ပြန်ပို့တယ်၊ သတ်မှတ်တဲ့ အချက်အလက်နဲ့ ညီတယ်ဆိုရင် ဒီစက်မှုဇုန်မှာပဲ သူ့ကိုထုတ်ပေးလိုက်တာဖြစ်ပါတယ်။ ထုတ်ပေးတဲ့နေရာမှာလည်း စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့တွေက ဝိုင်းဝန်းကူညီပါတယ်။ အလုပ်သမားတွေလည်း တစ်ပတ်လောက် ပြန်ရတဲ့ခွင့်ကိစ္စတွေ၊ လမ်းခရီး ကုန်ကျစရိတ်တွေ လုပ်အားဆုံးရှုံးမှုတွေမဖြစ်တော့ဘူး။ စက်ရုံကလည်း သူ့လုပ်အားအပြည့်အဝရရှိနိုင်သလို လုပ်ငန်းခွင်မပျက် မှတ်ပုံတင်ပျောက်တာတွေ၊ အသစ်လုပ်တာတွေ ဆောင်ရွက်ပေးနိုင်တဲ့အတွက် အလုပ်သမားတွေရော၊ စက်မှုဇုန်တာဝန်ရှိသူတွေရော၊ ဌာနအတွက်ရော အကျိုးရှိတယ်လို့ ပြောချင်ပါတယ်။

ဒီကိစ္စတွေကို တခြားစက်မှုဇုန်တွေမှာလည်း စာရင်းကောက်တာတွေရှိပါတယ်။ လုပ်ငန်းစဉ်တွေကတော့ သက်ဆိုင်ရာ မြို့နယ်တွေကို မေးမြန်းတာတွေ၊ အချက်အလက်ဖြည့်သွင်းတာတွေ၊ သူတို့ကိုဓာတ်ပုံရိုက်တာတွေ၊ မှတ်ပုံတင်ကတ်ပြားမှာ ဖြည့်စွက်တာတွေ လုပ်ငန်းစဉ်က အဆင့်(၅)ဆင့် လောက်ရှိပါတယ်။ ဒီအဆင့်တွေကို တခြားစက်မှုဇုန်တွေမှာလည်း အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း ရှေ့အပတ်တွေမှာ အလားတူ စက်မှုဇုန်တွေမှာ အလုပ်သမားတွေကို လုပ်ငန်းခွင်မပျက် မှတ်ပုံတင်ကတ်ပြား ထုတ်ပေးတဲ့ကိစ္စတွေကို ဆက်လက်လုပ်ပေးမှာ ဖြစ်ပါတယ်။

ဌာနအနေနဲ့ နှစ်စဉ်နှစ်တိုင်း ကျောင်းဖွင့်ချိန်မှာ ကျောင်းသားတွေကို (၁၀)နှစ် မှတ်ပုံတင်ထုတ်ပေးတာရှိပါတယ်။ ဒီနှစ်မှာလည်း ကျောင်းသားခြောက်သိန်းကျော်လောက် ထုတ်ပေးနိုင်ခဲ့ပါတယ်။ မြို့နယ်တွေမှာလည်း သစ္စာစီမံချက်နဲ့ မှတ်ပုံတင်ကတ်ပြားထုတ်ပေးတာတွေ၊ အိမ်ထောင်စုစာရင်း ထုတ်ပေးတာတွေ ဆောင်ရွက်နေပါတယ်။ ဒါကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမှာပါ။ အထူးသဖြင့် မလိုအပ်ဘဲ သွားရတဲ့ကိစ္စတွေ၊ ထောက်ခံချက်တောင်းတဲ့ကိစ္စတွေကို လျှော့ချဖို့ ဖုန်းအသုံးပြုပြီး မှန်လည်းမှန်ကန်အောင်၊ မြန်လည်း မြန်ဆန်အောင် အချိန်၊ လူ၊ ငွေ သက်သာအောင် ဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ဒီလိုလုပ်ငန်းတွေအောင်မြင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေရဲ့ ကူညီမှုတွေ၊ ဌာနဆိုင်ရာအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်မှုတွေ၊ စက်မှုဇုန်တာဝန်ရှိသူတွေ၊ ဇုန်ကြီးကြပ်ရေးအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်မှုတွေအများကြီး လိုပါတယ်။

**ဦးစောနိုင်(ညွှန်ကြားရေးမှူး)**
**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူးရုံး**

တော်တော်များများက နေ့စဉ်အလုပ်ဖွင့်တဲ့ရက်မှာ အလုပ်သွားနေရတဲ့အတွက် သက်ဆိုင်ရာ မြို့နယ်ရုံးတွေမှာ ဆောင်ရွက်နေတာလည်း အားနည်းနေကြတာဖြစ်ပါတယ်။ စားဝတ်နေရေးနဲ့ လုံးပန်းနေတဲ့ အနေအထားမျိုးမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ပြည်ထောင်စုဝန်ကြီးတို့ရဲ့ လမ်းညွှန်ချက်အရ ဩဂုတ်လကုန်လောက်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သစ္စာစီမံချက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စုစုပေါင်းအလုပ်သမားတွေ သုံးသိန်းကျော်ရှိတဲ့နေရာမှာ ကိုင်ဆောင်မှုမရှိတဲ့သူ အများအပြားရှိနိုင်ကြောင်း တွက်ချက်ကြည့်တာ တစ်သောင်းလောက်ရှိနိုင်မယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ တကယ့် မြေပြင်မှာကောက်ရင် စာရင်းအရ ထပ်ပြီးတိုးရင်လည်း တိုးနိုင်ပါတယ်။ စီမံချက်ကာလကို နှစ်လသတ်မှတ်ထားပေမယ့်လည်း ဒီကာလအတွင်း နှစ်သောင်း၊ သုံးသောင်း၊ ငါးသောင်းဆောင်ရွက်နိုင်မယ်လို့ မျှော်မှန်းပြီးလုပ်ဆောင်နေတာ ဖြစ်ပါတယ်။

အခက်အခဲကတော့ ITများများမသုံးနိုင်သေးတဲ့ အားနည်းချက်ပါပဲ။ IT နည်းစနစ်တွေသုံးနိုင်မယ်ဆိုရင်တော့ မေးမြန်းတာတွေ၊ အကြောင်းပြန်ကြားတာတွေစသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆိုတာ သက်ဆိုင်ရာကာယကံရှင်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ မိဘဘိုးဘွားအထောက်အထားများနဲ့ ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အဲဒီမှာ မှားယွင်းလို့မရပါဘူး၊ အကြောင်းပြန်ချက်တွေလည်း မြန်ဆန်နေရမယ်၊ ချောမွေ့နေရမယ်။ အဲဒီအပေါ်မှာ အခြေပြုပြီးမှ အထောက်အထားအချက်အလက်ခိုင်မာတယ်၊ မှန်ကန်တယ်၊ ပြည့်စုံတယ်ဆိုရင် သက်ဆိုင်ရာ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးတာဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းပြန်ကြားချက်တွေက အချိန်တစ်ခုတော့ပေးရမှာဖြစ်ပါတယ်။ မြန်လား၊ မမြန်လားက ကျွန်တော်တို့ဆောင်ရွက်ချက်အနေအထားနဲ့ ခရီးအကွာအဝေးအပေါ် မူတည်မှာဖြစ်ပါတယ်။ တချို့က ချောလမ်းကြောင်းက သွားတယ်၊ တချို့က အွန်လိုင်းကသွားတယ်စသဖြင့် ဒီလိုမျိုးတွေသုံးစွဲပြီး လုပ်ကိုင်နေပါတယ်။

စက်မှုဇုန်တွေ၊ အလုပ်သမားတွေကို စာရင်းလည်း ကောက်၊ သက်ဆိုင်ရာ နိုင်ငံသားစိစစ်ရေးကတ်ပေးနိုင်ဖို့ အမှုတွဲဖိုင်ကိုလည်းလုပ်၊ တစ်ပြိုင်တည်းသွားနေရတာ ဖြစ်ပါတယ်။ ဒီနေ့ထုတ်ပေးတဲ့ ၁၂၀၀ အရေအတွက်ကိုလည်း ဆောင်ရွက်ခဲ့တာက နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ ရရှိအောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံတွေနဲ့ အပြန်အလှန်နားလည်မှုယူပြီး ဆောင်ရွက်ခဲ့ရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ကူညီဆောင်ရွက်ပေးမှုနဲ့ ပိုပြီးမြန်မယ့် အချိန်တစ်ခုပေးရတာ ဖြစ်ပါတယ်။

အဓိကအားဖြင့် နိုင်ငံသားစိစစ်ရေးကတ်က လိုအပ်မှလုပ်ရတာ မဟုတ်ပါဘူး။ မွေးကတည်းက သေဆုံးတဲ့အထိ နိုင်ငံသားစိစစ်ရေးကတ်က အရေးပါနေပါတယ်။ နိုင်ငံသားအခွင့်အရေးအပြည့်အဝရှိမှသာ နေ့တိုင်းလုပ်ကိုင်ဆောင်ရွက်သမျှ အားလုံးက နိုင်ငံသားစိစစ်ရေးကတ်က အကျိုးသက်ရောက်မှု ရှိနေမှာပါ။ ပြောချင်တာကတော့ မျိုးဆက်များမွေးဖွားပြီဆိုရင် မွေးစာရင်းလုပ်ဖို့ လိုအပ်ပါတယ်။ ၁၀ နှစ်ပြည့် ကတ်ပြားရှိနေရင်လည်း သက်ဆိုင်ရာလဝကရုံးမှာ သွားပြီးလျှောက်ထားမှုကို အလေးထားဆောင်ရွက်စေချင်ပါတယ်။ ကွင်းဆင်းရာမှာလည်း ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်။ သက်ဆိုင်ရာဌာနက ဝန်ထမ်းတွေ အချိန်တစ်ခုပေးပြီး ကွင်းဆင်းတဲ့အခါမှာလည်း ပူးပေါင်းဆောင်ရွက်ပေးပါ။ မိမိနိုင်ငံသားဖြစ်မှုကို သက်ဆိုင်ရာ ကိုင်ဆောင်သင့်တဲ့ ကတ်ပြားတစ်ခုခုကိုရရှိအောင် ကြိုးစားပေးပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဦးတင်စိန် (ဥက္ကဋ္ဌ)**
**သာကေတစက်မှုဇုန်ကြီးကြပ်ကော်မတီ**

စက်မှုဇုန်စီမံခန့်ခွဲရေးအပိုင်းအနေနဲ့ လဝကနဲ့ ညှိနှိုင်းပြီး မြန်မြန်ဆန်ဆန်နဲ့ မှတ်ပုံတင်ရရှိအောင် စနစ်တကျဖြစ်ဖို့အတွက် ဝိုင်းဝန်းကူညီရတာပါ။ သာကေတ စက်မှုဇုန်တစ်ခုတည်းမှာပဲ မှတ်ပုံတင်မရသေးသူ ၆၀၀ လောက်ရှိပါတယ်။ တခြားဇုန်တွေလည်း ဒီမှာလာပြီးတော့ ပူးတွဲလာယူကြတယ်လို့ သိရပါတယ်။ မှတ်ပုံတင် လုံးဝမရှိတဲ့သူဆိုရင် ထောင်ဂဏန်းလောက်ရှိမယ်ထင်တယ်။ မှတ်ပုံတင်စုတ်ပြဲသွားတာတို့၊ ဓာတ်ပုံပျက်စီးတာတို့ အဲဒါတွေက ရာဂဏန်းလောက်ရှိပါတယ်။ ဒီနေ့ ပြန်ပေးအပ်မှာပါ။ ကျွန်တော်ဆောင်ရွက်တာခန့်မှန်းခြေ ၁၀ ရက်လောက်ရှိပါတယ်။ စက်မှုဇုန်တွေ ဒီလိုလုပ်ပေးတာ ပထမဆုံးအကြိမ်ပါ။ အင်မတန်ကောင်းမြတ်တဲ့ လုပ်ငန်းစဉ်ပါ။ အလုပ်သမားတွေမှာ မှတ်ပုံတင်မရှိရင် လူမှုဖူလုံရေးကတ်ပြားထုတ်ပေးလို့ မရပါဘူး။ လူမှု ခံစားခွင့်၊ လူမှုဖူလုံရေးပေးသွင်းပြီး ခံစားခွင့်မရတဲ့အနေအထားမှာ မှတ်ပုံတင်ရတော့ အကုန်အဆင်ပြေတာပေါ့။ နောက်တစ်ခု အလုပ်ရှင်တွေအနေနဲ့ အလုပ်ခန့်တဲ့ နေရာမှာလည်း မှတ်ပုံတင်မရှိတဲ့လူတစ်ဦးကို အလုပ်ခန့်ဖို့ခက်တယ်။ နိုင်ငံသားမှန်းတော့ သိပါရဲ့ ဒါကြောင့် ဒီလိုမျိုးလုပ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်က မှတ်ပုံတင်လုပ်ရင် ခွင့်ယူရတယ်။ ခွင့်ယူပြီး မိမိသက်ဆိုင်ရာ နယ်ကိုပြန်ရတာ၊ ကုန်ကျစရိတ် အမျိုးမျိုးရှိတယ်။ အခုမြန်မြန်ဆန်ဆန် လုပ်ငန်းခွင်ထဲမှာ အလုပ်မပျက်ဘဲ ထုတ်လုပ်မှုမှာလည်း မကျဆင်းဘူး၊ အားလုံး အဆင်ပြေပါတယ်။

**မသိရီဖြိုးပြည့်(သာကေတစက်မှုဇုန်)**

ကျွန်မ မူရင်းနေထိုင်ရာဒေသက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ကပါ။ စက်ရုံ၊ အလုပ်ရုံတွေကိုလုပ်ငန်းခွင်မပျက် မှတ်ပုံတင်လာရောက်လုပ်ပေးတဲ့အတွက် တော်တော်အဆင်ပြေပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရပ်ကို ပြန်သွားလုပ်ရမှာ မလွယ်ဘူး။ ၂ ရက်၊ ၃ ရက် ခွင့်ယူရမှာ။ အခုက လုပ်ငန်းခွင်မပျက် လာရောက်လုပ်ပေးတဲ့အတွက် ကိုယ့်လုပ်ငန်းမပျက် ငွေကြေးလည်း မကုန်ဘူး။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ အားလုံးကလည်း ဝိုင်းဝန်းကူညီပေးပါတယ်။ အားလုံးအဆင်ပြေပါတယ်။ မရှိသေးတဲ့သူတွေကိုလည်း လုပ်ဖို့ တိုက်တွန်းပါတယ်။ မှတ်ပုံတင်နဲ့ပတ်သက်လို့က အရင်က မရှိတဲ့အတွက် မှတ်ပုံတင်ပြုလုပ်ဆဲနဲ့ အလုပ်လုပ်နေရပါတယ်။ အခု မှတ်ပုံတင်ရလာပြီဆိုတော့ ဘယ်နေရာသွားသွား အဆင်ပြေပါတယ်။နိုင်ငံသားတစ်ဦးအနေနဲ့ မှတ်ပုံတင်ရှိသင့်တယ်လို့ ထင်ပါတယ်။ မှတ်ပုံတင်ရလို့ ဝမ်းသာပါတယ်။

**တွေ့ဆုံမေးမြန်း - ဥမ္မာသန့်**
**ဓာတ်ပုံ - ရဲထွဋ်**

# ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆိုင်ကယ်ဦးထုပ် ပေးအပ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့ AIP Foundation နှင့် UPS Foundation တို့မှ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်များရှိ အခြေခံပညာကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဆိုင်ကယ်ဦးထုပ်အလုံး ၃၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က အောင်မြေသာစံမြို့နယ် ညောင်ခွဲရပ်ရှိ အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း က မန္တလေးတိုင်းဒေသကြီးသည် ဆိုင်ကယ်စီးနင်းသူများပြားသည့်အလျောက် ဘေးအန္တရာယ်မဖြစ်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ AIP Foundation ၏ လှူဒါန်းမှုသည် တိုင်းဒေသကြီး၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာ ရောက်သကဲ့သို့ အမှန်တကယ် အသုံးပြုစီးနင်းကြစေလိုကြောင်း၊ အနာဂတ်အတွက် အရည်အသွေးရှိသည့် ရင်သွေးငယ်များ အရွယ်မတိုင်ခင် ကိုယ်လက်အင်္ဂါထိခိုက်ခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါက မိဘများ သာမကနိုင်ငံတော်အတွက်လည်း ထိခိုက်နစ်နာမှုများရှိကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာဆရာမများ၊ မိဘများနှင့်ကျောင်းသား ကျောင်းသူများအနေဖြင့် ဆိုင်ကယ်စီးနင်းရာတွင်စည်းကမ်းစနစ်တကျဖြင့် စီးနင်းကြစေလိုကြောင်း ပြောကြားခဲ့သည်။

AIP Foundation ဥက္ကဋ္ဌ Mr. Greig Craft က ယခုရွေးချယ်လိုက်သော ကျောင်းလေးကျောင်းသည် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောင်းများအနက် စံပြကိုယ်စားလှယ်အဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆိုင်ကယ် စီးနင်းသူအများစုသည် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြသော်လည်း ကလေးသူငယ်များ အပါအဝင် လိုက်ပါစီးနင်းသူများ၏ ၇ ရာခိုင်နှုန်း ထက်နည်းသော ပမာဏကသာလျှင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရကြောင်း၊ UPS Foundation ၏ ကူညီထောက်ပံ့မှု၊ အသိပညာပေး မြှင့်တင်လုပ်ဆောင်မှုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေး တိုးမြှင့်လုပ်ဆောင်မှုတို့ ပေါင်းစပ်၍ လိုအပ်မှုအများဆုံး ကလေးသူငယ်များကို အဆင့်မြင့်ဆိုင်ကယ်စီးဦးထုပ်များ တိုက်ရိုက်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ဆိုင်ကယ်စီးဦးထုပ်များ မှန်ကန်စွာအသုံးပြုခြင်းကို လက်တွေ့သရုပ်ပြခြင်းနှင့် One Helmet. One Life ကို သရုပ်ပြတင်ဆက်ကြကြောင်း သိရသည်။ **အေပီကေ(မန်းကိုယ်ပွား)**





# ၂၀၁၇ ခုနှစ်က စင်ကာပူဟာ မြန်မာနိုင်ငံရဲ့ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး မကြာသေးမီက ထုတ်ပြန်တဲ့ စာရင်းဇယားအရ ၂၀၁၈ ခုနှစ်မှာ ယနေ့အထိ စင်ကာပူဟာ အာဆီယံအတွင်း မြန်မာနိုင်ငံရဲ့ ဒုတိယ အကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်တယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

**စင်ကာပူ သံအမတ်ကြီး Ms. Vanessa Chan**

## စင်ကာပူသံအမတ်ကြီး Ms. Vanessa Chan နှင့် တွေ့ဆုံမေးမြန်းခြင်း

**မေး။ ။သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စင်ကာပူသံရုံးမှာ ၂၀၀၇ ကနေ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တယ်လို့သိရပါတယ်။ တာဝန်ထမ်းဆောင်ခဲ့တဲ့ အချိန်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်တဲ့ အပြောင်းအလဲနဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်။ နောက်ပြီး လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေအပေါ် ဘယ်လိုမြင်သလဲဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ကျွန်မတာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာတော့ ထူးထူးခြားခြားအဖြစ်အပျက်တွေ၊ အမှတ်တရဖြစ်စရာတွေ အများကြီးပါပဲ။ ၂၀၀၇ ခုနှစ် အောက်တိုဘာလက ရွှေဝါရောင်အရေးအခင်းလို့ လူသိများတဲ့ အချိန်မှာ ကျွန်မမြန်မာနိုင်ငံကို ရောက်ရှိလာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မေလက ရေဝတီမြစ်ဝကျွန်းပေါ်မှာ နာဂစ်မုန်တိုင်း ဝင်ရောက်မွှေနှောက်ခဲ့တဲ့အချိန်၊ ၂၀၀၉ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲ အင်လျားကန်ကနေ ဖြတ်ကူးလာပြီး မစ္စတာ ဂျွန်ယက်တော ရောက်ရှိလာတဲ့အချိန်မှာ ကျွန်မ မြန်မာပြည်မှာ ရှိနေပါတယ်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာတဲ့ နိုင်ငံတကာအဖွဲ့ထဲမှာလည်း ကျွန်မပါဝင်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကနေ ၂၀၁၁ ခုနှစ် မတ်လမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အာဏာမလွှဲပြောင်းမီ အချိန်လေးမှာပဲ ကံမကောင်းစွာနဲ့ ကျွန်မ မြန်မာပြည်ကနေ ပြန်သွားခဲ့ရပါတယ်။

ဆာဆီကျိုမှာ ကျွန်မသုတေသနအတွက် တစ်နှစ်ဆောင်ရွက်ပြီးတော့ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ပြန်လည်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မရဲ့ သုတေသနကြောင့် မြန်မာနိုင်ငံကို ပုံမှန်လာရောက် လည်ပတ်ခဲ့ရပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေတဲ့ အပြောင်းအလဲများကို လေ့လာခွင့်ရခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ သံအမတ်ကြီးအဖြစ် လက်ရှိတာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ရတဲ့ အချိန်ကျတော့မှပဲ ၂၀၁၁ ခုနှစ်က စတင်လာခဲ့တဲ့ ကြီးမားသော အပြောင်းအလဲများကို တွေ့ကြုံခွင့်ရပါတော့တယ်။

ဥပမာတစ်ခုကို ပြောရရင် ၂၀၁၁ ခုနှစ်ကထက်စာရင် လမ်းပေါ်မှာ ကားတွေ မြောက်မြားစွာ တွေ့နေရပါတယ်။ အရင်က ဆင်းကတ်တစ်ခုကို ဒေါ်လာ ၃၀၀ ကနေ ၄၀၀ အထိ ပေးရသော်လည်း လက်ရှိအခြေအနေမှာတော့ မြန်မာကျပ်ငွေ ၁၅၀၀ ပဲ ကုန်ကျပါတယ်။ အရင်ကထက်စာရင် နိုင်ငံခြားသံတမန်များသာမက ကမ္ဘာလှည့်များပါ ရန်ကုန်မြို့အပြင် အခြားသော နေရာတော်တော်များများကို သွားရောက်ခွင့်ရရှိနေကြပါပြီ။

အရင်ကဆိုရင် ပြည်သူတွေက သူတို့ရဲ့အမြင်တွေကို လူသိရှင်ကြားဖွင့်ဟဖို့ ကြောက်လန့်နေရသော်လည်း အခုအခါမှာတော့ ဖေ့စ်ဘွတ်၊ တွစ်တာ အစရှိတဲ့ ဆိုရှယ်မီဒီယာပလက်ဖောင်းကနေ မိမိတို့ရဲ့အတွေးအခေါ်တွေကို လွတ်လပ်စွာ ဖွင့်ဟနိုင်ခဲ့ကြပါတယ်။ ဒါတင်မက လူသုံးကုန်၊ လျှပ်စစ်မီး၊ ရေ အစရှိတဲ့ အသုံးအဆောင် ဝန်ဆောင်မှုလုပ်ငန်းတွေလည်း အများကြီးတိုးတက်လာပါတယ်။ လျှပ်စစ်မီးတွေ ပိုပြီးတော့ ရလာကြသလို စူပါမားကတ်တွေမှာလည်း နိုင်ငံခြားထုတ်ကုန်ပစ္စည်းတွေနဲ့ ပြည့်လို့နေတာကို တွေ့ရပါတယ်။ ရန်ကုန်မြို့မှာဆိုရင် စားသောက်ကုန်နှင့် အဖျော်ယမကာဆိုင်တွေ များပြားလာသလို နိုင်ငံတကာအစားအစာတွေလည်း နှစ်သက်ရာ ရွေးချယ်စားသုံးနိုင်သည်အထိ များပြားလာပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ကျွန်မ နေခဲ့တဲ့ ၂၀၀၇ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်ကြားကာလနဲ့ နှိုင်းယှဉ်ရင်တော့ အလွန်အလွန်ပဲ ကွာခြားနေပါပြီ။

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အကြီးမားဆုံးစိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်နိုင်ပါသလဲ။ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ အကြံပြုပေးပါဦး။**

ဖြေ။ ။ဘယ်လူ့အဖွဲ့အစည်းမဆို အသွင်ကူးပြောင်းရေးဆိုတာ လွယ်ကူမှုမရှိပါဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လက စင်ကာပူမှာ ပြောကြားခဲ့သလို လက်ရှိအသွင်ကူးပြောင်းရေးရဲ့ အရှုပ်အထွေးဟာ ရုပ်လုံးသဏ္ဌာန် မပီပြင်တဲ့ သဘောသဘာဝ၊ အသွင်ကူးပြောင်းရေးဟာ ဘယ်လိုဘယ်ပုံ ဖြစ်သင့်တယ်ဆိုတဲ့ ပြည်သူတွေရဲ့မတူညီတဲ့အမြင်တွေ၊ ကြီးမားတဲ့ မျှော်လင့်ချက်တွေနဲ့ ပြင်းပြတဲ့ဆန္ဒတွေကြောင့် ဖြစ်ပါတယ်။ ထိုများပြားတဲ့ သဘောထားခံစားချက်တွေကို ဆိုရှယ်မီဒီယာကနေ ချဲ့ကားပုံဖော်တာကို တွေ့ရပါတယ်။

ဒီမိုကရေစီမှာ ပြည်သူတွေရဲ့ အမြင်သဘောထားဟာ အရေးကြီးပါတယ်။ ဒီမိုကရေစီဟာ အုပ်ချုပ်မှုပုံစံတစ်ခုအဖြစ်နဲ့ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်လျက်ရှိပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအနေနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ပါတီထောက်ခံသူတွေရဲ့ အသံတစ်ခုတည်းကိုသာ အလေးထားခြင်းမဟုတ်ဘဲ အကြံဉာဏ်၊ ထင်မြင်ချက်၊ သဘောထား အများအပြားကို ထည့်သွင်းစဉ်းစားနေတာကို တွေ့ရပါတယ်။

နိုင်ငံရေးရှုထောင့်ကကြည့်ရင် အဲဒါတွေဟာ အနာဂတ်ဖြစ်နိုင်ခြေတစ်ရပ်အတွက် အစိုးရရဲ့လုပ်ဆောင်နိုင်စွမ်းကို အကန့်အသတ်နဲ့ ရှိစေနိုင်ပါတယ်။ ဒါ့အပြင် ပုံသေရွေးကောက်ပွဲစက်ဝန်းကနေ ရလဒ်ကောင်းရဖို့အတွက် အစိုးရအပေါ် ဖိအားရှိစေပြန်တယ်။ ဒီရှုထောင့်ကကြည့်ရင် မြန်မာအစိုးရ ရင်ဆိုင်နေရတဲ့ ပြည်တွင်းနိုင်ငံရေးဖိအားဟာ အခြားနိုင်ငံတွေ ရင်ဆိုင်နေရတဲ့ ဖိအားတွေနဲ့ သိပ်ပြီးတော့ ကွာခြားမှုမရှိပါဘူး။ ၂၀၁၁ ခုနှစ်က စတင်ခဲ့တဲ့ အသွင်ကူးပြောင်းရေးကစပြီး ခုနစ်နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံ ပြောင်းလဲတိုးတက်မှု အများကြီးရှိခဲ့ပါတယ်။ သို့သော်လည်း များပြားသော စိန်ခေါ်မှုတွေဟာ သမိုင်းနဲ့ချီပြီး အမြစ်တွယ်ခဲ့ပါတယ်။ အထူးသဖြင့် ယုံကြည်မှုတည်ဆောက်ရေးမှာ တိုးတက်မှုနှေးကွေးနေဆဲ ဖြစ်ပါတယ်။

ဥပမာတစ်ခုအနေနဲ့ပြောရရင် ရခိုင်ပြည်နယ်က အခြေအနေပဲဖြစ်ပါတယ်။ ဒုက္ခရောက်နေတဲ့ လူ့အဖွဲ့အစည်းတွေကို လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးအပ်ဖို့နဲ့ နေရပ်စွန့်ခွာသူတွေကို လုံခြုံဘေးကင်းပြီး ၎င်းတို့ဆန္ဒအရသိက္ခာရှိစွာ ပြန်လည်ရောက်ရှိလာရေးဟာ စင်ကာပူနိုင်ငံရဲ့ အဓိကကျတဲ့ ရပ်တည်ချက်ဖြစ်ပါတယ်။ သို့သော်လည်း ပဋိပက္ခရဲ့ အဓိကအကြောင်းရင်းကို ကိုင်တွယ်ဖြေရှင်းခြင်းနဲ့ ဒုက္ခရောက်နေတဲ့ လူ့အဖွဲ့အစည်းရဲ့ ဘဝတွေကို ပြန်လည်တည်ဆောက်ပေးဖို့ အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးခြင်းဆိုတဲ့ လုပ်ငန်းဟာ နေ့ချင်းညချင်း ဖော်ဆောင်လို့ မရနိုင်ပါဘူး။

ဒီနေရာမှာ မြန်မာအစိုးရအနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်တွေကို အကောင်အထည်ဖော်နေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ လူ့အဖွဲ့အစည်းများအတွက် အဖြေရှာဖို့ ကျေးရွာတွေမှာရှိတဲ့ လူ့အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံနိုင်အောင် မကြာသေးမီက UNHCR နဲ့ UNDP တို့ ရခိုင်ပြည်နယ်ကို သွားရောက်နိုင်ခဲ့တာနဲ့ပတ်သက်ပြီး ကျွန်မတို့အနေနဲ့ ဝမ်းသာမိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ နှစ်ဖက်အကျိုးရှိစေတဲ့ ရလဒ်တစ်ခုဟာ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စေ့ဆော်အားပေးမှုတစ်ရပ် ဖြစ်ပါလိမ့်မယ်။

ကျွန်မတို့တစ်တွေဟာ မသေချာမရေရာတဲ့ ကာလတစ်ခုထဲ ဝင်ရောက်လျက်ရှိနေပါပြီ။ နိုင်ငံရဲ့အပြင်ဘက်မှာ ဖြစ်ပွားနေတဲ့ ဖြစ်စဉ်တွေကနေ ဘယ်နိုင်ငံကမှ မိမိကိုယ်မိမိ မကာကွယ်နိုင်ပါဘူး။ ကမ္ဘာလုံးရဲ့စီးပွားရေးလောကထဲ မကြာသေးမီကမှ ပြန်လည်ဝင်ရောက်လာတဲ့ မြန်မာနိုင်ငံအနေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုအတိုင်းအတာကို ကျွန်မခန့်မှန်းနိုင်ပါတယ်။ မြန်မာအစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုကို ဆက်ပြီးလုပ်ဆောင်ခဲ့တဲ့သတ္တိနဲ့ ပြုပြင်ပြောင်းလဲမှုအတွက် မြန်မာပြည်သူတွေရဲ့ စိတ်ရှည်သည်းခံကြံ့ကြံ့ခံနိုင်မှုတွေကို ကျွန်မ ချီးမွမ်းထောမနာပြုပါတယ်။

မြန်မာနိုင်ငံဟာ မိတ်ဆွေတွေ လျော့မသွားပါဘူး။ မိတ်ဆွေတွေထဲမှာ သဘောထားကွဲလွဲမှုတွေဟာ ဖြစ်မြဲဓမ္မတာပါပဲ။ ပိုပြီးအရေးကြီးလာကာ မြန်မာနိုင်ငံရဲ့ မိတ်ဆွေအားလုံးဟာ မြန်မာနိုင်ငံရဲ့အောင်မြင်မှုကို တွေ့ချင် မြင်ချင်ကြပါတယ်။

အသက်မွေးဝမ်းကျောင်း အတတ်ပညာစတဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စင်ကာပူနိုင်ငံက ဆက်လက်ပံ့ပိုးကူညီမှာ ဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်များက စင်ကာပူနိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့ လူမျိုးရေးအဓိကရုဏ်း နှစ်ကြိမ်ကနေ ကျွန်မတို့ ရရှိခဲ့တဲ့ သင်ခန်းစာကတော့ ကမ္ဘာဦးကနေ ယနေ့အထိ ဖြစ်ပေါ်နေတဲ့ သဘောထားကွဲလွဲမှုတွေဟာ အဖွဲ့အစည်းအားလုံးအကြား တူညီတဲ့အခွင့်အလမ်းတွေ ဖော်ဆောင်ပေးခြင်း၊ စုပေါင်းလုပ်အားရဲ့ အကျိုးအမြတ်တွေကို မျှဝေပေးလိုက်ခြင်းဖြင့် ယင်းသဘောထား ကွဲလွဲမှုတွေကို လျော့ကျစေနိုင်တယ်ဆိုတဲ့ သင်ခန်းစာပါပဲ။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝကို မြှင့်တင်ဖို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ တိုက်တွန်းမှာကြားချက်အတိုင်း ကျွန်မကလည်း တိုက်တွန်းချင်ပါတယ်။

**မေး။ ။စင်ကာပူနဲ့မြန်မာနိုင်ငံအကြား လက်ရှိကုန်သွယ်မှုအခြေအနေတွေ သိပါရစေ။ ကုန်သွယ်မှုတိုးတက်ဖို့အတွက် သံအမတ်ကြီးရဲ့အကြံပြုချက် သိပါရစေ။**

ဖြေ။ ။စင်ကာပူနဲ့ မြန်မာနိုင်ငံအကြား ကုန်သွယ်ရေးကတော့ အမြဲတမ်းကောင်းနေလျက်ပါ။ စင်ကာပူ- မြန်မာဝန်ကြီးများအဆင့် ပူးတွဲလုပ်ငန်းကော်မတီ (JMWC) အဖွဲ့အစည်းသည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပါတယ်။ အဲဒီကော်မတီကနေ ကုန်သွယ်ရေးကဏ္ဍနဲ့ ကုန်သွယ်ရေးနဲ့ ဆက်နွှယ်တဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ လုပ်ဆောင်ကြပါတယ်။ ၂၀၁၇ ခုနှစ်က စင်ကာပူဟာ မြန်မာရဲ့ တတိယအကြီးမားဆုံး ကုန်သွယ်မှုမိတ်ဖက်ဖြစ်ခဲ့ပြီး မကြာသေးမီက ထုတ်ပြန်တဲ့ စာရင်းဇယားအရ ၂၀၁၈ ခုနှစ်မှာ ယနေ့အထိ စင်ကာပူဟာ အာဆီယံအတွင်း မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်တယ်လို့သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

နှစ်နိုင်ငံနိုင်ငံခြားကုန်သွယ်မှု အခြေအနေကတော့ ပိုပြီးတိုးတက်မှုရှိမယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်နဲ့ အသားငါးတွေကို စင်ကာပူက တင်ပို့မယ့် အခြေအနေတစ်ရပ်ကို ကြိုတင်မြင်ရပါတယ်။ မြန်မာနိုင်ငံရဲ့စိန်တစ်လုံး သရက်သီးတွေကလည်း စင်ကာပူနိုင်ငံသားတွေ ကြိုက်နှစ်သက်ကြပါတယ်။ မြန်မာနိုင်ငံက စိုက်ပျိုးတဲ့ အထူးထုတ်ကုန် ကော်ဖီတွေကို စင်ကာပူကနေ ဝယ်ယူတယ်လို့ သိရပါတယ်။ မြန်မာပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဆင့်မြင့်လာဖို့အတွက် အော်ဂဲနစ်စိုက်ပျိုးရေးတွေကို မြန်မာနိုင်ငံအတွင်း ကျင့်သုံးလာစေရေးအတွက် မြန်မာလယ်သမားတွေနဲ့အတူ လက်တွဲလုပ်ကိုင်နေတဲ့ NGO တွေ အများအပြား ကျွန်မတွေ့ဆုံခဲ့ပါတယ်။

မြန်မာလယ်သမားတွေ အထွက်နှုန်းကောင်းမွန်စွာရပြီး ဝင်ငွေပိုမိုရရှိနိုင်တဲ့ မျိုးစပ်စပါးတွေ နေပြည်တော်မှာစိုက်ပျိုးဖို့ စင်ကာပူကုမ္ပဏီတစ်ခုဖြစ်တဲ့ Golden Sunland ကုမ္ပဏီက ရှေ့ပြေးစီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်နေတယ်လို့ သိရပါတယ်။

**မေး။ ။စင်ကာပူဟာ မြန်မာနိုင်ငံမှာ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံထဲက တစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စင်ကာပူရဲ့တိုက်ရိုက်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။ စင်ကာပူနိုင်ငံက တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုပြီးရရှိအောင် ဘာတွေလုပ်ဆောင်ရမလဲဆိုတာ သံအမတ်ကြီးရဲ့ အကြံပြုချက်ကို သိပါရစေ။**

ဖြေ။ ။စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံ ရေရှည် ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း စင်ကာပူဟာ မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံဖြစ်ပါတယ်။ သို့သော်လည်း ဒီရင်းနှီးမြှုပ်နှံမှု အများစုဟာ စင်ကာပူမှာအခြေစိုက်တဲ့ ပြည်ပကုမ္ပဏီတွေ ဖြစ်တယ်ဆိုတာ ပြောပြချင်ပါတယ်။

မိတ်ဆွေတို့ သိကြတဲ့အတိုင်းပဲ စင်ကာပူနိုင်ငံဟာ ကမ္ဘာက အားကိုးအားထားပြုနိုင်အောင် ကြိုးပမ်းနေတဲ့ နိုင်ငံငယ်လေးတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီလိုကြိုးစားခဲ့လို့ စင်ကာပူဟာ ဒေသတွင်းငွေကြေးအရ အချက်အချာကျတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အောင်မြင်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် စင်ကာပူနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံချင်တဲ့ ပြည်ပကုမ္ပဏီအတွက် အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးနိုင်ခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးအတွက် မြန်မာနိုင်ငံနဲ့ ချုပ်ဆိုထားတဲ့အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု စာချုပ်ကို အပြီးသတ်ဖို့ လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာအစိုးရက ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ကုမ္ပဏီများ အက်ဥပဒေအပါအဝင် ဥပဒေ အသစ်အချို့ကို ချမှတ်လိုက်တဲ့အတွက် စင်ကာပူနိုင်ငံကကုမ္ပဏီတွေ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ပိုပြီးစိတ်ဝင်စားမှု ရှိလာစေပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ စင်ကာပူအသင်းကလည်း နှစ်စဉ်ကျင်းပတဲ့ အလှူဒါနနဲ့ ရန်ပုံငွေရှာဖွေရေး ဂေါက်ရိုက်ပွဲ၊ ညစာစားပွဲနဲ့အတူ လာမယ့်နိုဝင်ဘာလမှာ စီးပွားရေးဖိုရမ်တစ်ခုကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီစီးပွားရေးဖိုရမ်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကို ဖိတ်ကြားပြီး အဖွင့်စကားပြောကြားစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စင်ကာပူနိုင်ငံနည်းတူ လှိုင်းလေထန်တဲ့ နိုင်ငံတကာ စီးပွားရေးအခြေအနေအပေါ်မှာ လျှောက်လှမ်းနေရပါတယ်။ စင်ကာပူနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး နည်းပညာအကူအညီတွေကို ဆက်ပြီး ပေးအပ်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာမိတ်ဆွေတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်ကြရမှာဖြစ်တဲ့အတွက် ကျွန်မတို့ကလည်း ကျေနပ်ဝမ်းမြောက်မိပါတယ်။

*စာမျက်နှာ ၉ သို့*

**“မြန်မာအစိုးရ ရင်ဆိုင်နေရတဲ့ ပြည်တွင်းနိုင်ငံရေးဖိအားဟာ အခြားနိုင်ငံတွေ ရင်ဆိုင်နေရတဲ့ ဖိအားတွေနဲ့ သိပ်ပြီးတော့ ကွာခြားမှုမရှိပါဘူး။ ၂၀၁၁ ခုနှစ်က စတင်ခဲ့တဲ့ အသွင်ကူးပြောင်းရေးကစပြီး ခုနစ်နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံ ပြောင်းလဲတိုးတက်မှု အများကြီးရှိခဲ့ပါတယ်။ သို့သော်လည်း များပြားသော စိန်ခေါ်မှုတွေဟာ သမိုင်းနဲ့ချီပြီး အမြစ်တွယ်ခဲ့ပါတယ်။ အထူးသဖြင့် ယုံကြည်မှုတည်ဆောက်ရေးမှာ တိုးတက်မှုနှေးကွေးနေဆဲ ဖြစ်ပါတယ်”**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရသေ့တောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ရသေ့တောင် အောက်တိုဘာ ၇



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်မှ ခနောင်းကြီးကျေးရွာသို့ သွားရောက်ကာ ခနောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဒေသခံ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးစေလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး၊ မွေးမြူရေးစသည့် ကဏ္ဍများဖွံ့ဖြိုးရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံကျေးလက်ပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာသစ်ကေကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ ထီးစွဲကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ထီးစွဲကျေးရွာ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ်သိန်း ၃၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

**မေး။ ။စင်ကာပူသံအမတ်ကြီးဟောင်း မစ္စတာ ရောဘတ်ချွာနှင့် ပြုလုပ်ခဲ့တဲ့ အရင် အင်တာဗျူးမှာ မြန်မာနိုင်ငံမှာ စင်ကာပူလူ့အဖွဲ့အစည်းကြီးထွားလာတယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံမှာလည်း မြန်မာနိုင်ငံသား နှစ်သိန်းနီးပါး နေထိုင်အလုပ်လုပ်နေတယ်လို့ သိရပါတယ်။ မြန်မာအလုပ်သမားတွေ ထပ်မံခေါ်ယူဖို့ အစီအစဉ်ရှိပါသလား သိပါရစေ။**

ဖြေ။ ။စင်ကာပူနိုင်ငံမှာ မြန်မာနိုင်ငံသား တစ်သိန်းကနေ နှစ်သိန်းအထိရှိတယ်လို့ ကြားသိရပါတယ်။ တချို့ကတော့ ပညာသင်ကြားနေပြီး တချို့ကတော့ အလုပ်လုပ်နေကြပါတယ်။ ပညာသင်ကြားသူတွေအထဲမှာ အလယ်အလတ် ပညာရှင်ကနေ အဆင့်မြင့်ပညာရှင်တွေအထိ ရှိနေပါတယ်။ သူတို့တွေဟာ စင်ကာပူနိုင်ငံမှာ ရှိနေစဉ် စင်ကာပူနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါတယ်။

မြန်မာနိုင်ငံသားတွေ စင်ကာပူမှာ လာရောက်အလုပ်လုပ်ဖို့ စင်ကာပူအနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ စင်ကာပူနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေဟာ ထက်မြက်တယ်။ ဇွဲလုံ့လရှိတယ်။ ပြီးတော့ သင်ယူလိုစိတ်ရှိတယ်။ စင်ကာပူနိုင်ငံကနေ သူတို့ရခဲ့တဲ့ အရည်အချင်းနဲ့ စိတ်နေစိတ်ထားတွေဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး။ ။စင်ကာပူက ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာနိုင်ငံကို ပိုပြီး လာရောက်လည်ပတ်ဖို့ ကျွန်တော်တို့ ဘာတွေလုပ်သင့်သလဲလို့ ထင်ပါသလဲ။**

ဖြေ။ ။မြန်မာနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအလှအပ ပေါကြွယ်ဝမှု၊ မြန်မာပြည်သူတွေရဲ့ ဓလေ့ထုံးတမ်း ကွဲပြားခြားနားမှုကိုကြည့်ရင် မြန်မာနိုင်ငံဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက မကြာသေးမီက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုတစ်ရပ် ပြုလုပ်ခဲ့တာကို ကျွန်မ အမှတ်ရနေပါတယ်။ ဒီတစ်ကြိမ်ဟာ ကျွန်မအတွက် ဒုတိယအကြိမ် တာဝန်ကျတဲ့အကြိမ်ဖြစ်သည့်တိုင် မြန်မာပြည်သူ၊ မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာ၊ မြန်မာနိုင်ငံမှာ သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ရတနာတွေက ကျွန်မကို ထူးထူးကဲကဲ ဖမ်းစားနေဆဲဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ကစပြီး နှစ်နိုင်ငံပြည်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ပေးလိုက်တဲ့အတွက် စင်ကာပူနိုင်ငံက မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသည်အရေအတွက်ဟာ တစ်နှစ်ထက်တစ်နှစ် ၁၀ ရာခိုင်နှုန်းကျော် မြင့်မားလာခဲ့ပါတယ်။ စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ရဲ့ စာရင်းအရ ၂၀၁၇ ခုနှစ်မှာ စင်ကာပူနိုင်ငံကို လာရောက်လည်ပတ်တဲ့ မြန်မာနိုင်ငံသားရဲ့ အရေအတွက်ဟာ ၁၄၆၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဒီအရေအတွက်ဟာ ၂၀၁၆ ခုနှစ်ကနဲ့ နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်း မြင့်တက်လာတာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလကစပြီး စင်ကာပူ-ရန်ကုန်-မန္တလေးကို ချိတ်ဆက်ထားတဲ့ ခရီးစဉ်တွေကို Silk Air လေယာဉ် ကုမ္ပဏီက စတင်ဖော်ဆောင်ခဲ့ပါတယ်။ ဒီခရီးစဉ်များနဲ့အတူ နှစ်နိုင်ငံကြား ခရီးသွား လုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ခရီးသွားတွေကလည်း ပိုပြီးတော့ ခေတ်မီလာကြတဲ့အတွက် ဆန်းသစ်တဲ့အရာတွေကို တွေ့ကြုံခံစားလိုကြပါတယ်။ ဒါကြောင့်မို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ရှမ်းတောင်တန်းတွေ၊ ပုဂံကဘုရားတွေ၊ မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ ကမ်းခြေတွေ သာယာလှပပြီး တစ်မူထူးခြားတဲ့ ခရီးပန်းတိုင်ဖြစ်အောင် လုပ်ဆောင်ထားဖို့ အကြံပြုလိုပါတယ်။

**မေး။ ။သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံမှာ နေထိုင်အလုပ်လုပ်တာနဲ့ ပတ်သက်ပြီး ဘာကို အနှစ်သက်ဆုံးဖြစ်ပါသလဲ။**

ဖြေ။ ။၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ အထိ ပထမဆုံးတာဝန်နဲ့ မြန်မာနိုင်ငံမှာ ရှိခဲ့တဲ့ကာလနဲ့နှိုင်းယှဉ်ရင် အခုမြန်မာနိုင်ငံရဲ့ လူနေမှုအဆင့်အတန်းဟာ များစွာတိုးတက်ပြောင်းလဲနေပါတယ်။ မြန်မာနိုင်ငံကို ဒုတိယအကြိမ် ပြန်လည်တာဝန်ထမ်းဆောင်ဖို့ တွန်းအားတစ်ခုကတော့ မြန်မာနိုင်ငံက မိတ်ဆွေတွေရဲ့ နွေးထွေးမှုနဲ့ ရက်ရောမှုတွေကို ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရလို့ဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေချိန်မှာ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသွင်ကူးပြောင်းရေးအတွက် ကျွန်မအနေနဲ့ ပိုပြီးဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ။

**ဘာသာပြန် - ဒေါက်တာသာစိန်**

## အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့စားဖိုမှူးကြီးများ၏ ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံ စားဖိုမှူးများအသင်း တက်ရောက်မည်

**ရန်ကုန် အောက်တိုဘာ ၇**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ စားသောက်ဖွယ်ရာများကို နိုင်ငံတကာရှိ စားဖိုမှူးများက ချက်ပြုတ်ပြသသောပွဲတော်နှင့် ကမ္ဘာ့စားဖိုမှူးကြီးများ၏ ထိပ်သီးအစည်းအဝေးပွဲကို အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ အမ်ဒရစ်ဆာမြို့၌ အောက်တိုဘာ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ စားဖိုမှူးများအသင်း၏ ဥက္ကဋ္ဌနှင့် အသင်းဝင် တစ်ဦးတို့ တက်ရောက်မည်ဟု သိရသည်။

ကမ္ဘာ့စားဖိုမှူးကြီးများပါဝင်သည့် နိုင်ငံတကာ စားသောက်ဖွယ်ရာ ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ကော်မတီအဖွဲ့ တွင် အသင်းဝင်နိုင်ငံပေါင်း ၁၆ နိုင်ငံဖြင့် ၂၀၁၇ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ အထင်ကရ အစားအသောက်များကို ကမ္ဘာကသိရှိစေရန်နှင့် နိုင်ငံအသီးသီးရှိ အထင်ကရအစားအစာများကို ထိန်းသိမ်းရန်ဖြစ်ကြောင်း သိရသည်။

အစဉ်အလာရိုးရာမပျက် ချက်ပြုတ်လျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးမှ စားသောက်ဖွယ်ရာများကို နိုင်ငံတကာရှိစားဖိုမှူးများက ချက်ပြုတ်ပြသသောပွဲတော်တွင် နိုင်ငံတကာမှချမှတ်ထားသော သန့်ရှင်းသပ်ရပ်မှု၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချက်ပြုတ်ပြင်ဆင်ရမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ရိုးရာဟင်းလျာစစ်စစ်ဖြစ်သော ကြက်သားဟင်း၊ ကြက်သားပုန်းရည်ကြီးဟင်းနှင့် လက်ဖက်သုပ်တို့ကို မြန်မာနိုင်ငံမှ စားဖိုမှူးကြီး ရဲနန္ဒခင်က ချက်ပြုတ်တည်ခင်းသွားမည်ဟု သိရသည်။

အဆိုပါ ပွဲတော်နှင့် ကမ္ဘာ့စားဖိုမှူးကြီးများ၏ ထိပ်သီးအစည်းအဝေးပွဲသို့ မြန်မာနိုင်ငံ စားဖိုမှူးများအသင်း၏ဥက္ကဋ္ဌဖြစ်သူ စားဖိုမှူးကြီး အိုလီဗာစိုးသက်နှင့် အသင်းဝင်တစ်ဦးဖြစ်သော စားဖိုမှူးကြီး ရဲနန္ဒခင်တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

*စာမျက်နှာ ၆ မှ*

ထို့ကြောင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်အား ဖွဲ့စည်းလျက် ရောဂါထောက်လှမ်းရှာဖွေခြင်း၊ ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ယခုကာလတွင်မူ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဒုတိယအဆင့် မျက်စိကျန်းမာရေးလုပ်ငန်းများကို ပြင်ပလူနာဌာနအနေဖြင့် ဆောင်ရွက်ခြင်း၊ လိုအပ်သောလူနာများအား ဆေးရုံများတွင် အတွင်းလူနာအဖြစ် ထားရှိပြီး အတွင်းတိမ်ရောဂါရှာဖွေကုသရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခြင်း၊ ကျေးရွာနှင့် ကျောင်းများတွင် မျက်စိစမ်းသပ်စစ်ဆေးခြင်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှုသင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ပါသည်။

**ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု**

ကျေးလက်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကျေးလက်ကျန်းမာရေးဌာနများကို တာဝန်ယူရသော အခြေခံကျန်းမာရေးဝန်ထမ်းများမှ စောင့်ရှောက်မှုပေးပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများမှာ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်အဆင့်(၂)တို့သည် ကျန်းမာရေးစေတနာ့ဝန်ထမ်းများဖြစ်သော လူထုကျန်းမာရေးလုပ်သား၊ အရန်သားဖွားဆရာမတို့နှင့်အတူ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် အကန့်အသတ်ဖြင့်သာ ပါဝင်ပါသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်၏ အောက်ဖော်ပြပါလုပ်ငန်းများကို ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပေါင်းစည်းဆောင်ရွက်ပါသည်။

**စံပြကျေးရွာမျက်စိကျန်းမာရေး စမ်းသပ်စစ်ဆေးခြင်း**

- အဖွဲ့ခေါင်းဆောင် မျက်စိဆရာဝန်ခေါင်းဆောင်သော အဖွဲ့များမှ တစ်လလျှင် နှစ်ရွာနှုန်းဖြင့် ကွင်းဆင်းစစ်ဆေးခြင်း။

**ကျေးရွာကွင်းဆင်း၍ မျက်စိစစ်ဆေးခြင်း**

- ကွင်းဆင်းအမှုထမ်းနှင့် ကျန်းမာရေးမှူးတို့ ဦးဆောင်ကာ တစ်လလျှင် တစ်ပတ် မျက်စိကျန်းမာရေး ကွင်းဆင်းဆောင်ရွက်ခြင်း။

**ကျောင်းမျက်စိကျန်းမာရေးစစ်ဆေးခြင်း**

- အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ ကွင်းဆင်းလုပ်သား၊ ကျန်းမာရေးမှူးတို့ ပါဝင်လျက် အထူးသဖြင့် မူလတန်းကျောင်းများတွင် မျက်စိကျန်းမာရေးစစ်ဆေးခြင်း။

ဒုတိယအဆင့် မျက်စိကျန်းမာရေးဌာနများတွင် ပြင်ပဆေးခန်းများ ဖွင့်လှစ်ခြင်း။

တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ပြင်ပမျက်စိဆေးခန်းများ ဖွင့်လှစ်ခြင်းနှင့် ခွဲစိတ်ရက်များတွင် ခွဲစိတ်ကုသခြင်း။

**ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ပို့ချခြင်း**

- အထူးသဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချခြင်း။

ယခုအခါ မျက်စိအထူးကုဆရာဝန်ပေါင်း ၃၂၇ ဦးရှိသည့်အနက် အများစုသည် ရန်ကုန်မြို့တွင် ကုသပေးလျက်ရှိသည်။ (လူဦးရေ ခြောက်သန်းတွင် မျက်စိအထူးကုဆရာဝန် ၁၅၀ မှ လည်းကောင်း) မန္တလေးတွင် လူဦးရေ သုံးသန်းအား မျက်စိအထူးကုဆရာဝန် ၃၂ ဦးတို့က လည်းကောင်း၊ ပြင်ပပုဂ္ဂလိကအနေဖြင့် မျက်စိအထူးကုဆရာဝန် ၈၀ ကျော်တို့က စောင့်ရှောက်မှုပေးနေကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် အတွင်းတိမ်လူနာပေါင်း တစ်သိန်းကျော်အား ခွဲစိတ်ကုသမှုပေးလျက်ရှိပြီး ဆောင်ရွက်နိုင်မှုရလဒ်အနေဖြင့် လူအင်အား၊ လုပ်ငန်းအထောက်အကူပြုပစ္စည်းကိရိယာများ ရရှိနိုင်မှုအပေါ်မူတည်၍ ဒေသတစ်ခုနှင့်တစ်ခု ခြားနားမှုရှိနိုင်ပါသည်။ ဆေးဝါး၊ ပစ္စည်းကိရိယာများ အများစုအား နိုင်ငံတော်မှ ထောက်ပံ့ပေးလျက်ရှိပြီး အခြား အလှူရှင်အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Christian Blind Mission (CBM), Helen Keller International (HKI), Sigh for All (SFA), Himalayan Cataract Project (HCP) နှင့် Fred Hollows Foundation တို့မှလည်း ထောက်ပံ့ကူညီပံ့ပိုးလျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော်-

ပြည်သူလူထုကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရေးအတွက် ကျေးလက်နှင့် မြို့ရွာ မခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံစေရေးအတွက် ကြိုးပမ်းချက်များ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလမ်းစဉ် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ စဉ်ဆက်မပြတ် တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

နည်းပညာနှင့် အခေါ်အဝေါ်များ ပြောင်းလဲသော်လည်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို ပြည်သူလူထုအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။ တစ်ဖက်မှလည်း ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လွန်စွာမြင့်မား၊ လျင်မြန်လာသည်နှင့်အတူ ကျန်းမာရေး အသိပညာဖြန့်ဝေမှုတွင် တောနှင့် မြို့ခွဲခြားနိုင်မှု အလွန်ကျဉ်းမြောင်းလာပြီး ကျန်းမာရေးအသိပညာနှင့် ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များရရှိရန် လွန်စွာအရေးကြီးပေသည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မျက်စိနှင့် ပတ်သက်သော အခြေခံကျန်းမာရေးဗဟုသုတများရရှိကာ မျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား တောနှင့်မြို့ပြမကျန် အခြေခံကျန်းမာရေး ဝန်ထမ်းမှသည် ဆေးရုံဆေးခန်းကြီးများအထိ နေရာမရွေး အချိန်မီပြသကုသခြင်းဖြင့် မိမိတို့ မျက်စိနှင့်အမြင်အာရုံကို စောင့်ရှောက်ကာကွယ်ရာ ရောက်နိုင်မည်မှာ အမှန်ကေန်ပင် ဖြစ်ပါတော့သည်။ ။

# အဂတိလိုက်စားမှုကို အမြစ်က တွန်းလှန်ချေမှုန်းဖို့ အများပြည်သူ ပူးပေါင်းပါဝင်မှ ဖြစ်မယ် ဝိုင်းဝန်းတိုက်ဖျက်ကူညီမှ ဖြစ်မယ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်
ဦးဟန်ညွန့်

## ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ကျင်းပ

**ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုင်ငံတကာ ပြည်သူ့လွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆွေးနွေးခဲ့ကြသည်။**



*(ယမန်နေ့မှအဆက်)*

**အစီအစဉ်မှူး ။ ။ အဂတိကင်းစင်တဲ့ လူမှုဝန်းကျင်တစ်ရပ်ဖြစ်လာဖို့ ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ အစိုးရဌာနအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကဏ္ဍတွေက ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကနေပြီးတော့ ရှင်းပြပေးစေလိုပါတယ်။**

**ဦးဟန်ညွန့်** ။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ကိုယ်စား ကျွန်တော် အဓိကအချက်လေးချက်ကို တင်ပြဆွေးနွေးလိုပါတယ်။

အဂတိကင်းစင်တယ်ဆိုတဲ့ လူမှုဝန်းကျင်ဖြစ်ဖို့ အဓိက ပထမအချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အဂတိလိုက်စားမှုဟာ ပြည်သူအများရဲ့ ဘုံရန်သူဖြစ်တယ်ဆိုတာ အများစုက ယုံကြည်လက်ခံရပါမယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ တတိယအချက်ကတော့ နိုင်ငံ့ဝန်ထမ်းအားလုံးကလည်း နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ တိတိကျကျ ဥပဒေကိုလိုက်နာပြီး လာဘ်ပေး လာဘ်ယူကင်းရှင်းတဲ့ ဝန်ထမ်းများ ဖြစ်ကြရပါမယ်။ အဂတိ ပပျောက်ရေးအတွက် ကြိုတင်ကာကွယ်ရေးအဖွဲ့၊ ယူနစ်တွေကို မိမိတို့ ဝန်ထမ်းများရဲ့ယုံကြည်ချက်၊ မိမိတို့ဝန်ထမ်းများရဲ့ ဆန္ဒအလျောက် ဖွဲ့စည်းဆောင်ရွက်ကြရပါမယ်။ နောက် စတုတ္ထအချက်ကတော့ နိုင်ငံသူနိုင်ငံသားအားလုံးကလည်း ဘုံရန်သူဖြစ်တဲ့ အဂတိလိုက်စားမှုကို ရွံမုန်းပြီး ဝိုင်းပယ်ရပါမယ်။ ဆန့်ကျင်ရပါမယ်။

အဂတိမှန်သမျှ ချေဖျက်ကြရပါမယ်။ ဒါမှသာ အဂတိကင်းစင်တဲ့ လူမှုဝန်းကျင်ဖြစ်လာမှာ ကေန်မလွဲ ဖြစ်ပါတယ်။ ဒီအချက်လေးချက်ကို အခြေခံလိုက်မယ်ဆိုလို့ရှိရင်၊ တိတိကျကျ လိုက်နာဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် အဂတိလိုက်စားမှုကို အမြစ်က တွန်းလှန်ချေမှုန်းဖို့ အများပြည်သူ ပူးပေါင်းပါဝင်မှ ဖြစ်မယ်။ ဝိုင်းဝန်းတိုက်ဖျက်ကူညီမှ ဖြစ်မယ်။ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တစ်ဖွဲ့တည်းနဲ့၊ ကြိုးပမ်းရုံနဲ့ မလုံလောက်ဘူးဆိုတာ တစ်နေ့တခြား ထင်ရှားလာပါတယ်။ ဥပမာအားဖြင့် ကျော်စောသတင်းကိစ္စကို ကြည့်မယ်ဆိုရင် ကျော်စောသတင်းဆိုတာဟာ အများပြည်သူရဲ့ဆန္ဒကို အခြေခံကြောင်း ထင်ရှားလှပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ဂ) အရ ကျော်စောသတင်းထွက်ပေါ်လာဖို့ အများပြည်သူ မသိဘူးဆိုတဲ့သတင်း မရှိနိုင်ပါဘူး။

ပြည်သူအတွင်း၊ ပြည်သူအကြား၊ ပြည်သူတွေရှေ့မှာ မြင်သာအောင်၊ သိသာအောင်၊ ဖုံးမရ ဖိမရ ကွယ်ဝှက်လို့မရအောင် အဂတိလိုက်စားမှုကြောင့် အများက လက်မခံတော့ဘဲ ထင်ရှားကျော်ကြားလာတယ်ဆိုတဲ့ အဓိကအချက်ပဲ ဖြစ်တယ်။ ကျော်စောသတင်း ဖြစ်ပေါ်လာရတယ်ဆိုတဲ့ အဓိကအချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျော်စောသတင်းနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူရခြင်းပဲ ဖြစ်ပါတယ်။

အဂတိကင်းစင်တဲ့ လူမှုဝန်းကျင်ဖြစ်လာဖို့ဆိုတာ တစ်ဖွဲ့တစ်ဦး၊ တစ်ယောက်တည်းနဲ့ လုပ်ဆောင်လို့မရဘဲနဲ့ အများအားလုံးက ဝိုင်းဝန်းကူညီကြမှသာ ဖြစ်တယ်ဆိုတဲ့အချက်ကို မေတ္တာရပ်ခံ တင်ပြလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ပြည်သူများအနေနဲ့မိမိတို့ရဲ့ နစ်နာမှုတွေကို ရဲတပ်ဖွဲ့ကို တိုင်ကြားလာတဲ့အခါမှာ ဘယ်လိုတွေဆောင်ရွက်ပေးသလဲဆိုတာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရှင်းပြပေးပါဦး။**

**ရဲဗိုလ်ချုပ် အောင်နိုင်သူ** ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ နစ်နာသူက လာရောက်အမှုဖွင့် တိုင်ကြားလာခဲ့မယ်ဆိုရင် ရဲတပ်ဖွဲ့အနေနဲ့ သတင်းကို ရေးဖွင့်ချိန်ကနေပြီးတော့ ပြစ်မှုကျူးလွန်သူကို ပြစ်မှုပြစ်ဒဏ် မျှတစွာချမှတ်ပြီးသည်အထိ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ တင်ပြရရင် ပထမဆုံး လာရောက်တိုင်တန်းရင် အမှုရေးဖွင့်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ လူနဲ့ သက်သေခံပစ္စည်းများ စုံစမ်းဖော်ထုတ် သိမ်းဆည်းခြင်း၊ ဒါ့အပြင် တရားခံ စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ဥပဒေရုံးအဆင့်ဆင့်ရဲ့ အကြံဉာဏ်ရယူခြင်း၊ တရားစွဲတင်ခြင်းဆိုတဲ့ ဥပဒေ လုပ်ထုံး လုပ်နည်းနဲ့အညီ လုပ်ငန်းများကို နစ်နာသူအတွက် ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ လာရောက်တိုင်တန်းတဲ့ အမှုများမှာ ရဲအရေးပိုင်တဲ့ အမှုတွေရှိသလို၊ ရဲအရေးမပိုင်တဲ့ အမှုတွေလည်း ရှိပါတယ်။ ရဲအရေးပိုင်တဲ့အမှုများကို လက်ခံရေးဖွင့်တဲ့အခါမှာလည်း ကျွန်တော်တို့က အမှုကို စုံစမ်းထောက်လှမ်းပြီးတော့ တရားစွဲတင်တဲ့အထိ ဆောင်ရွက်ရသလို၊ ရဲအရေးမပိုင်တဲ့အမှုများ လာရောက်တိုင်တန်းတဲ့အခါမှာလည်း သက်ဆိုင်ရာ တရားရုံးများကို သွားရောက်ပြီးတော့ ဦးတိုက်လျှောက်ထားသည်အထိ ကျွန်တော်တို့ ကူညီပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အများပြည်သူတွေအနေနဲ့လည်း ဘယ်ဟာ ရဲအရေးပိုင်တဲ့အမှုလဲ၊ ဘယ်ဟာ ရဲအရေးမပိုင်တဲ့ အမှုလဲဆိုတာ သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ရဲစခန်းအသီးသီးမှာ ဇယားများနဲ့အတူ ချိတ်ဆွဲ ပြသထားပြီလည်း ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ မိမိတို့ရဲ့ နစ်နာမှုတွေ ရှိလာလို့ရှိရင် ရဲစခန်းကို လာရောက်တိုင်ကြားနိုင်တယ်။ တိုင်ကြားတဲ့အခါမှာ ရဲစခန်းတွေအနေနဲ့ ချက်ချင်းအရေးယူဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ တကယ်လို့များ ပြည်သူတွေ လာရောက်တိုင်ကြားတဲ့ အမှုတွေကို ရဲစခန်းတွေက ချက်ချင်းအမှုဖွင့်ပေးမှုမရှိဘူး၊ အကြောင်းမဲ့ နှောင့်နှေးကြန့်ကြာနေမယ်ဆိုတာတွေကို စိစစ်တွေ့ရှိခဲ့မယ်ဆိုရင် သက်ဆိုင်တဲ့ တာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်နိုင်တဲ့ ဥပဒေတွေကိုလည်း ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ထို့အတူပဲ နစ်နာသူပြည်သူတွေကလည်း မိမိတို့ရဲ့ တိုင်ကြားချက်များ တိကျမှန်ကန်နေဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ မမှန်မကန် တိုင်ကြားခဲ့မယ်ဆိုရင်လည်း ဥပဒေကြောင်းအရ ပြန်လည် အရေးယူခံရမယ်ဆိုတာလည်း သိရှိထားဖို့ အထူးလိုအပ်ပါတယ်။ အမှုနဲ့ စွပ်စွဲခံရသူတွေကို တိုင်တန်းခံရတဲ့အခါမှာ ကျွန်တော်တို့ရဲတပ်ဖွဲ့တွေရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ စစ်ဆေးပြီးတော့ ဖမ်းဆီးရပါတယ်။ ဒီလို ဖမ်းဆီးတဲ့အခါမှာ အာမခံပေးနိုင်တဲ့ အမှုများရှိသလို အာမခံမပေးနိုင်တဲ့ အမှုများလည်း ရှိပါတယ်။ အာမခံပေးနိုင်တဲ့အမှုများကို ကျွန်တော်တို့ရဲတပ်ဖွဲ့၊ ရဲစခန်းတွေကနေ အာမခံပေးပြီးတော့ အာမခံမပေးနိုင်တဲ့ အမှုတွေကိုတော့ အနီးဆုံးရှိတဲ့ တရားသူကြီးတွေဆီမှာ ၂၄ နာရီအတွင်း တင်ပြပြီးတော့ ချုပ်ရမန်နဲ့အတူတူ အမှုစစ်ဆေးနေစဉ်အတွင်းမှာ ချုပ်နှောင်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီအာမခံပေးနိုင်တဲ့အမှုတွေ၊ အာမခံမပေးနိုင်တဲ့ အမှုတွေနဲ့ပတ်သက်ပြီးတော့ ရာဇသတ်ကြီး ဥပဒေတွေနဲ့ တည်ဆဲဥပဒေများ ပြဋ္ဌာန်းထားတဲ့အတိုင်း ရဲတပ်ဖွဲ့ဝင်များအနေနဲ့ တိတိကျကျ လိုက်နာဆောင်ရွက်ရပါကြောင်း ပြည်သူများကို အသိပေးလိုပါတယ်။

**အစီအစဉ်မှူး ။ ။ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်တွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေဖို့ သတင်းအချက်အလက်တွေ ထုတ်ပြန်ဆောင်ရွက်နေတဲ့အပေါ်မှာလည်း ဆရာ ဦးအောင်စိုးက သုံးသပ်ပေးပါဦး။**

**ဦးအောင်စိုး** ။ ။ ကျွန်တော်တို့ သတင်းထုတ်ပြန်ရာမှာတော့ နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းကတော့ ပြန်ကြားရေးဝန်ကြီးဌာနပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာကလည်း အစိုးရကို ကိုယ်စားပြုတာပေါ့။ နိုင်ငံတော်အစိုးရက ထုတ်ဝေတဲ့ သတင်းစာတွေ၊ နောက် ရုပ်မြင်သံကြားသတင်းတွေကနေ သတင်းအချက်အလက်တွေ ထုတ်တာပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနကထုတ်တဲ့ သတင်းတွေကတော့ အမှန်အကန်တွေ ဖြစ်ရမှာပေါ့။ ပြည်သူကလည်း မှန်ကန်လို့ ယုံကြည်တာပေါ့။ မှန်ကန်ဖို့၊ တိကျဖို့ဆိုတာ သူကတော့ အချိန်နည်းနည်းယူရတာပေါ့။ ဒါပေမယ့် နောက်တစ်ပိုင်းကတော့ ပြည်သူအချင်းချင်း တင်ပြတာပေါ့။ ပြည်သူအချင်းချင်း တင်ပြတယ်ဆိုတာ Facebook တွေပေါ့။

လူမှုကွန်ရက်တွေမှာတော့ နာရီ၊ မိနစ် မဆိုင်းဘူး။ အချိန်နဲ့တစ်ပြေးညီပဲ။ အခုဖြစ် အခုတင်ပေါ့။ တင်တဲ့နေရာမှာလည်း ဆင်ဆာမရှိဘူးပေါ့။ တင်ချင်တဲ့သူက တင်လို့ရတယ်။ အဲဒီမှာ မှန်တာလည်း ပါတယ်။ မှားတာလည်းပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် ကျွန်တော်တို့သတင်းတွေမှာ နိုင်ငံအတွက် မမှန်တဲ့သတင်းတွေဖန်တီးဖို့ အခွင့်အရေးတစ်ခုဖြစ်သလို မှန်ကန်တဲ့သတင်းတွေကို ချက်ချင်းရဖို့လည်း အခွင့်အရေးတစ်ခု ဖြစ်တယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်လို့ စိုးရိမ်တာက ဘာလဲဆိုတော့ နိုင်ငံမှာ လူမျိုးချင်း၊ ဘာသာချင်း ပဋိပက္ခတွေဖြစ်အောင် အမုန်းစကားတွေ (Hate Speechs)၊ မမှန်သတင်းတွေ (Fake News) ဒါတွေ တင်လာတာကို တွေ့ရတယ်။ တစ်ဖက်က အမှန်အကန်တွေတင်တဲ့အတွက် အားရှိရသလို ပြစ်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ထုတ်လို့ရတယ်။

တစ်ဖက်က ဖန်တီးမှုတွေက ဘယ်လောက်ထိ သွားလဲဆိုရင် နိုင်ငံတကာထိ သွားတယ်။ ကျွန်တော်တို့ ပြည်တွင်းမှာ အမှောင်သမားတွေ ရှိတယ်။ နိုင်ငံကို မကောင်းတဲ့ ရည်ရွယ်ချက်ရှိရှိနဲ့ တင်တဲ့သူတွေရှိတယ်။ နောက်တစ်ခုက ပြည်ပက မီဒီယာသမားတွေကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကို ကျဆင်းအောင် တချို့ရုပ်သံတွေဆိုလို့ရှိရင် ဟိုးအတိတ်ကပုံတွေ၊ ဒီကမဟုတ်တဲ့ပုံတွေကို ဖြတ်၊ ညှပ်၊ ကပ်ပြီးတော့ ဖန်တီးပေးတာတွေပေါ့။ ဒီဟာတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် ကမ္ဘာ့အလယ်မှာ နိုင်ငံ့ပုံရိပ်တွေ ကျဆင်းစေတယ်။ ပြည်သူတွေကလည်း အထင်မှားစေတယ်။ အခြားနိုင်ငံတွေကလည်း အထင်လွဲမှားစေတယ်။ ဒီဟာတွေကို ဘာလုပ်သင့်လဲဆိုတော့ ကျွန်တော်တို့ ၂၄ နာရီ စောင့်ကြည့်တဲ့လူငယ်တွေ ဖွဲ့စည်းပေးရမယ်။ ချက်ချင်းပဲ တင်လာတဲ့ နိုင်ငံတကာကလည်း တင်မယ်။

**“ပြည်သူများအနေနဲ့ မိမိတို့ရဲ့ နစ်နာမှုတွေ ရှိလာလို့ရှိရင် ရဲစခန်းကို လာရောက်တိုင်ကြားနိုင်တယ်။ တိုင်ကြားတဲ့အခါမှာ ရဲစခန်းတွေအနေနဲ့ ချက်ချင်းအရေးယူဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ တကယ်လို့များ ပြည်သူတွေ လာရောက်တိုင်ကြားတဲ့အမှုတွေကို ရဲစခန်းတွေက ချက်ချင်းအမှုဖွင့်ပေးမှုမရှိဘူး၊ အကြောင်းမဲ့ နှောင့်နှေးကြန့်ကြာနေမယ်ဆိုတာတွေကို စိစစ်တွေ့ရှိခဲ့မယ်ဆိုရင် သက်ဆိုင်တဲ့ တာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်နိုင်တဲ့ ဥပဒေတွေကိုလည်း ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၁ သို့*

# တောင်ပြိုလက်ဝဲမြို့သို့ မြေပြင်သတင်းအချက်အလက်များရယူရန် အမေရိကန်နိုင်ငံသားနှင့်အဖွဲ့ ရောက်ရှိသတင်းရယူ

**တောင်ပြိုလက်ဝဲ အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံသား Mr.Heizman Richard Charies နှင့် အဖွဲ့သည် မြေပြင်သတင်းများရယူရန် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့ နံသာတောင်ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိသတင်းရယူကြသည်။ (ယာပုံ)



အဆိုပါအဖွဲ့သည် အကြမ်းဖက်ဖြစ်စဉ်အတွင်း ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ဆောင်များနှင့် အခြားအဆောက်အအုံများ၊ မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာအိမ်ခြေ မြေနေရာများကို မှတ်တမ်းတင်ရိုက်ကူးခြင်း၊ တိုင်းရင်းသားဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ကြပြီး မွန်းလွဲ ၃ နာရီခွဲတွင် ယင်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံသားနှင့်အဖွဲ့သည် မောင်တောမြို့နယ် မင်းကြီးကျေးရွာနှင့် တူလာတူရီကျေးရွာများ၌ သတင်းများရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက် )**

# မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကျော် ထွက်ရှိနိုင်မည့် လေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရန် စီစဉ်နေ



**လေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် မိုးလေဝသစစ်တမ်းကောက်ယူသည့် တာဝါတိုင်တစ်ခုကိုတွေ့ရစဉ်။**

နေပြည်တော် အောက်တိုဘာ ၇

**မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၊ မင်းတုန်းမြို့နယ်နှင့် ချောက်မြို့နယ်တို့တွင် လေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကျော် ထုတ်လုပ်နိုင်မည့် စီမံကိန်းများကို ၂၀၁၉ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းထားပြီး မိုးလေဝသဆန်းစစ်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လေ့လာဆန်းစစ်မှုများ ပြီးစီးတော့ မည်ဖြစ်ကြောင်း စီမံကိန်းဆောင်ရွက်မည့် Infra Capital Myanmar - ReEx (ICM) မှ စီမံကိန်းမန်နေဂျာ မစ္စတာ ဟန်ဒယ်က ပြောကြားသည်။**

လေအားလျှပ်စစ်စီမံကိန်းများကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်မြို့နယ်အတွင်း နှစ်ခု၊ မင်းတုန်းနှင့် မင်းလှမြို့နယ်တို့တွင် စီမံကိန်းနှစ်ခု စုစုပေါင်း စီမံကိန်းလေးခု ဆောင်ရွက်မည်ဖြစ်ပြီး ယခုလက်ရှိအချိန်အထိ လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လေ့လာဆန်းစစ်**

ICM မှ မကွေးတိုင်းဒေသကြီးအတွင်း အဆိုပါစီမံကိန်းအတွက် ၁၂ လကြာ မိုးလေဝသအချက်အလက်များ စုဆောင်းထားရှိပြီးဖြစ်ကာ ပြီးပြည့်စုံသည့် ဖြစ်မြောက်နိုင်ခြေ ရှိ၊ မရှိ လေ့လာဆန်းစစ်မှု ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွက် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်များ၊ ဓာတ်အားလိုင်းဆက်သွယ်ခြင်းနှင့် အကျိုးရလဒ်များ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ရာတွင် အကြီးစားတာဘိုင်များ သယ်ယူရာတွင် အခက်အခဲကြီးကြီးမားမား မရှိဘဲ စီမံကိန်းတည်နေရာအထိ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရပြီး ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းနှင့် မြေပိုင်ဆိုင်မှုလေ့လာခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ပြီးစီးမည်ဖြစ်သည်။ စီမံကိန်းတစ်ခုတွင် လေအားတာဘိုင် ၁၂ ခုမှ ၁၉ ခုအထိ တပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဖြစ်ကာ တစ်နှစ်လျှင် စီမံကိန်းတစ်ခုမှ 500 Gwh ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နီးစပ်ရာ ဓာတ်အားခွဲရုံများသို့ ချိတ်ဆက်ရန် လျာထားကြောင်း သိရသည်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက စီမံကိန်းလေးခုမှ မဂ္ဂါဝပ် ၂၀၀ ကျော် ထုတ်ယူရရှိမည်ဖြစ်၍ မကွေးတိုင်းဒေသကြီး တစ်ခုလုံးစာအတွက် လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်ကာ ဒေသခံပြည်သူ နှစ်သန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော လျှပ်စစ်စွမ်းအင်ကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်း တည်ဆောက်ရေးကာလအတွင်းတွင်လည်း ဒေသခံ ၁၀၀၀ ခန့် လုပ်ငန်းလည်ပတ်နေစဉ်အတွင်း ရေရှည်အလုပ်အကိုင် ၆၀ ခန့်ကို ဒေသခံများအတွက် အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း ICM မှ သိရသည်။

စက်တင်ဘာလ တတိယပတ်အတွင်းကလည်း ICM မှ ESIA အကြံပေးနှင့် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး အဆိုပါ တွေ့ဆုံပွဲတွင် ICMRE မှ စီမံကိန်းအရာရှိ ဦးတင်မင်းလတ်က စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လေအားစွမ်းအင်အရင်းအမြစ်ကောင်းများရှိနေ**

ICM သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လေအားလျှပ်စစ်ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းများအတွက် ၂၀၁၇ ခုနှစ်အတွင်းက နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်တွင်ပါရှိသည့် မိုးလေဝသနှင့် လေတိုက်နှုန်းဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊ နည်းပညာ- စီးပွားရေးအရဖြစ်မြောက်နိုင်ခြေလေ့လာခြင်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများလေ့လာခြင်း(ESIA)တို့ကို ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်း အထူးသဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လေအားစွမ်းအင်အရင်းအမြစ်ကောင်းများရှိနေကြောင်းကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းမန်နေဂျာက ပြောကြားသည်။

ICM သည် Infraco Asia ကုမ္ပဏီကိုယ်စား မြန်မာနိုင်ငံတွင် အဆောက်အအုံစီမံကိန်းများ၊ ငွေကြေးထောက်ပံ့ရန်၊ အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှတိုက်ရှိ နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်တွင် စီမံကိန်းများအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်နေကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သီဟစည်သူ**

*စာမျက်နှာ ၁၀ မှ*

ပြည်တွင်းကလည်း တင်မယ်။ သတင်းစာစောင်အချို့မှာလည်း တင်ကြတယ်။ အဲဒါတွေကို ၂၄ နာရီ စောင့်ကြည့်တဲ့အဖွဲ့တွေ ဖွဲ့ပြီးတော့ ချက်ချင်းတုံ့ပြန်နိုင်ဖို့လိုမယ်။ ဒါကတော့ ကုစားတဲ့နည်းပေ့ါ။ နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံမှာ သတင်းတွေကို Right to Information ပေ့ါ။ အမြန်ဆုံး ရယူနိုင်ဖို့ကလည်း သတင်းသမားတွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ ဒါတွေကိုလည်း ဖန်တီးပေးဖို့လိုမယ်။ Right to Information အတွက် ကျွန်တော်တို့နိုင်ငံမှာ အခုဆို ဥပဒေတွေတော့ ရေးဆွဲနေပါပြီ။ ဒါတွေလည်း ကျွန်တော်တို့ဘက်မှာ တော်တော်လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့အဖွဲ့အစည်းတွေ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေကတော့ ကျောက်တံတားမြို့နယ်မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ ညွှန်ကြားချက်နဲ့ Pilot Project ဆိုပြီးတော့ လုပ်တဲ့ ကျောက်တံတားမြို့နယ်မှာရှိတဲ့ အစိုးရအဖွဲ့အစည်း ဌာနဆိုင်ရာအသီးသီးရယ်၊ ပြည်သူတွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ ရဲတပ်ဖွဲ့၊ ဥပဒေအားလုံး ဆုံပြီးတော့ တွေ့ဆုံညှိနှိုင်းပြီးတော့ သတင်းအချက်အလက်တွေ၊ ရပ်ကွက်အတွင်းမှာ ဘာဖြစ်နေတယ်၊ မြို့နယ်အတွင်းမှာ ဘာဖြစ်နေတယ်ဆိုတာတွေကို ချက်ချင်းဖြေရှင်းနိုင်ဖို့ လုပ်တယ်။

လျှပ်စစ်ကလည်း လျှပ်စစ်ကိစ္စ ချက်ချင်းဖြေရှင်းမယ်။ စည်ပင်ကလည်း စည်ပင်ကိစ္စပေ့ါ။ တကယ်လို့ မဖြေရှင်းနိုင်သေးလည်း ယူသွားတယ်။ အဲဒီလိုဟာမျိုးတွေ ကျောက်တံတားမြို့နယ်မှာ စလုပ်နေပါတယ်။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းလုပ်မယ်။ မွန်ပြည်နယ်မှာဆိုလည်း သံဖြူဇရပ်အထိ ဆင်းလုပ်နေကြတယ်။ မြို့တွေ၊ ရွာတွေမှာ ဒီလိုအဖွဲ့အစည်းတွေက ပြည်သူတွေရဲ့ တိုက်ရိုက်အသံကို သတင်းအချက်အလက်တွေကို ရရင်လည်း တိုက်ရိုက်ဖြေရှင်းလို့ရတယ်။ အဲဒီနည်းတွေနဲ့ ကျွန်တော်တို့က ဆောင်ရွက်နေပါတယ်။ အဓိက အရေးကြီးတာကတော့ နိုင်ငံအတွက် နှစ်ချက်ပဲ။ မှန်ကန်တဲ့သတင်းကို မြန်မြန်ရဖို့နဲ့၊ မမှန်တဲ့သတင်းတွေကို ကာကွယ်ဖို့။ အဲဒါကြောင့်မို့ ကျွန်တော်တို့ကလည်း ဝိုင်းဝန်းဆောင်ရွက်ကြတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

**ဇင်ဦး၊ ခင်ရတနာ**
**ဓာတ်ပုံ- သီဟစည်သူ**

# အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော် ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်အလန့် ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများမှလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မူဆယ်တွင် မြန်မာရပ်ဝန်းနှင့် လမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ရုံးသစ်ဖွင့်လှစ်


**မူဆယ် အောက်တိုဘာ ၇**

မြန်မာရပ်ဝန်းတစ်ခုနှင့် လမ်းကြောင်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ မူဆယ်မြို့ စွမ်စော်ရပ်(ကောင်းမူးလွယ်)တွင် အောက်တိုဘာ ၅ ရက်က ရုံးသစ်လာရောက်ဖွင့်လှစ်ခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ဦးစိုင်းကျော်သိန်း၊ မြန်မာရပ်ဝန်းနှင့် လမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ဝမ်ခွင်းဖုံနှင့် တယ်ဟုန်ပြည်နယ်ခွဲ ပြည်ပရေးရာဌာနမှူး မစ္စတာလီချီကွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မူဆယ်မြို့ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းအစည်းအဝေးခန်းမ၌ အခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် တယ်ဟုန်ပြည်နယ်ခွဲ ပြည်ပရေးရာဌာနမှူး မစ္စတာလီချီကွေးတို့က မြန်မာနိုင်ငံ မူဆယ်မြို့တွင် မြန်မာရပ်ဝန်းနှင့် လမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ရုံးသစ်လာရောက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားကြသည်။

အဆိုပါ ရုံးသစ်ဖွင့်ပွဲနှင့် အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေလီမြို့မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုင်း(မူဆယ်)**




# အာရှလူငယ်တံခွန်စိုက် ယူ-၁၇၊ ယူ-၁၅ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်




**မန္တလေး အောက်တိုဘာ ၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့တွင် လက်ခံကျင်းပလျက်ရှိသော Badminton Asia Junior U 17 & U 15 Championships 2018 တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ပြိုင်ပွဲများကို မန္တလာသီရိဘက်စုံသုံးအားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဗိုလ်လုပွဲ U 15အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ အင်ဒိုနီးရှားနိုင်ငံအသင်းက ထိုင်းနိုင်ငံမှအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ပူးတွဲ တတိယဆုရ မလေးရှားနိုင်ငံအသင်းနှင့် ဟောင်ကောင်တရုတ်အသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုနှင့်ပြိုင်ပွဲအထိမ်းအမှတ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ U 17 အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် တရုတ်တိုင်ပေအသင်းက ထိုင်းနိုင်ငံမှ အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပူးတွဲ တတိယဆုရ မလေးရှားနိုင်ငံအသင်းနှင့် ကိုရီးယားနိုင်ငံအသင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တစ်ဦးချင်းဆုနှင့် ပြိုင်ပွဲအထိမ်းအမှတ်ဆုတို့ကို ချီးမြှင့်သည်။

ထို့နောက် U 17 အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ထိုင်းနိုင်ငံက အင်ဒိုနီးရှားနိုင်ငံကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပူးတွဲတတိယဆုရ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ အားကစားသမားတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တစ်ဦးချင်းဆုများနှင့် ပြိုင်ပွဲအထိမ်းအမှတ်ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ U 17 အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ကိုရီးယားနိုင်ငံက ပထမ၊ တရုတ်တိုင်ပေက ဒုတိယနှင့် အိန္ဒိယနိုင်ငံနှင့် ဟောင်ကောင်တရုတ်အသင်းတို့မှ အားကစားသမားများက ပူးတွဲ တတိယ၊ U15 အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်တိုင်ပေအသင်းက ပထမ၊ ကိုရီးယားက ဒုတိယ၊ အိန္ဒိယနှင့် မလေးရှားတို့မှ အားကစားသမားများက ပူးတွဲတတိယ၊ U 15 အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မလေးရှားနိုင်ငံအသင်းက ပထမ၊ အင်ဒိုနီးရှားနိုင်ငံအသင်းက ဒုတိယနှင့် အိန္ဒိယနှင့် ကိုရီးယားအသင်းတို့က ပူးတွဲတတိယ၊ U 15 အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အိန္ဒိယအသင်းက ပထမ၊ ကိုရီးယားအသင်းက ဒုတိယ၊ ထိုင်းနိုင်ငံနှင့်ဂျပန်နိုင်ငံအသင်းတို့က ပူးတွဲတတိယ၊U 17 အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ကိုရီးယားနိုင်ငံက ပထမ၊ တရုတ်တိုင်ပေက ဒုတိယနှင့် အိန္ဒိယနိုင်ငံတို့မှ ကစားသမားတို့က ပူးတွဲ တတိယ၊U 17 အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မလေးရှားနိုင်ငံအသင်းက ပထမ၊ တရုတ်တိုင်ပေနိုင်ငံအသင်းက ဒုတိယ၊ ထိုင်းနိုင်ငံအသင်းနှစ်သင်းက ပူးတွဲတတိယ၊ ဆက်လက်၍ U15 အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဂျပန်နိုင်ငံအသင်းက ပထမ၊ ထိုင်းနိုင်ငံက ဒုတိယ၊ ကိုရီးယားနှင့်အင်ဒိုနီးရှားအသင်းတို့မှ ကစားသမားများက ပူးတွဲတတိယဆု အသီးသီးရရှိကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများဖြစ်ကြသော ဦးမျိုးသစ်၊ ဦးမြတ်သူ၊ ဦးဇာနည်အောင်နှင့် ဒေါက်တာ စိုးသန်း၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ပိုင်၊ အာရှကြက်တောင် အဖွဲ့ချုပ်အတွင်းရေးမှူးနှင့် မန္တလေးတိုင်းဒေသကြီးကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းတို့က သက်တန်းအလိုက် တစ်ဦးချင်းဆုများနှင့် ပြိုင်ပွဲအထိမ်းအမှတ်ဆုတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရအားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်

**နေပြည်တော် အောက်တိုဘာ ၇**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတကာ တက္ကသိုလ်ပေါင်းစုံ အနောက်တိုင်းလှေပြိုင်ပွဲတွင် မြန်မာအသင်းရွှေနှင့် ကြေးတံဆိပ်များရရှိ




**ရန်ကုန် အောက်တိုဘာ ၇**

မလေးရှားနိုင်ငံ ပီနန်းကျွန်း၌ အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံတကာတက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာတက္ကသိုလ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ရွှေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့ပြီး ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် ပွဲစဉ် ၁၃ မျိုးအနက် ပွဲစဉ် ၁၀ မျိုး၌ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ပွဲစဉ်လေးမျိုးတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲ၌ အမျိုးသမီးနှစ်ယောက်လှော်ပွဲစဉ်တွင် နှင်းအိဝေအောင်နှင့် ပန်းပြည့်ပြည့်လွင်တို့က ရွှေ၊ မလေးရှားက ငွေ၊ ဖိလစ်ပိုင်က ကြေးတံဆိပ်ဖြင့်လည်းကောင်း၊ အမျိုးသမီးတစ်ယောက်လှော်တွင် နှင်းဆုဝေက ကြေးတစ်ခု၊ မေသကြ်န်၊ နန်းငြိမ်းငြိမ်းစံ၊ ယွန်းမြတ်သွယ်၊ မေဇင်သန့်တို့က လေးယောက်တွဲတွင် ကြေးတစ်ခု၊ အမျိုးသားနှစ်ယောက်လှော်တွင် ဆန်းမင်းထူးနှင့် အောင်သူဟိန်းတို့က ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။ မြန်မာတက္ကသိုလ်အသင်းများသည် ရန်ကုန်တက္ကသိုလ်အသင်းနှင့် စီးပွားရေးတက္ကသိုလ်အသင်းနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်အသင်း၌ အမျိုးသားကစားသမားကိုးဦးနှင့် အမျိုးသမီးကစားသမားခုနစ်ဦး၊ စီးပွားရေးတက္ကသိုလ်အသင်း၌အမျိုးသားကိုးဦးနှင့် အမျိုးသမီးသုံးဦးတို့ ပါဝင်ခဲ့ကာ နှစ်သင်းစလုံးတွင် အုပ်ချုပ်သူနှင့် နည်းပြဆရာငါးဦး ပါဝင်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မလေးရှား၊ ကနေဒါ၊ ကိုလံဘီယာ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ကာတာ၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဟောင်ကောင် စသည့်နိုင်ငံများမှ တက္ကသိုလ်အသင်းပေါင်း၁၄ သင်းခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဗလစိုး**

# တပ်ကုန်းနှင့် မိုင်းကိုင်မြို့နယ်တို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁နာရီခွဲက ကာလတန်ဖိုးငွေကျပ် ၃၀၃၀၀၀၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁နာရီခွဲက မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင် ရဲအုပ်တင်ရှိန်၊ ညောင်ပတ်ရဲကင်းမှူး ရဲအုပ်စိုးငြိမ်း ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သုံးလမ်းဆုံကျေးရွာအပိုင် ကျောက်ကြီးတောင်တဲစုနေ ဒေါ်စိုးတင် (၇၀) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ ဒေါ်စိုးတင်၏ နေအိမ်နောက်ဖေး မီးဖိုခန်းအတွင်းရှိ ကျပ်ခိုးစင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁၂၀ ကာလတန်ဖိုးငွေကျပ် ၃၀၃၀၀၀၀၀ ခန့် သိမ်းဆည်းရမိသည်။ **(ယာပုံ)**

မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီက မိုင်းကိုင်မြို့ အမှတ်(၂)ရပ်ကွက် မဟာတ်ကျေးရွာနေ လုံးဝိ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**တင်စိုးလွင်**



| မြန်မာ့ရုပ်မြင်သံကြား | | |
|---|---|---|
| ၈-၁၀-၂၀၁၈ (တနင်္လာနေ့) | | |
| **နံနက်ပိုင်း** | | |
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၉း၂၅ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ “Memonier Cost in Iron (Germany)” |
| ၁၁း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၅၀ | - | “အသက်နှင့်သစ္စာ” ခါရာ၊ ရဲမွန်၊ ဇော်မှိုင်း၊ နန်းခင်ဇေယျာ (ဒါရိုက်တာ-ကျော်နှင်းဆီ) |
| ၁၃း၃၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါချောင်အန်း” (အပိုင်း-၆) |
| **ညပိုင်း** | | |
| ၁၆း၂၅ | - | “၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ” (သမိုင်းဘာသာရပ်) |
| ၁၆း၄၅ | - | “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၇၉) |
| ၁၇း၂၀ | - | “မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ခြင်း” |
| ၁၇း၃၀ | - | Yes or No Talk Show |
| ၁၈း၂၅ | - | ဥပဒေရေးရာအဖြာဖြာ “မေ့ကွက်ကိုရှာသူ” |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၄၉) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | စီးပွားရေးစကားဝိုင်း “မြန်မာနိုင်ငံလယ်ယာကဏ္ဍနှင့် SME ကဏ္ဍတွင် ငွေကြေးဖြည့်ဆည်းပံ့ပိုးဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်း” (အပိုင်း-၁) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝတစ်ခုအချစ်တစ်ခု” (အပိုင်း-၂၈) |

# ကျောက်ပန်းတောင်း၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၇**



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်၌ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ကွင်းဆက်တရားခံတစ်ဦးကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာဒုတိယရဲအုပ် လင်းလင်းဦး (မူးယစ်တပ်ဖွဲ့စု - ၁၇) မှ ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်အောင်သန့်ဇော်နှင့် ပူးပေါင်းအဖွဲ့များ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်နေ၊ သိန်းဇော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား၊ အလေးချိန် ၀ ဒသမ ၉ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

သိန်းဇော်အား စစ်ဆေးရာ မူးယစ်ဆေးဝါးများကို ညိမ်းမင်းသူ(ခ)ဝက်ကြီးထံမှ ဝယ်ယူထားကြောင်း ပြောဆိုသဖြင့် ညိမ်းမင်းသူ(ခ)ဝက်ကြီး သာယာအေးရပ်ကွက်နေသူ၏အိမ်သို့ ယင်းနေ့ မွန်းတည့် ၁၂ နာရီခွဲက ဆက်လက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၊ အလေးချိန် ၀ ဒသမ ၇၀ ဂရမ်နှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ သိန်းဇော်နှင့် ညိမ်းမင်းသူ(ခ)ဝက်ကြီးတို့အား ကျောက်ပန်းတောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ပုလဲမြို့နယ်၌ တရားမဝင်သစ်မျိုးစုံ လေးတန်ကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ပုလဲ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ အောက်တိုဘာ ၆ရက်က တရားမဝင်သစ်မျိုးစုံ လေးတန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ ခရိုင်စစ်ကြောင်းအဖွဲ့မှ တောအုပ်အောင်နိုင်စိုးနှင့်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းသည့်အဖွဲ့သည် အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က ဂျပ်ကျေးရွာ မြောက်ဘက်သုံးဖာလုံခန့်အကွာ ဂျပ် - အင်းတိုင်သာသွား လမ်းအနောက်ဘက်သို့ ဝင်ရောက်ရှာဖွေရာ တရားမဝင်သစ် ကျွန်းခွဲသားသုံးချောင်း (၀ ဒသမ ၂၉၇၆ တန်)၊ ပျဉ်းကတိုးခွဲသား ၁၄ ချောင်း (၁ ဒသမ ၄၆၂၆ တန်)၊ အင်ကြင်းသစ်ခွဲသားသုံးချောင်း (၀ ဒသမ ၂၈၂၆ တန်) နှင့် လင်းလျှောခွဲသား ၂ချောင်း (၀ ဒသမ ၂၉၇၈ တန်) ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဂျပ်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ချောင်းအနီးသို့ ဆက်လက်ရှာဖွေရာ ပျဉ်းကတိုးခွဲသားသုံးချောင်း (၀ ဒသမ ၁၇၈၄ တန်)၊ နှောသစ်ခွဲသားတစ်ချောင်း (၀ ဒသမ ၀၇၃၄ တန်) နှင့်လင်းလျှောခွဲသား ၁၃ ချောင်း (၁ ဒသမ ၆၇၁၂ တန်) ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သော တရားမဝင်သစ်မျိုးစုံ ၃၉ ချောင်း (၄ ဒသမ ၂၆ တန်) ကို ၅၉ မိုင်ဘိနယ်သစ်တောစခန်းသို့ သယ်ဆောင်ထိန်းသိမ်းထားရှိကြောင်းနှင့် တရားမဝင်သစ်များ ခိုးယူခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းလုပ်ကိုင်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်စေရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန် (၂) တွင် မီးလောင်မှုဖြစ်

**လှိုင်သာယာ အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာရှိ ရွှေလင်ပန်းစက်မှုဇုန် (၂) တွင် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းနှင့် ကျန်စစ်သားလမ်းထောင့် အမှတ် ၄၅၆ ရှိ ဦးဇေယျာမင်း (၃၂ နှစ်) ပိုင်ဆိုင်သော “မြ” ရေခဲစက်နှင့် 7 Star ပလတ်စတစ်နှင့် လူသုံးကုန်ပစ္စည်းစက်ရုံ၌ ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ level 3 ယာဉ်အုပ်စု မီးသတ်ယာဉ်များ ထွက်ခွာ မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို မီးသတ်ယာဉ် ၄၃ စီး၊ ရေသယ်ယာဉ် ၁၈ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ စက်တပ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်ရှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၉၁ ဦးနှင့် အရန်မီးသတ် ၁၆၃ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့် မီးလောင်မှုအကြောင်းရင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



# ရေတာရှည်မြို့နယ်၌ အရက်မူးပြီး ဇနီးဖြစ်သူနှင့် စကားများကာ ကိုယ့်အိမ်ကိုယ်မီးရှို့

**ရေတာရှည် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြို့ကုန်းကျေးရွာ၌ အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခန့်က လင်မယားချင်းစကားများရန်ဖြစ်ကာ ကိုယ့်နေအိမ် ကိုယ်မီးနှင့် ပြန်ရှို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြို့ကုန်းကျေးရွာတွင် ဒေါ်ခင်စိုး(၄၃ နှစ်) သည် နေအိမ်၌ ရှိနေချိန် ခင်ပွန်းဖြစ်သော ငွေခဲ (၄၇ နှစ်) မှာ အရက်မူးယစ်ကာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်စိုးကို ရန်လုပ်နေသဖြင့် ဒေါ်ခင်စိုးမှာ ရွာထဲရှိအသိနေအိမ်သို့ ရှောင်တိမ်းသွားခဲ့သည်။

ထိုသို့ ဇနီးဖြစ်သူ ထွက်ပြေးသွားသည်ကို မကျေမနပ်ဖြစ်ရာက ငွေခဲသည် ၎င်းတို့မိသားစုနေထိုင်သည့်အိမ်ကို မီးရှို့ခဲ့သဖြင့် တစ်အိမ်လုံးမီးလောင်ဆုံးရှုံးသွားခဲ့ခြင်း ဖြစ်ကြောင်းသိရ၍ ငွေခဲ၊ ကြို့ကုန်းကျေးရွာနေသူအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**

# ပင်လည်ဘူး၌ ဘိန်းဖြူ ဂရမ် ၆၆၀ သိမ်းဆည်းရမိ

**ကောလင်း အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် တုံးဖလားကျေးရွာအနီးမှ ငွေကျပ်သိန်း ၆၆၀တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအောက်တိုဘာ ၆ ရက် ည ၁၀ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးနိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူး-ကောလင်းသွားကားလမ်း မိုင်တိုင်အမှတ် ၄၀/၁ နှင့် ၂ ကြား တုံးဖလားကျေးရွာအနီးတွင် ကောလင်းမြို့ဘက်မှ စိန်မြင့်အောင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မျိုးမြင့်မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ စိန်မြင့်အောင်၏ဆိုင်ကယ်အတွင်းမှ ဘိန်းဖြူဂရမ် ၆၆၀၊ ကာလတန်ဖိုးငွေကျပ်သိန်း ၆၆၀ နှင့် မျိုးမြင့်ထံမှငွေစက္ကူရောရာ ၇၆၀၀၀ တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဗန်းမောက်မြို့နယ် မကျီးကုန်းကျေးရွာနေ စိန်မြင့်အောင်နှင့် မိုးကုတ်မြို့ ရှမ်းစုရပ်နေမျိုးမြင့်တို့နှစ်ဦးအား ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ဒုတိယရဲအုပ်မျိုးနိုင်ထံမှ သိရသည်။

**လူအောင်(ကသာ)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများတွေ့ရှိ ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၁ စီး၊ သွင်းကုန် ၄၆၉ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၉၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၇၈ သန်း၊ စုစုပေါင်းတားဆီးမှုရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၂၂၈ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၆ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ်ယာဉ်ငယ်လေးစီးနှင့်ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စီးကရက်အဖာ ၂၀ အပါအဝင် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၉၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေးကျင်းပနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာရှခရီးစဉ်စတင်

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ၎င်း၏ အောက်တိုဘာ ၆ ရက် အာရှခရီးစဉ်အတွင်း နျူကလီးယားကင်းစင်ရေး တိုးတက်မှုဖြစ်စဉ်များအရေးနှင့် ဒုတိယအကြိမ်မြောက် အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေးကျင်းပနိုင်ရေးတို့ကို ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အာရှခရီးစဉ်၏ ပထမဆုံးခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီအိုသည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အောက်တိုဘာ ၇ရက်တွင် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပွန်ပီအိုက မဟာမိတ်နှစ်နိုင်ငံအနေဖြင့် ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်၊ မည်သို့မည်ပုံ ဆက်လက်အကောင်အထည်ဖော်သွားမည်ဆိုသည့် တူညီသောအမြင်များရှိရန်နှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအောင်မြင်ရန် မည်သည့်အရာများလိုအပ်မည်ဆိုသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်များသည် မိမိနိုင်ငံ၏ ပိုင်နက်အပေါ် ဖြတ်ကျော်ပျံသန်းသွားမည်ဟု ရှုမြင်သုံးသပ်ပြီး ဂျပန်နိုင်ငံ ပျက်သုဉ်းအောင် ခြိမ်းခြောက်နေကြောင်း၊ ထို့အပြင် သမိုင်းကြောင်းအရလည်း မြောက်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံသည် တင်းမာမှုများ ရှိနေကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံကို ဆက်လက်ဖိအားပေးရန်လိုကြောင်း ပြောခဲ့သည်။

ယခုကဲ့သို့ ဖြစ်ပေါ်နေသော နှစ်နိုင်ငံ တင်းမာနေသည့် ကိစ္စရပ်များကို ကင်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေး ဖြေရှင်းရန်လိုအပ်ကြောင်း အာဘေးက မကြာသေးမီတွင် ပြောခဲ့သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ၎င်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ မသွားမီ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့အတွက် အပြည့်အဝသဘောတူညီမှုရှိရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက မြောက်ကိုရီးယားနိုင်ငံမှ လွန်ခဲ့သောဆယ်စုနှစ်များက ပြန်ပေးဆွဲသွားသည့် ဂျပန်နိုင်ငံသားများနှင့် ပတ်သက်ပြီး ကင်အား အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အဆိုပါ ပြန်ပေးဆွဲခံရသည့်ကိစ္စသည် ဂျပန်နိုင်ငံအတွက် အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း သိရသည်။ အာဘေးက မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှုနှင့် ယခုကိစ္စအပေါ် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အီရန်နိုင်ငံတွင် နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံး မိုးရွာသွန်းခဲ့သဖြင့် ခုနစ်ဦးသေဆုံး

**တီဟီရန် အောက်တိုဘာ ၇**

အီရန်နိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ကြောင်း အက်စ်နာသတင်းအေဂျင်စီက မကြာသေးမီက ဖော်ပြခဲ့သည်။

ရေကြီးမှုရုတ်တရက်ဖြစ်ပွားခဲ့သောကြောင့် မာဇန်ဒါရာ၊ ဂီလန်နှင့် ဂိုလက်စ်တန်ပြည်နယ်များရှိ လမ်းများ၊ လူနေအိမ်များနှင့် တံတားများပျက်စီးခဲ့ရုံမက အခြေခံအဆောက်အအုံများလည်း ကြီးကြီးမားမား ပျက်စီးဆုံးရှုံးခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အရေးပေါ်ရေကြီးမှုအတွင်း ဖြစ်ပေါ်ခဲ့သော ရေစီးကြောင်းထဲတွင် မော်တော်ယာဉ်များ မျောပါခဲ့ပြီး ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကာ ဓာတ်ငွေ့ပို့လွှတ်မှုများလည်း ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။



အောက်တိုဘာ ၅ ရက်မှစကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုက အီရန်နိုင်ငံမြောက်ပိုင်းဒေသတွင် နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုကို ဖြစ်ပွားစေခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသော ဒေသများမှ ပြည်သူများကို ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ အီရန်နိုင်ငံကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့က ကယ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံက ဂျော်ဂျီယာရှိ စမ်းသပ်ခန်းတွင် ဇီဝလက်နက်စမ်းသပ်မှုများကို ပြုလုပ်ဖွယ်ရှိကြောင်း ရုရှားဆို

**မော်စကို အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံသည် ဂျော်ဂျီယာနိုင်ငံရှိ အကြီးစားစမ်းသပ်ခန်းတစ်ခုတွင် ဇီဝလက်နက်စမ်းသပ်မှုများ ပြုလုပ်ဖွယ်ရှိကြောင်း ရုရှားနိုင်ငံ စစ်ဘက်ဆိုင်ရာ နျူကလီးယား၊ ဓာတုနှင့်ဇီဝလက်နက် ကာကွယ်ရေးဌာန တပ်မှူး အစ်ဂေါ ကီရယ်လော့ဗ်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

အစ်ဂေါကီရယ်လော့ဗ်က ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့သည့် အစီရင်ခံစာတွင် ဂျော်ဂျီယာနိုင်ငံ အမျိုးသားလုံခြုံရေးအေဂျင်စီ ညွှန်ကြားရေးမှူးဟောင်း ဂျီယော်ဂျီပေးပို့ခဲ့သည့် အချက်အလက်များအရ ဂျော်ဂျီယာနိုင်ငံ အလယ်ပိုင်းဒေသတွင် ရစ်ချာ့လူဂါအမည်ဖြင့် သုတေသနစင်တာတစ်ခုရှိပြီး ၂၀၁၁ ခုနှစ်မှစကာ လုပ်ငန်းလည်ပတ်မှုများ ဆောင်ရွက်နေကြောင်းနှင့် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ သန်း ၁၆၀ ခန့် အသုံးပြုကာ အဆိုပါသုတေသနစင်တာတွင် တည်ဆောက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အစီရင်ခံစာတွင် သုတေသနစင်တာအတွင်း အမေရိကန်နိုင်ငံ ကြည်းတပ်မှ အလုံးစုံအသုံးပြုသည့် အခန်းနှင့် အန္တရာယ်ကြီးသည့် ရောဂါပိုးကူးစက်ခံရသူများ ထားရှိသည့် အခန်းများလည်းရှိကြောင်း ဆက်လက်ဖော်ပြထားသည်။ အမေရိကန်နိုင်ငံက သုတေသနစင်တာတွင် ဇီဝလက်နက်ပြုလုပ်ခြင်း၊ ပို့ဆောင်ခြင်းနှင့် အသုံးပြုခြင်းများ ပြုလုပ်နေကြောင်း ဂျော်ဂျီယာနိုင်ငံ အမျိုးသားလုံခြုံရေးအေဂျင်စီ ညွှန်ကြားရေးမှူးဟောင်း ဂျီယော်ဂျီက ပြောခဲ့သည်။

အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်မှာ အမေရိကန်နိုင်ငံသည် ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးကိုအကြောင်းပြုကာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး နိုင်ငံတကာ ကန့်သတ်ချက်များကို ကျော်လွှားကာ ဇီဝလက်နက် ထုတ်လုပ်မှုများကို ဆောင်ရွက်နေဖွယ်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မြို့တော်ဆာနား၌ ဆန့်ကျင်ဆန္ဒပြခဲ့ကြသော ကျောင်းသားများကို ယီမင်သူပုန်များထိန်းသိမ်း

**ဆာနား အောက်တိုဘာ ၇**

စစ်ပွဲဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသည့် ယီမင်နိုင်ငံ၌ အလွန်အမင်း ဆင်းရဲခြင်းအပေါ် မကျေနပ်ဘဲ မြို့တော်ဆာနား၌ ဆန့်ကျင်ဆန္ဒပြခဲ့ကြသော ကျောင်းသားများကို ယီမင်သူပုန်များက မကြာသေးမီတွင် ထိန်းသိမ်းလိုက်ကြောင်း တက်ကြွလှုပ်ရှားသူများနှင့် မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

နာမည်ထုတ်ဖော်ပြောကြားခြင်းမရှိသော ဒေသခံ တက်ကြွလှုပ်ရှားသူများက ရှီးယိုက်ဟူသီလှုပ်ရှားမှုတွင် အမျိုးသမီး ၁၈ ဦးအပါအဝင် အနည်းဆုံး ကျောင်းသား ၅၅ ဦးခန့်ကို ဆာနားတက္ကသိုလ်အနီးတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒေသခံ တက်ကြွလှုပ်ရှားသူများက ငွေကြေးဖောင်းပွခြင်းနှင့် ငတ်မွတ်ခြင်းဘေးများအပေါ် ဆန္ဒပြရန် လှုံ့ဆော်ခဲ့ကြပြီးနောက် သူပုန်ထိန်းချုပ်ရာမြို့တွင် မည်သည့်ဆန္ဒပြမှုမဆို ပြုလုပ်သူများနှင့် အဆိုပါ ဆန္ဒပြမှုများတွင် ပါဝင်သူမည်သူမဆို ဖမ်းဆီးရိုက်နှက် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဟူသီအာဏာပိုင်များက သတိပေးပြောကြားထားကြောင်း မြို့နေဒေသခံများက ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးကို နှောင့်ယှက်သည့် လူအတော်များများကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဟူသီသူပုန်များက အောက်တိုဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသူများသည် အစိုးရလိုလားသည့် တပ်ဖွဲ့များနှင့် ဆက်သွယ်မှုရှိပြီး ကောလာဟလများ ဖြန့်ရန်နှင့် လုံခြုံရေးကို နှောင့်ယှက်သူများဖြစ်ကြောင်း ဟူသီသတင်းအေဂျင်စီဖြစ်သော ဆာဘားသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

ထိန်းသိမ်းခံအမျိုးသမီး၊ အမျိုးသားများက "ကျွန်တော်တို့ရဲ့ အသက်နဲ့ သွေးတွေကို ယီမင်အတွက် စွန့်လွှတ်ပါတယ်"ဟု ဆန္ဒပြကြွေးကြော်မှုများကို ကြွေးကြော်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဆန္ဒပြကျောင်းသား ကျောင်းသူများကို အနီးရှိ ဟူသီရဲစခန်းသို့ ခေါ်ဆောင်သွားကြောင်းနှင့် ထိုမှတစ်ဆင့် နေရာအတည်တကျ မသိရသောနေရာများသို့ ပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ဆာနားတက္ကသိုလ်ကိုလည်း လုံခြုံရေးအတွက် ပိတ်ထားလိုက်ကြောင်း သိရသည်။



ဟူသီသူပုန်များသည် ဆာနားတစ်ဝိုက် လုံခြုံရေးများတင်းကျပ်ထားကာ တက်ကြွလှုပ်ရှားသူ သို့မဟုတ် ဆန္ဒပြသူ နှိမ်နင်းရေးများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ၂၀၁၄ခုနှစ်ကတည်းက အီရန်မဟာမိတ် ဟူသီသူပုန်များသည် ဆော်ဒီထောက်ခံ သမ္မတအဘီဒရာဘိုမန်ဆောဟာဒီ အစိုးရကို ရင်ဆိုင်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရုရှားသို့ရောက်ရှိ

**မော်စကို အောက်တိုဘာ ၇**

မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏နှစ်ပေါင်းများစွာ မဟာမိတ်ဖြစ်သည့် ရုရှားနှင့် တရုတ်နိုင်ငံတို့မှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် မော်စကိုသို့ စနေနေ့က ရောက်ရှိလာခဲ့သည်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုးစွန်ဟွီသည် အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးမှုများပြုလုပ်သော ညှိနှိုင်းရေးအဖွဲ့တွင် ကြီးကြပ်သူတစ်ဦးလည်းဖြစ်သည်။

မော်စကိုလေဆိပ်တွင် ချိုးက ၎င်းအနေဖြင့် ဆွေးနွေးပွဲသုံးခုပြုလုပ်သွားရန် ရှိသည်ဟု ပြောကြားခဲ့ပြီးနောက် မြောက်ကိုရီးယားသံရုံးအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ တနင်္လာနေ့တွင် ရုရှားနှင့် ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး အင်္ဂါနေ့တွင် တရုတ်နိုင်ငံနှင့်အတူ သုံးနိုင်ငံ ဆွေးနွေးပွဲပြုလုပ်သွားမည်ဟု ရုရှားမီဒီယာများက ဖော်ပြကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် နျူကလီးယားလက်နက် ကင်းစင်ရေး ဆွေးနွေးရာတွင် တရုတ်နှင့်ရုရှားတို့မှ အထောက်အပံ့များ ရရှိလိမ့်မည်ဟု ချိုးက မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ အင်ဒိုနီးရှားသို့ ရောက်ရှိ

**ဂျကာတာ အောက်တိုဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် စက်တင်ဘာ ၂၈ ရက်က ပြင်းအား ၇ ဒသမ ၅ ရှိ ငလျင်လှုပ်ခဲ့ပြီးနောက် မီးစက်ကြီးများ၊ ရွက်ဖျင်တဲများ အပါအဝင် ကယ်ဆယ်ရေးအတွက် လိုအပ်သောပစ္စည်းများကို ဂျပန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ပေးပို့ခဲ့ရာ ယခုအခါ ကယ်ဆယ် ရေးပစ္စည်းများ ဆူလာဝေစီကျွန်းသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့သုံး လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခဲ့ရာ စနေနေ့ မွန်းလွဲပိုင်းတွင် ပါလူမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားတပ်ဖွဲ့သည် ငလျင်ဒဏ်ခံဒေသသို့ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးမည်ဖြစ်သည်။ ကယ်ဆယ်ရေး လှုပ်ရှားမှုများတွင်ပါဝင်ရန် ဂျပန် သယ်ယူပို့ဆောင်ရေး လေယာဉ်သည် နိုင်ငံပေါင်းစုံအုပ်စုတွင် ပါဝင်မည်ဖြစ်သည်။ လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှ အရာရှိက ၎င်းတို့တပ်ဖွဲ့သည် ဘေးဒုက္ခခံစားရသူများအတွက် ကယ်ဆယ်ရေး လုပ်ဆောင်မှုများတွင် ပါဝင်မည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သဘာဝဘေးက ဝါးမြိုလိုက်သော အသက်များ

**ချူးစန္ဒီနွေး**

**လူသားတွေ ကြိုတင်တားဆီးကာကွယ်လို့မရတဲ့ အရာတွေထဲမှာ သဘာဝဘေးအန္တရာယ်က ထိပ်ဆုံးကပါဝင်ပါတယ်။ သဘာဝဘေးကြောင့် အသက်ဆုံးရှုံးရမှု၊ ပစ္စည်းဥစ္စာဆုံးရှုံးရမှုတွေဟာလည်း မနည်းပါဘူး။ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်း ပါလူမြို့မှာ ပြင်းအား ၇ ဒသမ ၅ ငလျင်လှုပ်ခဲ့ပြီး နေအိမ်တိုက်တာ အဆောက်အအုံတွေ မြေကြီးအောက် ရောက်ကုန်ပါတယ်။**



### ရုပ်အလောင်းတွေရှာဖွေ

အင်ဒိုနီးရှားနိုင်ငံ ပါလူမြို့မှာ အင်အားပြင်းထန်လှတဲ့ ငလျင်နဲ့ ဆူနာမီ ရိုက်ခတ်ပြီးသွားတဲ့အချိန်မှာတော့ သေဆုံးသူတွေရဲ့ ရုပ်အလောင်းကို တူးဖော်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အင်ဒိုနီးရှားအာဏာပိုင်တွေကလည်း ရှာဖွေမှုလုပ်ငန်းတွေကို ရပ်ဆိုင်းခါနီးပါပြီ။ မြေပြင်အောက်မှာ ရောက်ရှိသွားတဲ့ အလောင်းတွေဟာလည်း အများအပြားပါပဲ။ တနင်္ဂနွေနေ့အထိ သေဆုံးသူအရေအတွက်ဟာ ၁၆၄၉ ဦးရှိတယ်လို့ ကြေညာခဲ့ပါတယ်။ ဆူလာဝေစီကျွန်းရဲ့ ပင်လယ်ကမ်းခြေမြို့မှာ ပျောက်ဆုံးနေတဲ့သူ ၁၀၀၀ ကျော်ခန့်ရှိနေပါသေးတယ်။ ဆူလာဝေစီကျွန်းမှာ ငလျင်လှုပ်မှုအပြီးမှာတော့ ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းတွေ လုပ်ဆောင်ဖို့ အင်ဒိုတပ်ဖွဲ့ဝင်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေ စုစုပေါင်း လူဦးရေ ၈၂၀၀၀ ခန့်ဟာ ငလျင်နဲ့ ဆူနာမီကြောင့် အကြီးအကျယ်ပျက်စီးသွားရတဲ့ ပါလူမြို့ကို ရောက်လာခဲ့ကြပါတယ်။

### ကယ်ဆယ်ရေးလုပ်ငန်း၏ အခက်အခဲများ

လက်တွေ့မှာ ကယ်ဆယ်ရေး လုပ်ငန်းတွေကို လုပ်ဆောင်ကြရတဲ့အခါမှာတော့ အခက်အခဲတွေ အများကြီးနဲ့ တွေ့ကြုံခဲ့ရပါတယ်။ သန့်ရှင်းသောသောက်သုံးရေရရှိဖို့နဲ့ ဆေးဝါးအထောက်အပံ့တွေရရှိဖို့ အခက်ကြုံခဲ့ရပါတယ်လို့ ကယ်ဆယ်ရေးအဖွဲ့သားတွေက ပြောပါတယ်။ နောက်ထပ် ကယ်ဆယ်ရေးသမားတွေ ကြုံတွေ့ရတဲ့ အခက်အခဲကတော့ အုတ်အကျိုးအပဲ့ အပျက်အစီးတွေအောက်က လူတွေကိုကယ်တင်ဖို့ စက်ကြီးတွေ မရှိတာပါပဲ။ စက်ကြီးတွေရလာပြန်တဲ့အခါမှာလည်း လောင်စာ အခက်အခဲနဲ့ ကြုံရပြန်ပါတယ်။ စက်တွေကိုမောင်းနှင်ဖို့၊ ကယ်ဆယ်ရေး ပစ္စည်းတွေကို သယ်ဆောင်ဖို့၊ မော်တော်ယာဉ်တွေ မောင်းနှင်ဖို့ရာ လောင်စာဆီပြတ်တောက်သွားပြန်ပါတယ်။ အစိုးရကတော့ လောင်စာဆီ အချိန်မီဖြည့်တင်းပေးနိုင်ဖို့ အစွမ်းကုန် ကြိုးစားပေးခဲ့ပါတယ်။ လမ်းတွေက ပျက်စီးနေတော့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။

### လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်

ဒီလိုမျိုး နှောင့်နှေးကြန့်ကြာမှုတွေပြီးတဲ့နောက် အပြည်ပြည်ဆိုင်ရာက အကူအညီတွေဟာ ငလျင်ဒဏ်ခံဇုန်ကို တဖွဲဖွဲရောက်ရှိလာပါတော့တယ်။ ကုလသမဂ္ဂရဲ့တွက်ချက်မှုအရတော့ လူပေါင်းနှစ်သိန်းခန့်ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လိုအပ်နေတယ်လို့ သိရပါတယ်။

### မျှော်လင့်ချက်နည်းလာ

အဆောက်အအုံတွေ အောက်မှာ အသက်ရှင်ကျန်ရစ်တဲ့ လူများရှိလေဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှစ်ရက်ကြာ ရှာဖွေမှုတွေ ပြုလုပ်ခဲ့ပေမယ့် မျှော်လင့်ချက်ရောင်ခြည်က တဖြည်းဖြည်း လျော့နည်းလာပါတယ်။ ဘာလာရိုအာ အစိုးရအိမ်ရာမှာ သေဆုံးသူဦးရေဟာလည်း မနည်းမနောပါပဲ။ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေဟာ အပျက်အစီးတွေ တောင်လိုယာလိုပုံနေတဲ့ အစိုးရအိမ်ရာအတွင်းမှာ အသက်ရှင်ကျန်ရစ်တဲ့လူ ဒါမှမဟုတ်ရင် အလောင်းတွေကိုရှာဖွေဖို့ရာ အစွမ်းကုန် ကြိုးပမ်းနေကြပါတယ်။ အပျက်အစီးတွေအောက် ရောက်နေတဲ့ အလောင်းတွေဟာလည်း မနည်းမနောပါပဲလို့ ကယ်ဆယ်ရေးနဲ့ ရှာဖွေရေး အေဂျင်စီကပြောပါတယ်။ အလောင်းတွေကိုသယ်ဆောင်လာတဲ့ တပ်ဖွဲ့ဝင်နှစ်ဦးကိုလည်း တွေ့ရပါတယ်။ သူတို့ရှာတွေ့ခဲ့တာကတော့ ဆယ်ကျော်သက်တစ်ဦးနဲ့ ကလေးတစ်ဦးရဲ့ ဦးခေါင်းတွေပါပဲ။ "ဒီနေရာမှာ အသက်ရှင်ကျန်ရစ်သူဆိုတာ မရှိပါဘူး။ ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ ရှာဖွေသယ်ထုတ်လို့ ရသမျှကတော့ အလောင်းတွေချည်းပါပဲ"လို့ တပ်ကြပ်ကြီးတစ်ဦးက ပြောပါတယ်။ ဟိုတယ် Roa Roa မှာလည်း အစောပိုင်းကာလတုန်းက အသက်ရှင်ကျန်ရစ်တဲ့လူ ရှိလောက်သေးတယ်လို့ လူအချို့က ထင်ကြပါတယ်။ ဒါပေမယ့် ရက်တွေကြာလာတဲ့အခါ မျှော်လင့်ချက်လည်း သိပ်မရှိတော့ပါဘူး။ ကယ်ဆယ်ရေးသမားတွေကတော့ ဘယ်နေရာမှာများ ဧည့်သည်တွေရဲ့အလောင်းတွေ ရှိနေနိုင်မလဲဆိုပြီး စီစီတီဗွီကို ပြန်ကြည့်တာတွေ လုပ်ခဲ့ကြပါတယ်။

### ရှာဖွေမှုတွေအဆုံးသတ်တော့မှာလား

အသက်ရှင် ကျန်ရစ်တဲ့သူတွေကို ရှာဖွေကယ်ဆယ်မှုတွေ ပြုလုပ်တာကို ရပ်ဆိုင်းဖို့ တရားဝင်ကြေညာချက်တော့ မထုတ်ပြန်သေးပါဘူး။ ဒါပေမယ့် အသက်ရှင်ကျန်ရစ်သူတွေကို တွေ့နိုင်မယ့် မျှော်လင့်ချက်ကတော့ အလွန်ကို နည်းနေပါပြီ။ ငလျင်ဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရတဲ့နေရာမှာ ဂူသင်္ချိုင်းအဖြစ်သတ်မှတ်ထားပြီး ဘယ်သူမှမထိဘဲထားဖို့ ဒေသခံ ခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေနဲ့ ဆွေးနွေးတိုင်ပင်နေတယ်လို့ လုံခြုံရေးဝန်ကြီး ဝီရန်တိုကပြောပါတယ်။ သေဆုံးသူတွေရဲ့ အလောင်းကိုရှာဖွေမှုတွေ အဆုံးသတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီကိစ္စကို ဆုံးဖြတ်ချက်ချဖို့ လိုတယ်လို့ သူက ဆက်ပြောပါတယ်။

### ကူးစက်ရောဂါစိုးရိမ်ရ

ဘာလို့လဲဆိုရင် ပုပ်သိုးနေတဲ့ အလောင်းတွေကြောင့် လူတွေရဲ့ကျန်းမာရေးကို ထိခိုက်မှာစိုးရိမ်တဲ့အတွက်ကြောင့်ပါပဲ။ ကယ်ဆယ်ရေးသမားတွေ ရှာဖွေတွေ့ရှိတဲ့ အလောင်းတွေဟာ ပျက်စီးနေပါပြီ။ ဒါဟာကယ်ဆယ်ရေးသမားတွေရဲ့ ကျန်းမာရေးကိုထိခိုက်နိုင်ပါတယ်။ ကူးစက်ရောဂါတွေ ဖြစ်ပွားမှာကို အထူးဂရုပြုနေရပါတယ်လို့ ရှာဖွေရေးနဲ့ကယ်ဆယ်ရေး အေဂျင်စီက ပြောရေးဆိုခွင့်ရှိသူ ယူဆွတ်ဖ်က ပြောပါတယ်။ ကယ်ဆယ်ရေးသမားတွေအားလုံးကို ကာကွယ်ဆေးတွေထိုးပြီးဖြစ်ပေမယ့် သတိထားဖို့တော့ လိုအပ်ပါတယ်။

### သတိပေးမှုတွေပြုလုပ်ထား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီသဘာဝဘေးကြောင့် သေဆုံးခဲ့ရတဲ့ သူတွေရဲ့ အလောင်းတွေက ကူးစက်ရောဂါတွေ ဖြစ်ပွားနိုင်တယ်ဆိုတဲ့ သက်သေတော့ ပြစရာမရှိပေမယ့် အလောင်းတွေကို ကိုင်တွယ်ရတဲ့အတွက် ကာလဝမ်းရောဂါ၊ တီဘီရောဂါ၊ တခြားသော ကူးစက်ရောဂါတွေဖြစ်ပွားနိုင်တယ်လို့လည်း သတိပေးထားပါတယ်။ ဆေးရုံတွေမှာလည်း ဝန်ထမ်းအင်အား နည်းပါးတာတွေ၊ ထောက်ပံ့ရေးပစ္စည်း လိုအပ်နေတာတွေနဲ့ ကြုံတွေ့နေရပါတယ်။

### စူပါမားကတ်ပြန်ဖွင့်ပေး

စူပါမားကတ်တွေဟာလည်း အင်ဒိုတပ်ဖွဲ့ဝင်တွေရဲ့ အစောင့်အရှောက်နဲ့သာ ဖွင့်ရပါတယ်။ ပြီးတော့ လူတွေကိုလည်း စူပါမားကတ်ထဲ အဝင်မခံပါဘူး။ အပေါက်ကနေသာပစ္စည်းတွေကိုဖြန့်ဝေပေးပါတယ်။ ထရပ်ကားပေါင်း ၅၀၀ ခန့်နဲ့ အစားအစာ၊ ဟင်းချက်ဆီနဲ့ အခြားသောလိုအပ်တဲ့ပစ္စည်းတွေကို တင်ဆောင်လာပြီး လှူဒါန်းမှုတွေ ပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။ ငလျင်ကြောင့် ဘေးဒုက္ခခံစားနေရတဲ့ ပြည်သူတွေကို အကူအညီပေးဖို့ ဒေါ်လာ ၅၀ ဒသမ ၅ သန်းအကူအညီ ရရှိဖို့လည်း ကုလသမဂ္ဂက ကြိုးစားနေတယ်လို့ သောကြာနေ့က ကြေညာခဲ့ပါတယ်။

### သဘာဝဘေးခံစားရသော ပြည်သူများ

ထောက်ပံ့ရေး ပစ္စည်းတွေ အချိန်မီ ရောက်ရှိဖို့ကတော့ ကြီးမားတဲ့ အခက်အခဲပါပဲ။ ပါလူလေဆိပ်ဟာလည်း သေးငယ်တဲ့အတွက် လေယာဉ်တွေ အများကြီးဆိုက်လို့ မရဘူးဖြစ်နေပါတယ်။ ဆွစ်အကူအညီပေးရေးအဖွဲ့ကလည်း အရေးပေါ် ခိုလှုံရာနေရာတွေ ဆောက်လုပ်ပေးဖို့နဲ့ သောက်ရေရရှိဖို့ ကွင်းဆင်း ဆောင်ရွက်နေပါတယ်

အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာပေါ်မှာ ငလျင်အလှုပ်ဆုံး နေရာတွေထဲက တစ်ခုဖြစ်ပြီး သန်း ၂၆၀ သော ပြည်သူတွေဟာ ငလျင်ဒဏ်၊ ဆူနာမီနဲ့ မီးတောင်ပေါက်ကွဲမှုတို့ကို ခံစားနေရပါတယ်။ ဒါတွေဟာ ရှောင်လွှဲလို့ မရနိုင်သော သဘာဝဘေးတွေပါပဲ။ ။

**ကိုးကား -အေအက်ဖ်ပီ**

> **"အဆောက်အအုံတွေအောက်မှာ အသက်ရှင်ကျန်ရစ်တဲ့လူများ ရှိလေဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှစ်ရက်ကြာ ရှာဖွေမှုတွေ ပြုလုပ်ခဲ့ပေမယ့် မျှော်လင့်ချက်ရောင်ခြည်က တဖြည်းဖြည်း လျော့နည်းလာ"**

# ရေကြီးနစ်မြုပ်ပျက်စီးသော ဂန္ဓမာပန်းစိုက်တောင်သူများသို့ ဓာတ်မြေဩဇာများ ထောက်ပံ့

**အုတ်တွင်း အောက်တိုဘာ ၇**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာ၌ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီရေကြီး နစ်မြုပ်ပျက်စီးခဲ့သော ဂန္ဓမာပန်းစိုက်တောင်သူများအား ယမန်နေ့က ဓာတ်မြေဩဇာ




နှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က မိုးစပါးပျက်စီးကေများအတွက် ယနေ့အထိ မျိုးစပါး စုစုပေါင်း ၂၅၄၁၆ တင်း ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခု ဝါးတီးကျေးရွာ ဂန္ဓမာပန်းပျက်စီးကေများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပေးပို့လှူဒါန်းထားသော ကွန်ပေါင်းဓာတ်မြေဩဇာများကို တောင်သူများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဝန်ကြီးချုပ်က တောင်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ရွှေအိုးစည် ကွန်ပေါင်းဓာတ်မြေဩဇာ တစ်ဧကနှစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၉၆ အိတ်တို့အား ကျေးရွာအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခဲ့သော သီးနှံစိုက်ပျိုးကေ စုစုပေါင်း ၂၇၀၈၉၅ ကေပျက်စီးခဲ့ရာ မိုးစပါးကေမှာ ၂၆၈၉၉၀ ပျက်စီးခဲ့သည်။ ဝါးတီးကျေးရွာတွင် ဂန္ဓမာပန်းစိုက်ကေ ၄၈ ကေ ပျက်စီးခဲ့သောကြောင့် တောင်သူ ၁၄၁ ဦး ထိခိုက်နစ်နာခဲ့ရကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# မိုးစပါးရေမြုပ်ပျက်စီး လယ်မြေတောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့

ဘားအံ အောက်တိုဘာ ၇

**ကရင်ပြည်နယ်အတွင်း နှစ်လနီးပါးခန့် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် စိုက်ပျိုးပြီးမိုးစပါးကေ သုံးသောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယမန်နေ့က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မိုးစပါး ရေကြီးနစ်မြုပ် ပျက်စီးလယ်မြေတောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။**

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဘားအံမြို့နယ် စုပေါင်းရုံးတွင် ဌာနဆိုင်ရာများ စိုက်ပျိုးနိုင်ရန်အတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးခဲ့ပြီး မိုးစပါး ရေကြီး နစ်မြုပ်ပျက်စီးလယ်မြေတောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာအိတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အဆိုပါ ဓာတ်မြေဩဇာများမှာ ဝတ်ကြီး တိုက်နယ်အတွက် ၃၄၂ အိတ်၊ မိဇ်တိုက်နယ်အတွက် ၁၂၀ အိတ်၊ အိန္ဒြူတိုက်နယ်အတွက် အိတ် ၁၀၀၊ မြို့မတိုက်နယ်အတွက် ၁၀၉ အိတ်၊ ဇာသပြင်တိုက်နယ်အတွက် ၇၀၇ အိတ်၊ ဂျိုင်းတိုက်နယ်အတွက် ၆၇၆ အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပထမအကြိမ် ထောက်ပံ့ပေးမှုအနေဖြင့် စက်တင်ဘာ ၃၀ ရက်ကကော့ ထမ္မလိန်း၊ ဘားကပ်၊ ထုံးအိုင်တိုက်နယ်များအတွက် ၂၉၇၂ အိတ် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကာ ဘားအံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံပျက်စီးမှု ၂၅၁၃၃ ကေအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀၂၇ အိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ပြည်နယ်တစ်ခုလုံး အနေဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မိုးမြေပဲ၊ ချက်ကြံရင့် စိုက်ကေ ၃၂၁၆၉ ကေအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၆၄၃၄ အိတ်ကို တောင်သူလယ်သမားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီဖြစ်ပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရွှေလျားသီးနှံကာကွယ်ရေးဌာနခွဲ၊ ရွှေလျား မြေဆီလွှာဓာတ်ခွဲဌာနနှင့် မျိုးစေ့ဌာနခွဲတို့မှ ပြသထားသော စိုက်ပျိုးရေးသုံး ပစ္စည်းကိရိယာများနှင့် တောင်သူ အသိပညာပေးခြင်း လုပ်ငန်းများကို ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# သက်ကြီး ဘိုးဘွားများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

**ကျောက်ကြီး အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားမှုနှင့်အညီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဌွေ၊ တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်၊ စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်လဝက ဦးစီးမှူး ဦးညီဇော်ဌေးနှင့် ဌာနဝန်ထမ်းအဖွဲ့များ၊ NRC အဖွဲ့များနှင့် ပူးပေါင်းပြီး မုန်းဒေသရှိ အသက် ၈၅ နှစ် နှင့် ၈၅ နှစ် အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် လဝကဦးစီးမှူး ဦးညီဇော်ဌေးက "လာမယ့် ဘတ်ဂျက်ကာလမှာ အသက် ၈၅ နှစ်ကနေ လူမှုရေးပင်စင်တွေ စပေးတော့မှာဖြစ်လို့ လူမှုရေးပင်စင်ရရှိမယ့် ဘိုးဘွားဦးရေတိုးလာပြီး ဘိုးဘွားတွေလက်ထဲမှာရှိတဲ့ မှတ်ပုံတင်ကတ်ပြားတွေလည်း ပျောက်ဆုံးပျက်စီးမှုတွေရှိလာတဲ့အတွက် လူမှုရေးပင်စင်ထုတ်ယူတဲ့နေရာမှာ လွယ်ကူချောမွေ့စေဖို့နဲ့ ဘိုးဘွားတွေရှိတဲ့ အိမ်တွေမှာ တစ်အိမ်တက်ဆင်း လာရောက်ကွင်းဆင်းဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်အတွင်း မိမိတို့ဌာန စာရင်းအရ ဘိုးဘွားဦးရေ ၆၅ ဦးခန့်ရှိပြီး ယခု မုန်းဒေသရှိ ဘိုးဘွား ၁၄ ဦးကို နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးပြီးဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျန်ရှိနေသေးတဲ့ ဘိုးဘွားတွေကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကွင်းဆင်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းမှ ထောက်ပံ့ငွေပေးအပ်

**အင်းတော် အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၅ ရက်က အင်းတော်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်းသို့ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ကျောင်းလျှင် ပေးအပ်ငွေ ငွေကျပ် ၃၅၀၀၀၀ ကို သက်ဆိုင်ရာကျောင်း ၁၅ ကျောင်းရှိ တာဝန်ခံများအား တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနကိုယ်စား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# အခြေခံဂျပန်စကားပြောသင်တန်း အခမဲ့ဖွင့်

**ပြည်ကြီးတံခွန် အောက်တိုဘာ ၇**

မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၏ Youth Club လှုပ်ရှားမှုအဖြစ် စတုတ္ထအကြိမ် အခြေခံဂျပန်စကားပြော အခမဲ့သင်တန်းဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့အား အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် အခမဲ့ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကာ သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့လာရောက် သင်ကြားနိုင်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ခရိုင်လူထုအခြေပြုဗဟိုဌာန ဖုန်း၀၂-၀၀၉၈၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**နိုင်ငံတကာ အနုပညာသတင်း**

# နိုင်ငံတကာနဲ့ ဒေသတွင်း ရုပ်ရှင်လောကသားတွေရဲ့ အာရုံကို ဖမ်းစားနိုင်စွမ်းရှိတဲ့ ကိုရီးယား ဘူဆန်ရုပ်ရှင်ပွဲတော်

**ဆိုးလ် အောက်တိုဘာ ၇**

(၂၃) ကြိမ်မြောက် ဘူဆန်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၄ ရက်မှ ၁၃ ရက်အထိ တောင်ကိုရီးယားတောင်ပိုင်းမြို့တစ်မြို့ဖြစ်တဲ့ ဘူဆန်မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပါတယ်။

အဆိုပါ ရုပ်ရှင်ပွဲတော်မှာ ကမ္ဘာ့နိုင်ငံပေါင်း ၇၉ နိုင်ငံက ရုပ်ရှင်ဇာတ်ကားပေါင်း ၃၂၄ ကား အသားပေးပြသခဲ့တယ်လို့ သိရသလို နိုင်ငံရေးအဆင်မပြေမှုတွေကြားထဲက နောက်ဆုံးမှာ ပြန်လည်ထွက်ပေါ်လာတဲ့ ဘူဆန်ရုပ်ရှင်ပွဲတော်ဟာ နိုင်ငံတကာနဲ့ ဒေသတွင်း ရုပ်ရှင်လောကသားများရဲ့ အာရုံကို ဖမ်းစားနိုင်စွမ်းလည်းရှိခဲ့ပါတယ်။

တိုင်ဖွန်းကွန်ရေးရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ ခြိမ်းခြောက်မှုဟာ ဒေသတွင်းနဲ့ ကမ္ဘာ့ရုပ်ရှင်၊ ဂီတနယ်ပယ်မှ အထင်ကရ ပုဂ္ဂိုလ်တွေ၊ ဂုဏ်သရေရှိ ရွှေပွဲလာတွေနဲ့ ဝန်းရံထားတဲ့ ငွေရောင်အနားကွပ်တွေ တဖျပ်ဖျပ်လက်နေတဲ့ ရောင်စုံမီးများကြားက တခမ်းတနားကျင်းပနေတဲ့ ဘူဆန်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို ကလူကျီစယ်သလို ဖြစ်နေပါတော့တယ်။

ယခုနှစ် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲမှာ တောင်ကိုရီးယားဒါရိုက်တာ ဂျေရိုယွန်ရဲ့ "လှပသောနေ့ရက်များ" ရုပ်ရှင်ဇာတ်ကားနဲ့ စတင်မိတ်ဆက်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဇာတ်ကားမှာ အောင်မြင်မှုကို ရှာဖွေရင်း လမ်းပျောက်ခဲ့ရတဲ့ မြောက်ကိုရီးယားမိသားစုတစ်စု ပြန်လည်ပေါင်းဆုံနိုင်ခဲ့တာကို တင်စားဖော်ပြထားပါတယ်။

တစ်ဖက်ကကြည့်ရင်လည်း ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဟာ ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်နွေးထွေးလာစေဖို့ ကိုယ်စားပြုတဲ့ပွဲတစ်ခုလည်း ဖြစ်ပါတယ်။

နာမည်ကြီး အာရှဂီတနဲ့ အနုပညာလောကမှ သရုပ်ဆောင်များဖြစ်ကြတဲ့ တောင်ကိုရီးယား အဆိုတော်နဲ့ သရုပ်ဆောင် ချွိုင်ဆိုယောင်၊ ဟောင်ကောင်နာမည်ကျော်မင်းသမီး သရုပ်ဆောင် ဆန်မီချန်၊ နာမည်ကြီး တရုတ်သရုပ်ဆောင် ကျောက်တောက်၊ ဂျပန်သီချင်းရေးဆရာနဲ့ စန္ဒရားဆရာ ရူအိချိဆာကာမိုတို၊ တောင်ကိုရီးယား သရုပ်ဆောင် ဂျန်ဒေါင်ဂန်၊ ဟွမ်ဘင်၊ ဟောင်ကောင် ဒါရိုက်တာ စတန်လေကွမ်၊ ဟောင်ကောင်မင်းသမီး ဘိုင်ဟီဘိုင်၊ ကိုရီးယားနာမည် ကျော်မင်းသမီး လီနယောင် စသည်တို့အပြင် အခြားနာမည်ကြီး အကျော်အမော်များလည်း တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ကိုရီးယားဇာတ်လမ်းများဟာ ကမ္ဘာတစ်ဝန်း ရေပန်းစားလျက်ရှိပြီး ထိုးဖောက်နိုင်စွမ်းရှိတယ်လို့ ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ဥက္ကဋ္ဌ ဒါရိုက်တာ လီယောင်ကွမ်းက ပြောသည်။ ရုပ်ရှင်ဇာတ်ကားများဟာ လူတွေရဲ့ဘဝပုံရိပ်ကို ထင်ဟပ်စေပြီး လူသားတွေကြား နားလည်မှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ မေတ္တာတရားတွေပြန့်ပွားလာအောင် ဆောင်ရွက်ပေးသလို ရုပ်ရှင်ပွဲတော်ကလည်း အဲဒီထက် မလျော့ပါဘူးလို့ ဂျပန်သီချင်းရေးဆရာ ဆာကာမိုတိုက မှတ်ချက်ပြုပြောခဲ့ပါတယ်။

**လင်းလင်းကို**



ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသည့် "လှပသောနေ့ရက်များ" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာ ဂျေရိုယွန်နှင့် တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး လီနယောင်တို့ကို တွေ့ရစဉ်။

# မြိတ်ခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လမ်း ၈၉ လမ်းနှင့် တံတားအစင်း ၆၀ တည်ဆောက်မည်

**မြိတ် အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၂၅ ဒသမ ၄၆ ဘီလီယံခန့်ဖြင့် လမ်း ၈၉ လမ်းနှင့် တံတားအစင်း ၆၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။




၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနမှ လမ်းလုပ်ငန်း ၁၈ ခုနှင့် တံတားလုပ်ငန်း ၁၁ ခုတို့အတွက် ရန်ပုံငွေကျပ် ၄ ဒသမ ၉၆ ဘီလီယံခန့်ဖြင့် လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းလုပ်ငန်း ၄၉ ခု၊ တံတားလုပ်ငန်း ၁၇ ခုတို့အတွက် ရန်ပုံငွေကျပ် ၁၁ ဒသမ ၀၀ ဘီလီယံခန့်ဖြင့် လည်းကောင်း၊ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၂၄) မှလမ်းလုပ်ငန်း ၂၂ ခု၊ တံတားလုပ်ငန်း ၃၂ ခုတို့အတွက် ရန်ပုံငွေကျပ် ၉ ဒသမ ၅၀ ဘီလီယံခန့်ဖြင့် လည်းကောင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများမှ သိရသည်။

မြိတ်ခရိုင်အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်တိုဘာ ၅ ရက်က မြိတ်ခရိုင်လမ်းဦးစီးဌာန အစည်းအဝေးခန်းမတွင် လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇယ်ဆီ၊ ကတ္တရာ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်း၊ သစ်၊ သဲများစသော ပစ္စည်းတင်ဒါများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ပထမအကြိမ် တင်ဒါဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပစ္စည်းတင်ဒါများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများဖြင့် ပထမအကြိမ် ပွင့်လင်းမြင်သာစွာ တင်ဒါဖွင့်လှစ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တင်ဒါလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ရေစကြိုမြို့နယ်မှ ကျွန်းထဲရွာရှစ်ရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရန် စတင်ဆောင်ရွက်

**ရေစကြို အောက်တိုဘာ ၇**

ရေစကြိုမြို့နယ်အတွင်းရှိ ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံနေရာ မြစ်နှစ်ခုကြားမှ ကျွန်းထဲကျေးရွာရှစ်ရွာ၌ Solar Minigrid စနစ်ဖြင့် လျှပ်စစ်မီးရရှိရန်အတွက် ယခုနှစ် အောက်တိုဘာလမှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားတွင် ကျွန်းထဲကျေးရွာပေါင်း ၄၀ ကျော်ခန့်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာရှစ်ရွာ၌ Solar Minigrid စနစ်ဖြင့် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောင်လာမည့်နှစ်များတွင်လည်း ကျန်ရှိနေသည့် ကျွန်းထဲကျေးရွာများ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

မီးလင်းရေးဆောင်ရွက်မည့် ရွာရှစ်ရွာမှာ မြေတော်ကျေးရွာ၊ သပြေပင်ကျေးရွာ၊ ညောင်မွေးပင်ကျေးရွာ၊ ဆည်သည့်မြင်ကျေးရွာ၊ ကိုင်းကျေးရွာ၊ ဘိစပ်ကုန်းကျေးရွာ၊ မြေစွန်းကျေးရွာနှင့် ငတရော်ကျေးရွာတို့ဖြစ်ပြီး အဆိုပါ ကျွန်းထဲကျေးရွာများသည် မြစ်နှစ်ခုကြားတွင် တည်ရှိနေ၍ နောင် ၁၀ နှစ်ကျော်ကာလအတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် ခက်ခဲသောကြောင့် ယခုကဲ့သို့ ဆိုလာစနစ်ဖြင့် မီးရရှိရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုရွာရှစ်ရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်း၏ ကုန်ကျငွေများကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ စီမံကိန်းဆောင်ရွက်မည့် ပါရမီကုမ္ပဏီက ၂၀ ရာခိုင်နှုန်းနှင့် ကျေးရွာနေပြည်သူလူထုမှထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာနေ ပြည်သူလူထုထည့်ဝင်ရမည့် ၂၀ ရာခိုင်နှုန်းကို တည် ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ခုနစ်လအတွင်း ခုနစ်ကြိမ်ခွဲ၍ အရစ်ကျကောက်ခံသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုလုံး စုစုပေါင်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁၆ သိန်းကျော်ဖြစ်ကာ ကျေးရွာရှစ်ရွာတွင် အိမ်ခြေ ၁၄၄၂ အိမ်ရှိ၍ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၇၀၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများကို အောက်တိုဘာလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ ဧပြီလတွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးပါက ရွာရှစ်ရွာအတွင်းရှိ အိမ်ခြေ ၁၄၄၂ အိမ်တွင် နေထိုင်ကြသော လူဦးရေ ၆၆၅၉ ဦးအတွက် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးအသုံးပြုနိုင်ပါက မီတာခကောက်ခံခြင်းကို ကုမ္ပဏီက ၁၀ နှစ်ကြာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်ယူနစ်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်ကျော်ဝေးသော ကျေးရွာများနှင့် နောင် ၁၀ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိနိုင်သေးသော ကျေးရွာများတွင် NEP စီမံကိန်းအရ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းက ရွာသုံးရွာတွင်လည်းကောင်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်က ရွာတစ်ရွာတွင်လည်းကောင်း မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျွန်းထဲကျေးရွာ ရှစ်ရွာ၌ လျှပ်စစ်မီးရရှိအောင် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အိမ့်နွန်ဆွေ(ရေစကြို)**

# မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**လွယ်ဂျယ် အောက်တိုဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က လွယ်ဂျယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးမောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် လွယ်ဂျယ်မြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရပ်ကွက် ကျေးရွာအလိုက် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကိုယ်စားလက်ခံခဲ့ကြပြီး ကောင်နန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆန်လီက ကျေးဇူးတင်စကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် လွယ်ဂျယ်မြို့ ရပ်ကွက်ကျေးရွာ ခုနစ်ခုအတွင်း မသန်စွမ်းသူ စုစုပေါင်း ၂၃၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**




# ရေတာရှည်မြို့တွင် မီးပွိုင့်များဖြင့် ယာဉ်လမ်းကြောင်းထိန်းသိမ်းမှုများ စတင်

**ရေတာရှည် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့သည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရုံးစိုက်ရာမြို့တစ်မြို့ဖြစ်ပြီး ရန်ကုန်-မန္တလေးကားလမ်းကို ခွလျက်တည်ရှိသောမြို့လည်းဖြစ်သည်။ ရန်ကုန်-မန္တလေးကားလမ်းသည် မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှုပမာဏ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာသည့်အလျောက် အစုန်အဆန်မောင်းနှင်သွားလာလျက်ရှိကြသော ယာဉ်ကြီး၊ ယာဉ်ငယ်တို့ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး၊ မြို့တွင်းဖြတ်သန်းမောင်းနှင်သည့်အခါ သတ်မှတ်မိုင်နှုန်းဖြင့်မောင်းနှင်စေရေး၊ ခရီးသွားလာကြသော အများပြည်သူ ယာဉ်အန္တရာယ်မှကင်းဝေးနိုင်စေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရန်ကုန်-မန္တလေးကားလမ်းနှင့် ကရင်ချောင်းလမ်း-မြဝတီလမ်း၊ ရန်ကုန်-မန္တလေးကားလမ်းနှင့် ဈေးလမ်းဆုံနေရာများတွင် မီးပွိုင့်များ တပ်ဆင်ခဲ့ပြီး ယမန်နေ့မှစတင်၍ စမ်းသပ်အသုံးပြုနေပြီ ဖြစ်သည်။

“စတပ်ထားကာစဆိုတော့ တောဘက်ကတက်လာတဲ့ ဆိုင်ကယ်သမားတွေ ယောင်နနတွေ ဖြစ်နေတယ်။ နောက်ပိုင်းတော့အသားကျသွားမှာပါ။ ခုလို မီးပွိုင့်တွေ တပ်ပေးတာ။ ကျွန်တော်တို့မြို့ခံတွေက ဝမ်းလည်းသာတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ဘာလို့ လဲဆိုတော့ ၂၂ ဘီး ထွေလာကုန်တင်ယာဉ်တွေ ဆီဘောက်ဆာကားတွေက မြို့တွင်းလမ်းမှာ အရှိန်မလျှော့ဘူး။ အရမ်းမောင်းတာ။ ယာဉ်တိုက်မှုတွေဆိုလည်း ခဏခဏဖြစ်တာ။ ခုတော့ မြို့တွင်းအချက်အချာကျတဲ့နေရာတွေမှာ မီးပွိုင့်တွေတပ်လိုက်တော့ ကားသမားတွေလည်း သိသွားပြီး ဆိုင်ကယ်မောင်းတဲ့လူတွေလည်း အရင်တုန်းကလို မောင်းချင်သလို မမောင်းရဲတော့ဘူး။ ယာဉ်အန္တရာယ်အတွက် စိတ်အေးသွားရတာပေါ့”ဟု ရေတာရှည်မြို့ခံတစ်ဦးက ပြောသည်။

**သန်းလွင်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၈၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၅၅/၁၁၀၀ ကျပ် | ၁၁၃၀/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅/၁၀၅၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၅/၁၁၀၅ ကျပ် | ၁၁၆၅/၁၁၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၈ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၆ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၂၄ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၇ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၁၁၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ထိုင်းနိုင်ငံ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် ထိုင်းနိုင်ငံနဲ့ ငယ်စဉ်ကတည်းက ဆက်စပ်မှုရှိခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်လောက်က မိဘများနဲ့အတူ ပထမအကြိမ် ရောက်ဖူးတာ။ ဖခင်က မြန်မာသံရုံးမှာ စစ်သံမှူးကြီးတာဝန်ယူခဲ့စဉ် မောင်နှမခုနစ်ယောက် အတူသွားခဲ့ကြတယ်။ ဗန်ကောက်မြို့မှာ ဖွင့်လှစ်ထားတဲ့ အပြည်ပြည်ဆိုင်ရာကျောင်းမှာတက်ခဲ့တယ်။ နှစ်နှစ်နေပြီး ကျွန်တော်တို့အကြီးငါးယောက်က မြန်မာပြည် ပြန်ခဲ့ကြတယ်။ မြန်မာစာသင်ဖို့။ ကျွန်တော် မှတ်မိနေတာက ဗန်ကောက်လေယာဉ်ကွင်း။ ရန်ကုန်နဲ့ နှိုင်းယှဉ်ရင် ခပ်သေးသေး။ ရန်ကုန်က အရှေ့တောင်အာရှမှာ အချက်အချာကျပြီး ဗဟိုပြုနေတဲ့နေရာ။ လေယာဉ်တွေ ရန်ကုန်မှာ ဆိုက်ပြီးမှ တခြားနိုင်ငံတွေ ပျံသန်းခဲ့တာ။ ဒီအကြောင်းပြောရင် မယုံနိုင်တဲ့ ပုံပြင်တစ်ခု။

နောက်တစ်ကြိမ်က ဗန်ကောက်မြို့မှာ တည်ရှိတဲ့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှာ တာဝန်ယူစဉ် ခရစ်နှစ် ၂၀၀၀။ ဒါပေမယ့် တစ်နှစ်လောက်ပဲနေရပြီး နောက်တစ်နေရာ ပြောင်းရွှေ့ခဲ့တယ်။ တိုက်ဆိုင်မှုတစ်ခုအနေနဲ့ သမီးလေးဟာ ဗန်ကောက်မှာပဲ ကျောင်းစတက်ခဲ့တာ။

နောက်ပိုင်းမှာတော့ မကြာမကြာ ရောက်ဖြစ်တယ်။ ဆေးစစ်ဖို့၊ “သွား”ပြဖို့ တစ်နှစ်တစ်ကြိမ်လောက် ရောက်ခဲ့တာ။ ရောက်တဲ့အကြိမ်တိုင်းမှာလည်း အခြေအနေတွေက ပြောင်းလဲတိုးတက်နေတာ တွေ့ရတယ်။ တိုင်းပြည်ရဲ့တိုးတက်မှုဟာလည်း အံ့မခန်းနိုင်အောင်ပါပဲ။ အခုလိုပြောင်းလဲမှုရဲ့ ဗိသုကာဟာ ကွယ်လွန်သွားတဲ့ ဘုရင်မင်းမြတ်ကြီးဖြစ်တယ်။ သူ့ရဲ့အမြော်အမြင်၊ သူ့ရဲ့စေတနာ၊ သူ့ရဲ့နမူနာနဲ့ ထိုင်းနိုင်ငံဟာ ပြောင်းလဲခဲ့တယ်။ တစ်ချိန်က ရွှေတြိဂံဒေသမှာ ဘိန်းတွေ စိုက်ခဲ့ပေမယ့် ဘုရင်ကြီးရဲ့ ဆောင်ရွက်ချက်ကြောင့် ဘိန်းလုပ်ငန်းတွေ လုံးဝပျောက်ကွယ်ခဲ့တယ်။ လူမှုရေး၊ စီးပွားရေး အဘက်ဘက်က တိုးတက်လာခဲ့တယ်။ နိုင်ငံရေးနဲ့ ပတ်သက်လာရင် တပ်မတော်က အကြိမ်ကြိမ် အာဏာသိမ်းတယ်။ အစိုးရအပြောင်းအလဲတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးမှုကို မထိခိုက်ခဲ့တာ တွေ့ရတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုဟာ ဦးဆောင်မှုအပေါ်မူတည်နေကြောင်း သာဓကပြတာ။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ဗန်ကောက်မြို့မှာရှိတဲ့ ချူလာလောင်ကောင်း တက္ကသိုလ်ဟာ အခုဆိုရင် အရှေ့တောင်အာရှမှာ ထိပ်တန်း ရောက်နေတာ။ ရန်ကုန်တက္ကသိုလ်တည်ထောင်ခဲ့တဲ့ ၁၉၂၀ ခုနှစ်မှာ မရှိသေးဘူး။ ဗန်ကောက်မြို့မှာရှိတဲ့ ဆေးရုံကြီးတွေမှာ နိုင်ငံအသီးသီးက လူနာတွေ အပြည့်ပဲ။ အနောက်နိုင်ငံက လာတဲ့သူတွေလည်း အများကြီး။ မြန်မာပြည်က လူနာတွေ များလွန်းတဲ့အတွက် ဆေးရုံနံရံတွေမှာ မြန်မာစာတွေနဲ့ ရေးသားထားတာ တွေ့ရတယ်။ ဆေးရုံက စားသောက်ဆိုင်မှာ ဝန်ထမ်းတစ်ဝက်လောက်က မြန်မာတွေ။

ရန်ကုန်မြို့မှာ ဖော်ထုတ်ဖို့ စီစဉ်နေတဲ့ မိုးပျံရထားဟာ ဗန်ကောက်မှာ ပြေးဆွဲနေတာ နှစ်နဲ့ချီနေပြီ။ အရှေ့မှာရှိနေပေမယ့် နောက်ကကျော်တက်သွားတာကို မြင်ရတော့ စိတ်ထဲက မခံချင်စိတ် ဖြစ်မိပါတယ်။ ဘာကြောင့်ကျော်တက်သွားသလဲ၊ ဘာကြောင့် နောက်ကျကျန်ခဲ့သလဲဆိုတဲ့ မေးခွန်းတွေကို မေးရမှာဖြစ်တယ်။ အလိုလိုဖြစ်ခဲ့တာ မဟုတ်ဘူး။ ရွေးချယ်မှု မှားယွင်းခဲ့လို့ဖြစ်တယ်လို့ သုံးသပ်မိတယ်။ လူပုဂ္ဂိုလ်တစ်ဦးဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ၊ ရွေးချယ်မှုမှန်ကန်ဖို့ အလွန်အရေးကြီးပါတယ်။ မှားယွင်းတာနဲ့ အမှု နစ်နာမှုတွေက အများကြီး။ ၁၉၈၇ နှစ် ဗန်ကောက်မြို့မှာ နေရဖို့ကြုံခဲ့တယ်။ ဒီတုန်းက ကုလသမဂ္ဂ အဖွဲ့အစည်းဖြစ်တဲ့ (ESCAP) မှာ။ ဒါပေမယ့် နောက်ဆုံးအချိန်မှာ နိုင်ငံရေးအရ လက်မခံနိုင်တာမို့ အပယ်ခံခဲ့ရတယ်။ တာဝန်ရှိတဲ့ ဝန်ကြီးလုပ်သူက မတင်ရဲခဲ့ဘူး။ ကျွန်တော့်ရဲ့အမျိုးတော်မှုကိစ္စက အရိပ်မည်းကြီးတစ်ခု။ မတရားဘူးဆိုတဲ့ ခံပြင်းစိတ်ကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ဘူး။ ဖခင်ရဲ့မျက်နှာ၊ ဦးလေးရဲ့မျက်နှာကို မကြည့်ဘဲ ဘကြီးလုပ်သူကိုသာ အာရုံစိုက်ခဲ့တော့ အခုလိုဖြစ်တာ။ ဒီတုန်းက သွားခွင့်ရခဲ့ရင် ကျွန်တော့်ရဲ့ဘဝက ပုံစံတစ်မျိုးဖြစ်မှာ သေချာပါတယ်။

ဒီတစ်ခေါက်တော့ နိုင်ငံ့တာဝန်နဲ့ရောက်ခဲ့တာ။ ခရီးစဉ်ဖြစ်အောင် ကျွန်တော်ကြိုးစားခဲ့ပါတယ်။ အဓိကကတော့ ထိုင်းနိုင်ငံမှာ အောင်မြင်နေတဲ့ ဖူလုံမှုစီးပွားရေးပုံစံကို လေ့လာဖို့ ဖြစ်တယ်။ ဒီပုံစံကို ရခိုင်ပြည်နယ်မှာသာမက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ အကောင်အထည်ဖော်နိုင်မယ်လို့ ယူဆမိတယ်။ ဒါကြောင့် ကျွန်တော်နဲ့အတူ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်က လူမှုရေးဝန်ကြီးလေးဦး၊ အတိုင်ပင်ခံရုံးက အရာရှိတစ်ဦး လေ့လာရေးခရီးထွက်ခဲ့ပါတယ်။ အဖွဲ့ခေါင်းဆောင်က ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု။ ဗန်ကောက်မြို့ကို ရောက်တော့ ကြိုတင်ရောက်နှင့်နေတဲ့ ရန်ကုန်မြို့ ထိုင်းသံရုံးက သံမှူးကြီးနဲ့အဖွဲ့၊ ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးက သံမှူးကြီးတို့က ကြိုဆိုကြတယ်။

နေ့လယ်စာကို လေယာဉ်ကွင်းအတွင်းမှာရှိတဲ့ နိုဗိုတယ်ဟိုတယ်မှာ စားကြတယ်။ အစားအသောက်က တရုတ်စာ။ နေ့လယ်စာစားပွဲမှာ ထိုင်းနိုင်ငံ အစိုးရအဖွဲ့က နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီအဖွဲ့အစည်းက ညွှန်ကြားရေးမှူးချုပ်လည်း တက်ရောက်ခဲ့တယ်။ သူ့ကို ကျွန်တော် အရင်က ဆုံဖူးတယ်။ ပထမအကြိမ် နေပြည်တော်မှာ သူ့ရဲ့အဖွဲ့အစည်းက TICA။ အများသိတဲ့ ဂျပန်နိုင်ငံက JICA အဖွဲ့လို။ အမှန်တော့ ဒီအဖွဲ့အစည်းတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံမှာ ဖွဲ့စည်းလေ့ရှိပါတယ်။ အမေရိကန်နိုင်ငံက USAID ။ ယူကေ နိုင်ငံက DFID ၊ ဩစတြေးလျနိုင်ငံက AUS,AID၊ တူရကီနိုင်ငံက TIKA၊ ကိုရီးယားနိုင်ငံက KOICA၊ ဖွံ့ဖြိုးမှုအဆင့်ရတာမို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အကူအညီပေးဖို့ ရည်ရွယ်ထားတဲ့ အဖွဲ့အစည်းတွေ (TICA) အကြောင်းသိရတော့ ကျွန်တော် အားကျမိပြန်တယ်။ ထိုင်းနိုင်ငံဟာ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေကို အကူအညီပေးနိုင်တဲ့ အဆင့် ရောက်နေပြီ။

နေ့လယ်စာစားပြီး ဖူလုံမှုကျေးရွာတစ်ရွာကို သွားရောက်လေ့လာခဲ့ကြတယ်။ ရွာမှာ ခရိုင်ဝန်နဲ့ အဖွဲ့ဝင်တွေ စီမံချက်ကို ဆောင်ရွက်သူတွေက ဧည့်ခံပြီး လိုက်လံပြသခဲ့တယ်။ အကျွေးအမွေးနဲ့လည်း ဧည့်ခံခဲ့ကြတယ်။ စီးပွားရေးပုံစံရဲ့ အခြေခံက (၃၀/ ၃၀/၃၀/ ၁၀) ဖြစ်တယ်။ ၃၀ ရာခိုင်နှုန်းက အရေအတွက်၊ ၃၀ ရာခိုင်နှုန်းက လယ်ယာစိုက်ပျိုးရေးအတွက်၊ ၃၀ ရာခိုင်နှုန်းက နှစ်ရှည်သီးပင်တွေအတွက်၊ ကျန်တဲ့ ၁၀ ရာခိုင်နှုန်းက နေထိုင်တဲ့အိမ်နဲ့ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းဖြစ်တယ်။ စီမံချက်ဒါရိုက်တာက မြို့မှာအင်ဂျင်နီယာအဖြစ် လုပ်သူဖြစ်ပြီး အခုတော့ သူ့ရဲ့ဇာတိမြေပြန်ပြီး အလုပ်လုပ်နေတာ။ မှိုတွေကို အကြီးအကျယ်စိုက်ပျိုးထားတာတွေ့ရတယ်။ ကျွန်တော်တို့ လေ့လာတဲ့အချိန်နဲ့ ဗန်ကောက်မြို့မှာ စီစဉ်ထားတဲ့ ညစာစားပွဲအမီ ရောက်ဖို့ စီစဉ်ခဲ့ရပြန်တယ်။ ညစာစားပွဲကို နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် တည်ခင်းပြီး ဗန်ကောက်မြို့က မြန်မာသံအမတ်ကြီး၊ ထိုင်းနိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်တွေ တက်ရောက်ခဲ့တယ်။ ညစာစားပြီးမှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ဖြစ်တယ်။

တည်းခိုမယ့်ဟိုတယ်က ဗန်ကောက်မြို့ နာမည်ကြီးတဲ့ လေးမျက်နှာဘုရားရှိတဲ့ လမ်းပေါ်မှာ အချက်အချာကျတဲ့နေရာ။ နောက်တစ်နေ့မနက်စာစားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှာ တာဝန်ရှိသူတွေက စီမံချက်အကြောင်း ရှင်းလင်းကြတယ်။ ရှင်းလင်းပွဲအပြီးမှာ ခရီးထွက်ခဲ့ပြန်တယ်။ ဒီတစ်ချိန်တော့ ဗန်ကောက်မြို့နဲ့ မနီးမဝေး နာမည်ကြီးပင်လယ်ကမ်းခြေရှိတဲ့ဒေသကို ခရီးထွက်ခဲ့တယ်။ လမ်းတစ်ဖက်မှာ ခဏနားပြီး စီမံချက်တစ်ခုကို လေ့လာကြတယ်။ ဟိုတယ်ရောက်တော့ ညစာစားဖို့ အချိန်နီးနေပြီ။ ဟိုတယ်က ကမ်းခြေထိပ်မှာရှိတော့ ကျွန်တော် သောင်ပြင်ပေါ်မှာ ပြေးဖြစ်တယ်။ သောင်ပြင်က ခပ်တိုတို။ ဒီလှိုင်းတွေက တက်နေလို့ ပြေးရတာ သိပ်အဆင်မပြေလှဘူး။

နောက်တစ်နေ့မနက် အိပ်ရာစောစောနိုးပြီး နောက်တစ်ကြိမ်ပြေးဖြစ်တယ်။ ဒီရေကျနေတော့ သောင်ပြင်က နည်းနည်းပေါ်လာတယ်။ နံနက်စာစားပြီး အပြန်ခရီးမှာ၊ တပ်စခန်းတစ်ခုမှာ ဆောင်ရွက်ထားတဲ့ စီမံချက်ကို ကြည့်ခဲ့ကြတယ်။ ထူးခြားချက်က ဖားမွေးမြူရေးအလုပ်။ မော်တော်ကားဘီးအဟောင်းတွေဆင့်ကာ ရေထည့်ပြီး ဖားတွေမွေးထားတာ။ သူတို့က ဖားကွန်ဒိုလို့ပြောတယ်။ နေ့လယ်စာကိုတော့ တပ်မှူးကြီးနဲ့အတူ မြစ်ကမ်းနံဘေးမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ အစားအသောက်က ဖွယ်ဖွယ်ရာရာ ထိုင်းအစားအစာတွေ။ အခုချိန်မှာ ထိုင်းအစားအစာဟာ ကမ္ဘာကို လွှမ်းမိုးနေတဲ့ အခြေအနေရှိနေပြီ။ နိုင်ငံတိုင်း၊ နေရာတိုင်းမှာ ဖွင့်လှစ်ထားတာ တွေ့ရတယ်။ ခရီးအပြန်မှာ ထိုင်းနိုင်ငံရဲ့ OTOP လို့ခေါ်တဲ့ တစ်ရွာပစ္စည်းတစ်မျိုး ထုတ်လုပ်တဲ့ စီမံချက်က ဖွင့်လှစ်ထားတဲ့ဆိုင်ကို ဝင်ခဲ့ကြတယ်။ ဒီအစီအစဉ်ကို ကျွန်တော်က သိပ်သဘောကျတယ်။ “တစ်ရွာတစ်ပုဒ်ဆန်း” ဆိုတဲ့အတိုင်း ရွာတွေမှာ ဒေသထွက်ပစ္စည်းတွေ ထုတ်လုပ်ဖို့ ရည်ရွယ်တာ။

နောက်ဆုံး ဘုရင်မင်းမြတ်ကြီးရဲ့စီမံချက်ကိုလည်း လေ့လာခဲ့ပြန်တယ်။ အမှန်တော့ အခုလို ဖူလုံတဲ့ စီးပွားပုံစံက ၁၉၇၄ ခုနှစ်မှ စတင်ခဲ့တာဖြစ်တယ်။ ဘုရင်ကြီးဖန်တီးခဲ့တာက အခုအချိန်မှာ တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပုံစံ ဖြစ်တယ်။ အခုလိုကြိုတင်ပြီး အမြော်အမြင်ရှိတာက အံ့ဩစရာပါပဲ။

ထူးခြားချက်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနဲ့ ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့ ကွက်လပ်ကို ဖြည့်ခဲ့တာဖြစ်တယ်။ ဖွံ့ဖြိုးမှုဟာ လူသားတွေကို ဗဟိုပြုရမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင်နေရမယ်။ ယုံကြည်မှု ၊တန်ဖိုးထားမှုကို အခြေခံရမယ်။ ခြိုးခြံချွေတာမှုကို အားပေးရမယ်။ ဒီအချက်တွေဟာ တစ်ကမ္ဘာလုံးက ဆောင်ရွက်နေတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်တွေမှာ မပါဝင်ဘူး။

ကျွန်တော်တို့နိုင်ငံမှာ MSDP လို့ခေါ်တဲ့ မြန်မာစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံကိန်းတစ်ရပ်ကို ရေးဆွဲဖော်ထုတ်ခဲ့တယ်။ ညွှန်းကိန်း အပြည့်တွေနဲ့ စီမံကိန်းက ပြည့်စုံတယ်။ ဒါပေမယ့် ဒီစီမံကိန်းကို ဘယ်သူက အကောင်အထည်ဖော်မလဲ၊ ဘယ်လိုအကောင်အထည် ဖော်မလဲဆိုတာက အရေးကြီးတာ။

ကုလသမဂ္ဂအဖွဲ့အစည်းဟာ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်ဖော်ထုတ်ခဲ့တဲ့ စုစုပေါင်း အမျိုးသားပျော်ရွှင်မှု ညွှန်းကိန်းဖြစ်တဲ့ Gross National Happiness (GNH) ကို ၂၀၀၆ ခုနှစ်မှာ အသိအမှတ်ပြုခဲ့တယ်။ ကျွန်တော်ကတော့ ထိုင်းနိုင်ငံရဲ့ ဖူလုံမှု စီးပွားရေးပုံစံကို လက်ခံစေချင်တာ။ နောက်တစ်နေ့မနက် ဟိုတယ်မှာ သတင်းထောက်တစ်ဦးက အင်တာဗျူးလုပ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးက ဟိုတယ်ကို တက်ရောက်ပြီး ဝန်ကြီးချုပ်ဦးညီပုနဲ့ ကျွန်တော့်ကို တွေ့ပါတယ်။

အချိန်နည်းနည်းရတာမို့ ဦးညီပုနဲ့ ကျွန်တော် Central World လမ်းလျှောက်ခဲ့ပြီး စာအုပ်ဆိုင်ဝင်ခဲ့တယ်။ နောက်ပိုင်းမှာ နေ့လယ်စာစားဖို့ ကျန်တဲ့အဖွဲ့သားတွေနဲ့ ဆုံခဲ့ကြတယ်။ နေ့လယ် ၂ နာရီမှာ ဟိုတယ်က ထွက်ပြီး လေယာဉ်ကွင်းကိုထွက်ခဲ့ကြတယ်။ ဒီခရီးစဉ်ဟာ အလွန်အကျိုးရှိတယ်လို့ ထင်မြင်မိတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု စီမံချက်တွေကို လက်တွေ့မှာ ဘယ်လိုအကောင်အထည် ဖော်မလဲ။ ဘယ်သူတွေက အကောင်အထည်ဖော်မလဲဆိုတဲ့ မေးခွန်းတွေရဲ့ အဖြေအချို့ကို ရနိုင်ခဲ့တယ်။ ပါလာတဲ့ ဝန်ကြီးတွေအနေနဲ့ မိမိဒေသပြန်ရောက်ချိန် ဘယ်လိုဆောင်ရွက်နိုင်ဖို့ စီစဉ်ကြရမှာ ဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်တွေကို အကောင်အထည်ဖော်ရမှာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့အချိန် ထိုင်းနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဖူလုံမှုစီးပွားရေးပုံစံဟာ နမူနာကောင်းတစ်ခုဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ။

**“ထူးခြားချက်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနဲ့ ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့ ကွက်လပ်ကို ဖြည့်ခဲ့တာဖြစ်တယ်။ ဖွံ့ဖြိုးမှုဟာ လူသားတွေကို ဗဟိုပြုရမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင်နေရမယ်။ ယုံကြည်မှု ၊တန်ဖိုးထားမှုကို အခြေခံရမယ်။ ခြိုးခြံချွေတာမှုကို အားပေးရမယ်။”**

# နယ်လှည့်စာကြည့်၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ကျင်းပ

**ရိုခေါဒါရ် အောက်တိုဘာ ၇**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ပြီး ပညာရေးဌာနနှင့် ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ မိမိကိုယ်ကိုယ်ယုံကြည်




စိတ်ချမှု၊ ခွန်အားသတ္တိမွေးမြူတတ်စေရေးနှင့် သင်ကြားရေးတွင် အားသွန်ခွန်စိုက်ပိုမိုကြိုးပမ်းဆောင်ရွက်စေရေး ရည်ရွယ်ချက်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်က ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလာလ်ပက်လောမ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကျောင်းသင်ခန်းစာသင်ကြားရေးအတွက် အကျိုးရှိစွာ အသုံးချတတ်စေရေးနှင့် ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများက ယဉ်ကျေးလိမ္မာတို့လူငယ် ကဗျာဖြင့် အုပ်စုအဖွဲ့ ငါးစုခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူ အုပ်စုအဖွဲ့များနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ငွေကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ငွေကျပ် ၃၅၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင်အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၀၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၁၅၉၊ ၈၆ လမ်း ၂၀ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၃၀၁၈၆၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ် ၁၇၃-၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၈၁၀၂ နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကား ဝယ်ယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်မောက်တောင်ဆည်ရေဖြင့် မိုးစပါးနှင့် သီးနှံအမျိုးမျိုး စိုက်ပျိုးအောင်မြင်လျက်ရှိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၇**

မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကြက်မောက်တောင်ဆည်၏ ဆည်ရေသောက်ဧရိယာများ၌ ယခုနှစ် စိုက်ပျိုးထားသော နွေစပါး၊ နွေသီးနှံနှင့် မိုးစပါးသီးထပ်သီးညှပ်များ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကြက်မောက်တောင်ဆည်၏ ရေသောက်ဧရိယာတွင် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၇၀ ကျော်ရှိပြီး ပြီးခဲ့သော နွေရာသီက နွေစပါး ၁၂၅၉ ဧကနှင့် နွေနှမ်း ၃၄၅၄ ဧကကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင် ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး ၅၉၅၃ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၅၃၂၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ပျိုးရန်အတွက် ကြက်မောက်တောင်ဆည်ကို ၁၉၆၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ကာ ရေသိုလှောင်နိုင်သည့် ပမာဏမှာ ဧကပေ ၇၃၀၀၀ ဖြစ်ပြီး ယခုနှစ်တွင် ဧကပေ ၅၆၀၀၀ ခန့် ရေသိုလှောင်ထားနိုင်ခဲ့၍ ဒေသတွင်းမှ မိုးစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကြက်မောက်တောင်ဆည်သည် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ခဲ့သော မြေသားရေလှောင်တမံဖြစ်ပြီး ဒေသခံတောင်သူလယ်သမားများအတွက် စပါးအပါအဝင် သီးနှံစုံစိုက်ပျိုးရန် ရေပေးဝေနေသော ဆည်ကြီးဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မိုးရာသီအစေ့ထုတ်ပြောင်းများ ဈေးကောင်းရရှိ၍ မိုင်းယုဒေသမှတောင်သူများ အဆင်ပြေ

**မိုင်းယု အောက်တိုဘာ ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအနေဖြင့် မိုးရာသီအစေ့ထုတ်ပြောင်းများ စိုက်ပျိုးကြရာတွင် ယခုနှစ်တွင် ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုင်းယုဒေသတွင် ပြောင်းအမျိုးမျိုးကို စိုက်ပျိုးလျက်ရှိရာ မိုးရာသီ အစေ့ထုတ်ပြောင်းကို အဓိကအားဖြင့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ထိုင်းမျိုးစေ့များကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ယင်းမျိုးစေ့သည် ဖူးတံကြီးပြီး အစေ့အပြည့်ပါ၍ ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မိုင်းယုဒေသ၌ မိုးရာသီနှင့် ဆောင်းရာသီ နှစ်ရာသီတွင် သီးနှံများစိုက်ပျိုးကြပြီး မိုးရာသီတွင်ထွက်သောပြောင်းမှာ ဆောင်းရာသီတွင်ထွက်သောပြောင်းထက် အထွက်နှုန်းများ၍ အကျိုးအမြတ်ပိုရကြောင်း သိရသည်။

မိုင်းယုဒေသတွင် မိုးရာသီအစေ့ထုတ်ပြောင်းကို တန်ခူးလတွင် စတင်စိုက်ပျိုးပြီး တော်သလင်းလလယ်တွင် စတင်ရိတ်သိမ်းနိုင်ကြောင်း၊ မိုးအစေ့ထုတ်ပြောင်းမှာ ဒေသပေါက်ဈေး တစ်တင်းလျှင် ၈၃၂၀ ကျပ်ဖြင့် တစ်ဧကလျှင် ၈၃ တင်းအထိထွက်ပါက ကျပ် ၆၉၀၀၀၀ အထိ ရရှိကာ ကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ် ၃၂၀၀၀၀ သာရှိ၍ ထက်ဝက်ခန့် အမြတ်အစွန်းရရှိကြောင်း၊ ဆောင်းအစေ့ထုတ်ပြောင်းမှာ အထွက်နှုန်းကျဆင်းတတ်ပြီး တစ်ဧကလျှင် တင်း ၆၀ ခန့်သာထွက်၍ ကုန်ကျစရိတ်၏ သုံးချိုးတစ်ချိုးသာ အမြတ်ရရှိကြောင်း သိရသည်။

မိုင်းယုမြို့နှင့် ပတ်ဝန်းကျင်ကျေးလက်ဒေသများမှ တောင်သူများသည် အစေ့ထုတ်ပြောင်းကို တစ်နှစ်လျှင် မိုးနှင့်ဆောင်း နှစ်ကြိမ်လုံး စိုက်ပျိုးကြပြီး ဆောင်းသီးနှံထက် မိုးသီးနှံက အမြတ်ပိုမိုရရှိ၍ မိုးရာသီ အစေ့ထုတ်ပြောင်းကိုသာ အားထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် ဈေးကောင်းရ၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# ရေစကြိုမြို့နယ်ထွက် နှမ်းဖြူများကိုဝယ်ယူရန် ဂျပန်နိုင်ငံမှ ကမ်းလှမ်း

**ရေစကြို အောက်တိုဘာ ၇**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ထွက် နှမ်းဖြူများကို ဂျပန်နိုင်ငံမှ ဝယ်ယူရန်ကမ်းလှမ်းလာသဖြင့် ဆွေးနွေးမှုများ ဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ ဂျပန်စိုက်ပျိုးရေးသင်တန်းကျောင်း(OISCA) မှတစ်ဆင့် ရေစကြိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်ကာ ရေစကြိုမြို့နယ်ထွက် နှမ်းဖြူများကို ဂျပန်နိုင်ငံမှ ဝယ်ယူလိုသည်ဟု ဆက်သွယ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေစကြိုမြို့နယ်အတွင်းမှ နှမ်းဖြူစိုက်ပျိုးမှုအများဆုံးကျေးရွာဖြစ်သည့် မိုးကွဲကျေးရွာအုပ်စုမှတောင်သူများနှင့် တွေ့ဆုံကာ နှမ်းဖြူစိုက်ပျိုးရောင်းချနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံဘက်သို့လည်း နှမ်းဖြူရောင်းချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးထံမှ သိရသည်။

ရေစကြိုမြို့နယ်ထွက် နှမ်းဖြူများကို ဂျပန်နိုင်ငံမှ ဝယ်ယူရာတွင် GAP စနစ်ဖြင့်စိုက်ပျိုးထားသောနှမ်းများကိုသာ ဝယ်ယူမည်ဖြစ်ပြီး တောင်သူတစ်ဦးချင်းဆီမှ ထွက်ရှိသည့် သီးနှံများကို အရည်အသွေးစစ်ဆေးပြီးမှ ဝယ်ယူမည်ဖြစ်ကြောင်း၊ အရည်အသွေးမမီသည့် သီးနှံများကို ဂျပန်နိုင်ငံမှ ဝယ်ယူမည်မဟုတ်ဘဲ သီးနှံစိုက်ပျိုးသူထံ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း၊ သီးနှံသယ်ယူပို့ဆောင်ခများအတွက် သီးနှံအရည်အသွေးမီပါက ဂျပန်နိုင်ငံမှ အကုန်အကျခံမည်ဖြစ်ပြီး သီးနှံအရည်အသွေးမမီ၍ ပိုင်ရှင်ထံ ပြန်လည်ပို့ဆောင်ပေးရပါက သယ်ယူပို့ဆောင်ခများကို သီးနှံပိုင်ရှင်က အကုန်အကျခံရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပခုက္ကူခရိုင်အတွင်းမှာ နှမ်းတစ်ဧကကို တင်း ၂၀၊ ၂၅ တင်း ထွက်နိုင်တာက ရေစကြိုမြို့နယ်က ကျွန်းထဲရွာတွေမှာပဲ ထွက်နိုင်တာပါ။ အခု ဂျပန်က GAP စနစ်နဲ့စိုက်ပျိုးထားတဲ့ နှမ်းဖြူတွေကို ဝယ်မယ်ဆိုတော့ ရေစကြိုကျွန်းထဲရွာတွေက နှမ်းစိုက်တောင်သူတွေ စိုက်ပျိုးတာကတော့ GAP စနစ်နဲ့ ၉၀ ရာခိုင်နှုန်း ကိုက်ညီပါတယ်၊ နှမ်းဖြူတွေကို ဂျပန်ကို ရောင်းချရဖို့ အလားအလာကောင်းတွေ အများကြီးရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

လတ်တလောအချိန်တွင် ဂျပန်နိုင်ငံမှဝယ်ယူမည့် နှမ်းဖြူပမာဏကို မသိရသေးကြောင်း၊ စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် ကြိုးစားနေဆဲသာဖြစ်ကြောင်း၊ တစ်ဖက်တွင် ကျေးရွာတောင်သူများထဲမှ နှမ်းဖြူစိုက်ပျိုးမည့်တောင်သူစာရင်းကို ကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့်စာချုပ်ချုပ်ဆိုမှု အဆင်ပြေပါက လာမည့် နွေရာသီကာလတွင် မိုးကွဲကျေးရွာအုပ်စုအတွင်း နွေနှမ်းဖြူ ဧက ၂၀၀ ခန့်ကို စိုက်ပျိုးနိုင်ရန် လျာထားသည်ဟုလည်း သိရသည်။ ယခုနှစ်တွင် အဆိုပါကျေးရွာမှ နှမ်းဖြူများကို ဂျပန်နိုင်ငံသို့ရောင်းချ၍ အဆင်ပြေပါက နောင်နှစ်များတွင် ရေစကြိုမြို့နယ်အတွင်းမှ ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ကြားရှိ ကျွန်းထဲ တစ်ကျွန်းလုံးတွင်ရှိသော စိုက်ဧက ၃၆၀၀၀ ခန့်အတွက် အလားအလာကောင်းများရှိလာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ် ၁၇ ခုတွင် သစ်တောစိုက်ခင်း ဧက ၉၃၀ တည်ထောင်သွားမည်

**မုံရွာ အောက်တိုဘာ ၇**

အပူပိုင်းဇုန်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်းနှင့် ယင်းမာပင်ခရိုင်များမှ မြို့နယ် ၁၇ ခုတွင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သစ်တောစိုက်ခင်း ဧက ၉၃၀ ကို တည်ထောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"သစ်ရိပ်ရှိရင် သစ်ပင်ရဲ့သစ်ရွက်တွေက ပင်ငွေ့ပျံတဲ့အခါ မိုးရွာသွန်းမှုကို အထောက်အကူပြုတယ်၊ သစ်ပင်ရှိလို့မိုးရွာတာတော့ မဟုတ်ဘူး၊ မိုးရွာသွန်းမှုကို တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်နိုင်တယ်၊ ဒါကြောင့် အပူပိုင်းဒေသစိမ်းလန်းလာစေဖို့ စိုက်တဲ့အခါ ကျေးရွာသုံးစိုက်ခင်းကလွဲပြီး ကျန်တဲ့စိုက်ခင်းတွေက စိမ်းလန်းစိုပြည်ရေးအတွက် အဓိကထားတယ်၊ သစ်ပင်တွေရဲ့ စိမ်းလန်းနေတဲ့ရွက်အုပ်တွေရှိရင် နေပျောက်က မြေကြီးပေါ်ကို တိုက်ရိုက်မကျရောက်တဲ့အတွက် ရေငွေ့ဆုံးရှုံးမှုနည်းပြီး အပူသက်သာမယ်၊ ဒါကြောင့် သစ်ပင်တွေကိုစိုက်တဲ့အခါမှာ ဒေသနဲ့လျော်ညီတဲ့သစ်ပင်ကို စိုက်ခြင်းအားဖြင့် ပင်ငွေ့ပျံမှု ပိုကောင်းပြီး ဒေသမှာ လက်ရှိပေါက်ရောက်နေတဲ့သစ်မျိုးတွေကို ရွေးချယ်စိုက်ပျိုးတဲ့အတွက် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေမှာပါ"ဟု တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ထောင်စိုက်ပျိုးပေးသွားမည့် စိုက်ခင်း ဧက ၉၃၀ တွင် ကျေးရွာသုံးစိုက်ခင်း ဧက ၂၀၀ နှင့်အတူ တောင်တန်းစိုက်ခင်း ဧက ၄၃၀၊ အခြားစိုက်ခင်း ဧက ၇၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၂၃၀ တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပန်းတိုင်(၂)ရေတံခါးကြောင့် မိုးစပါးများ ရေနစ်မြုပ်မှုမှကာကွယ်ပြီး နွေစပါးအတွက် စိုက်ပျိုးရေရရှိ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ပန်းတိုင်(၂)ရေတံခါး တည်ဆောက်ထားခြင်းကြောင့် မိုးရာသီတွင် စပါးခင်းများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ပြီး နွေရာသီတွင် ကုက္ကိုဝမြစ်မှ ရေချိုသွင်း၍ နွေစပါးအတွက် စိုက်ပျိုးရေရရှိရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ထန်းတပင်မြို့နယ် တက်သစ်ကျွန်းအတွင်းမှာရှိတဲ့ ကွင်းရေတွေကို မိုးတွင်းကာလမှာ ထုတ်ပေးလိုက်တဲ့အတွက် စပါးခင်းတွေမှာ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေပါတယ်။ နွေရာသီမှာလည်း ကုက္ကိုဝမြစ်ကရေချိုကို သွင်းလိုက်တဲ့အတွက် စပါးသီးထပ် စိုက်ပျိုးနိုင်ပါတယ်။ ပန်းတိုင်ရေတံခါး တည်ဆောက်ထားတဲ့အတွက် နွေစပါးအတွက် စိုက်ပျိုးရေရရှိစေသလို လယ်ယာမြေတွေ ရေကြီးနစ်မြုပ်မှုကိုလည်း ကာကွယ်ပေးပါတယ်"ဟု ပန်းတိုင်(၂)ရေတံခါး တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ထန်းတပင်မြို့နယ်အတွင်း (၆ ပေ×၆ပေ) တံခါးခြောက်ပေါက်ပါသည့် ပန်းတိုင်(၂) ရေတံခါးကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ခဲ့ပြီး စပါးစိုက်ဧက ၇၀၀၀ ကို အကျိုးပြုလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်မြစ်၊ ဘောလည်မြစ်၊ ကုက္ကိုဝမြစ်၊ ပဲခူးမြစ်၊ ပန်းလှိုင်မြစ်နှင့် ရန်ကုန်မြစ်တို့မှရေများ အဓိကစီးဝင်လျက်ရှိပြီး ပင်လယ်ဒီရေ၏ အကျိုးသက်ရောက်မှုကို ခံစားရခြင်းကြောင့် မိုးရာသီတွင် စပါးများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် နွေရာသီတွင် ရေချိုသွင်း၍ နွေစပါးစိုက်ပျိုးရေရရှိရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေတံခါး ၁၄၃ ခုကို တည်ဆောက်ထိန်းသိမ်းထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ထားသည့် ရေထိန်းတံခါးများသည် ရေချိုကိုထိန်း၍ ရေငန်မဝင်ရောက်စေရန် ကာကွယ်ပေးပြီး ရေချိုသိုလှောင်၍ နွေစပါးစိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်သည့်အပြင် မိုးရာသီတွင် ဒီရေနှင့်အတူ ရေငန်ဝင်ရောက်မှုမရှိစေရန် ကာကွယ်ပေးကြောင်း၊ လယ်မြေများမှ ကွင်းပိုလျှံရေများကို ရေတံခါးမှတစ်ဆင့် ထုတ်နုတ်ပေး၍ လယ်မြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိပြီး လယ်ယာမြေစုစုပေါင်း ၈၉၀၁၅ ဧကကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**မောင်မွှေး**



# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

(အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ)

**ဆန်၊ စပါး**

ရန်ကုန်ဈေးကွက်မှာတော့ ဒီတစ်ပတ်မှာ ဆန်ကြမ်းရော ဆန်ချောပါ ဈေးတက်လာခဲ့ပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်နည်းလာတဲ့အတွက် ဈေးတက်လာခဲ့တာပါ။ လက်ရှိမှာ ဆန်အဟောင်းလက်ကျန်တွေ နည်းနေတဲ့အတွက် ဈေးတွေက ဆက်တိုက်တက်နေတယ်လို့လည်း ပြောလို့ရပါတယ်။ ဆန်ဈေးတွေတက်လာခဲ့သလို ဆန်အဝယ်တွေလည်း နည်းလာခဲ့ပါတယ်။

မြောင်းမြပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၅၂၀၀၀ ကနေ ၅၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၄၀၀၀၊ ကျားပျံရှယ်က တစ်အိတ်ကို ကျပ် ၅၂၀၀၀ ကနေ ၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၁၀၀၀၊ ဖျာပုံပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၅၀၀၀၀ ကနေ ၅၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၂၀၀၀၊ ဒေးဒရဲပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၅၀၀၀၀ ကနေ ၅၂၀၀၀ ရှိပြီး တစ်အိတ်မှာ ကျပ် ၂၀၀၀၊ မြီးဒုံးဆန်က တစ်အိတ်ကို ကျပ် ၄၂၅၀၀ ကနေ ၄၄၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၅၀၀ နဲ့ ရက် ၉၀ ဆန်ကတော့ တစ်အိတ်ကို ကျပ် ၂၅၂၀၀ ကနေ ၂၆၀၀၀ ရှိပြီး တစ်အိတ်မှာ ကျပ် ၂၀၀ အသီးသီး ဈေးတက်လာခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့ စက်တင်ဘာတစ်လလုံး ဆန်ချောဈေးငြိမ်နေခဲ့ပြီး အောက်တိုဘာလမှာ ဈေးတက်လာခဲ့တာလည်း ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ဆန်ချောရော၊ ဆန်ကြမ်းပါ ဈေးတွေတက်နေပေမယ့် ဧရာဝတီတိုင်းဒေသကြီးမှာတော့ ဆန်ဈေး ရော၊ စပါးဈေးပါ ငြိမ်နေခဲ့ပါတယ်။

လက်ရှိမှာ ဆန်အဟောင်းက လက်ကျန်နည်းနေပြီး အသစ်တွေကလည်း ဝင်နေတာဖြစ်တဲ့အတွက် ဈေးတက်နေတာလည်း ဖြစ်ပါတယ်။ နယ်အချို့မှာတော့ မိုးကြိုစပါးများ ထွက်ရှိနေပါပြီ။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ရန်ကုန်ဈေးကွက်မှာ တစ်ပတ်လုံး ဈေးမဖွင့်ခဲ့ပါဘူး။ နယ်ကုန်စည်ဒိုင်အချို့မှာလည်း ဈေးမဖွင့်ခဲ့ဘဲ ဈေးကလည်း ကျဆင်းနေခဲ့ပါတယ်။ ပဲအဝင်နည်းလာသလို ပဲအရောင်းအဝယ်ကလည်း မရှိသလောက် နည်းလာပါတယ်။

မုံရွာဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တင်းကို ကျပ် ၁၃၈၅၀ နဲ့ တစ်တင်းမှာ ကျပ် ၃၅၀ ဈေးတက်လာခဲ့ပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၃၄၀၀ နဲ့ တစ်တင်းမှာ ကျပ် ၇၀၀ ဈေးကျဆင်းသွားခဲ့ပြီး ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၃၀၀၀ နဲ့ ကျပ် ၅၀၀ ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်ထဲမှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ပဝယ်ယူမှုက ပုံမှန်ရှိနေပေမယ့် အဝင်များတဲ့အတွက် ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလမှာ ငွေလဲလှယ်နှုန်းတွေတက်ခဲ့တဲ့အတွက် ပဲဈေးတွေလည်း မြင့်တက်ခဲ့ပေမယ့် စက်တင်ဘာလ နောက်ဆုံးအပတ်ကစပြီး ငွေဈေးတွေ တဖြည်းဖြည်းပြန်ကျဆင်းလာတဲ့အတွက် ပဲဈေးတွေကလည်း ကျဆင်းလာခဲ့တာဖြစ်ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်း(အကြီး၊ အသေး)က တစ်တင်းကို ကျပ် ၂၄၇၅၀ ကနေ ၂၈၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ ပဲတီစိမ်း(ကြီး)က တစ်တင်းကို ကျပ် ၂၉၃၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၇၀၀၊ ပြည်ကုန်စည်ဒိုင်မှာ ပဲတီစိမ်း(အသေး) တစ်တင်းကို ကျပ် ၂၅၈၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၄၀၀ အသီးသီး ဈေးကျဆင်းသွားခဲ့ပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၆၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၆၀၀ ဈေးတက်လာပါတယ်။

**မတ်ပဲ(FAQ/RC)**

ဒီတစ်ပတ်မှာတော့ မတ်ပဲက ဈေးတက်နေခဲ့ပါတယ်။ မတ်ပဲဝင်ရောက်မှု သိပ်မရှိတော့ဘဲ ပြည်ပတင်ပို့မှုကတော့ ရှိနေဆဲဖြစ်တဲ့အတွက် ပုံမှန်ဝယ်လက်ရှိနေပြီး ဈေးကတက်နေခဲ့တာလည်း ဖြစ်ပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာရော၊ ရန်ကုန်ဈေးကွက်မှာပါ ဈေးတက်နေခဲ့တာဖြစ်သလို လက်ကျန်ပဲတွေကတော့ လတ်တလောမှာ အရောင်းအဝယ်ကောင်းနေခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ တစ်တန်ကို ကျပ် ၅၂၅၀၀၀ အထိ ဈေးတက်ခဲ့ပြီးတော့ တစ်ပတ်အတွင်း တစ်တန်မှာ ကျပ် ၃၀၀၀၀ နီးပါး ဈေးတက်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာတော့ မတ်ပဲတစ်တင်းကို ကျပ် ၁၆၅၀၀ နဲ့ ဈေးငြိမ်နေခဲ့ပြီး နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၆၀၀၀ နဲ့ တစ်တင်းမှာ ကျပ် ၇၀၀ ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၈၀၀၀ နဲ့ ကျပ် ၅၀၀ ခန့် ဈေးတက်လာပါတယ်။ ။

# မုံရွာမြို့နယ် ဗောဓိတထောင်သာသနာ့နယ်မြေ၌ အပန်းဖြေဆင်စခန်းတစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်ရွာအနီးရှိ ဗောဓိတထောင်သာသနာ့နယ်မြေတွင် ဘုရားဖူးနှင့် ခရီးသွား အများပြည်သူ အပန်းဖြေ လေ့လာနိုင်စေရန် ဆင်စခန်းတစ်ခု တည်ထောင်ဖွင့်လှစ်ရေး စီစဉ်လျက်ရှိကြောင်း မြန်မာ့သစ်လုပ်ငန်း မုံရွာသစ်ထုတ်လုပ်ရေးဒေသမှ ဒေသတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်းသိန်း၏ ပြောကြားချက်အရ သိရသည်။

ချင်းတွင်းမြစ်အနောက်ခြမ်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းမှ အလောင်းတော်ကဿပ ရုပ်ကလပ်တော်ကြီးသို့ နှစ်စဉ် ဘုရားဖူးရာသီတွင် သွားရောက်ကြသည့် ဘုရားဖူးများအနေဖြင့် မုံရွာမြို့ရှိ အထင်ကရနေရာများဖြစ်သော မိုးညှင်းသမ္ဗုဒ္ဓေနှင့် ဗောဓိတထောင်သာသနာ့နယ်မြေတို့ကို မဖြစ်မနေ ဖြတ်သွားကြရသည်ဖြစ်ရာ ဘုရားဖူးပြည်သူများ ဝင်ရောက်အပန်းဖြေ လေ့လာနိုင်ရန်အတွက် အဆိုပါ ဆင်စခန်းကိုဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

“ဖွင့်ဖို့ကတော့ ပြင်ဆင်နေတုန်းအဆင့်မှာပဲ ရှိသေးတယ်၊ ဘတ်ဂျက်လည်း မတင်ရသေးဘူး၊ စီမံချက်တော့ ရေးနေပါပြီ၊ သဘာဝနဲ့နီးစပ်တဲ့ အဆောက်အအုံလေးတွေဖြစ်အောင် ဝါး၊ မျောတွေတော့ စတင်စုဆောင်းနေပြီ၊ ၂၀၁၉ ဇန်နဝါရီလောက်တော့ ဖွင့်လှစ်နိုင်မယ်လို့ မှန်းထားတယ်၊ အဲဒီထက်စောဖို့တော့မရှိဘူး၊ အဲဒီကာလထက်လည်း နည်းနည်းတော့ နောက်ကျနိုင်တယ်၊ မတ်လနောက်ပိုင်းလို ပူပြင်းတဲ့ လလောက်လည်း မစပါဘူး၊ စနိုင်မယ်ဆိုရင် ဇန်နဝါရီ၊ ဖေဖော်ဝါရီလလောက်မှာ စဖြစ်အောင် ကြိုးစားနေတယ်”ဟု ဦးဇော်ဝင်းသိန်းက ပြောသည်။

ဆင်စခန်းတွင် အများပြည်သူ အပန်းဖြေ လေ့လာနိုင်ရန်အတွက် ကသာခရိုင်အတွင်းရှိ ကောလင်းမြို့နယ် သစ်ထုတ်ရေးစခန်းမှ စွယ်စုံ၊ ဟိုင်း၊ ဟန်ဆင်မျိုး ဆင်မလေးကောင်နှင့် ဆင်သားပေါက်ပါသည့် သားအမိတစ်တွဲ စုစုပေါင်း ဆင်ခြောက်ကောင်ထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ကသာမြို့နယ် ကသာအနောက်သစ်ထုတ်ရေးဒေသရှိ နတ်ပေါက်ဆင်စခန်းနှင့် မော်လိုက်မြို့နယ် မော်လိုက်အနောက်သစ်ထုတ်ရေးဒေသရှိ ပျားစွဲဆင်စခန်းတို့ကို ဖွင့်လှစ်ထားပြီးဖြစ်ရာ ယခု ဗောဓိတထောင်ဆင်စခန်း ဖွင့်လှစ်ပါက တိုင်းဒေသကြီးအတွင်း တတိယမြောက်ဆင်စခန်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



# ကော့သောင်းမြို့နယ်မှ ပင်လယ်ဖြတ်တံတားတည်ဆောက်မှု ၂၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ကော့သောင်း အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာကြား ဆက်သွယ်ရန် ပင်လယ်ပြင်ကိုဖြတ်သန်းကာ ပုလုံးတုံတုံးတံတားကို နှစ်လမ်းသွား ပင်လယ်ဖြတ်ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် လုပ်ငန်းများ၏ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အိမ်ခြေ ၁၀၀၀ ကျော်၊ လူဦးရေ ၃၀၀၀ ကျော်ရှိကာ ရေထွက်ပစ္စည်းပေါကြွယ်ဝပြီး ပင်လယ်ကျွန်းရွာတစ်ရွာဖြစ်သည့် ပုလုံးတုံတုံးကျေးရွာသို့ ကော့သောင်းမြို့မှ ဆက်သွယ်သွားလာရာတွင် ယခင်က ကော့သောင်းမှ ခုနစ်မိုင်ခန့်ဝေးသည့် ချောင်းဝကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားကာ ထိုမှတစ်ဆင့် ပင်လယ်ဒီရေအတက်အကျကို စောင့်၍ လှေငယ်လေးများဖြင့် ပင်လယ်ကိုဖြတ်ကူးပြီး ခက်ခဲပင်ပန်းစွာ သွားလာခဲ့ရကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများအတွက် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။

ပုလုံးတုံတုံးကျေးရွာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အကျယ် ၁၅ ပေ၊ အရှည် ပေ ၂၆၉၀ ရှိ တစ်လမ်းသွား ပင်လယ်ဖြတ် သစ်သားတံတားကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါသစ်သားတံတားမှာ ဆွေးမြည့်ယိုယွင်းလာသဖြင့် ပြည်သူ့အစိုးရလက်ထက်တွင် ယခုကဲ့သို့ ကွန်ကရစ်တံတားသစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ကြမ်းပြင် နွံထုအောက်တွင် ဂဝံမြေ၊ ထိုအောက်တွင်မှ ထူထဲသောစကျင်ကျောက်လွှာ ရှိသည့်အတွက် စကျင်ကျောက်လွှာကို တစ်ရက်လျှင် နှစ်ပေမှ သုံးပေခန့်သာ ဖောက်နိုင်ပြီး ဘိုးပိုင်တစ်လုံး ကွန်ကရစ်သွန်းလောင်း ပြီးစီးနိုင်ရေးအတွက် ၁၅ ရက်ကျော်ခန့် အချိန်ယူရကြောင်း၊ ပင်လယ်ပြင်အတွင်းဆောက်လုပ်ရသည့် တံတားဖြစ်သဖြင့် ရေရှည်ကြံ့ခိုင်ရေးအတွက် တံတားကိုယ်ထည်တွင် သံထည်ပစ္စည်းများကို လုံးဝမသုံးဘဲ ကွန်ကရစ်ဖြင့်သာ ဦးစားပေးတည်ဆောက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာ ဦးစီးအရာရှိ ဦးညွန့်သိန်း(မြို့/ပြ)က ပြောသည်။

တံတားသစ်သည် အာရ်စီကွန်ကရစ်အမျိုးအစားဖြစ်ကာ အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်း(နှစ်လမ်းသွား) အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် View Deck အကျယ် ရှစ်ပေရှိပြီး တံတားအောက်ဘက်တွင် ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀ နှင့် ရေလမ်းကင်းလွတ်အမြင့် သုံးပေရှိကြောင်း သိရသည်။

အဆိုပါတံတားကို စီမံကိန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၃၄၄၀ အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ဖြင့် လုပ်ငန်းများကို ၂၀၁၇ ဩဂုတ်လမှ စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်းများ၏ ၂၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီး ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းအားလုံးပြီးစီးနိုင်ရေးနှင့် လိုအပ်သည့်ရန်ပုံငွေများ ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## နယ်လှည့်စာကြည့်၊ စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ စစ်တွေ၌ ဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အထများဖြစ်ပေါ်ပြီး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ ယမန်နေ့က နယ်လှည့်စာကြည့်၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် အဆိုပါကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သုတ၊ ရသစာအုပ်များ၊ စာစောင်များ၊ ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများကို ရက်သတ္တပတ်ဖတ်ရှုနိုင်ရန် ကွင်းဆင်းငှားရမ်းပေးပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## အင်ဒိုနီးရှားနှင့်ပွဲအတွက် ခေါ်ဆောင်သွားမည့် မြန်မာ့လက်ရွေးစင်အသင်း ကစားသမား ၂၀ ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမကစားသမား ၂၇ ဦးအနက် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ခေါ်ဆောင်သွားမည့် ကစားသမား ၂၀ ကို အောက်တိုဘာ ၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**- အန်တွမ်မီဟေး၊ **လက်ထောက်နည်းပြ** -ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုး**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း**- ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ စိုးမိုးကျော်၊ သိန်းသန်းဝင်း၊ ဝင်းမိုးကျော်၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ လွင်မိုးအောင်၊ မောင်မောင်စိုး၊ စည်သူအောင်၊ သန်းထက်အောင်၊ ရန်နိုင်ဦး၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ မြတ်ကောင်းခန့်၊ မောင်မောင်လွင်၊ **ရှေ့တန်း**- ကောင်းဆက်နိုင်နှင့် ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။ **တိုက်စစ်မှူး**-အောင်သူသည် လက်ကောက်ဝတ် အရိုးအက်ဒဏ်ရာကြောင့် အင်ဒိုနီးရှားနှင့်ပွဲကို လွဲချော်မည်ဖြစ်ပြီး ကျန်ရစ်ခဲ့သည့် ကစားသမားများမှာ အောက်တိုဘာ ၁၁ ရက်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ကာ ကြားရက်များတွင် မြန်မာယူ - ၂၃ အသင်းနှင့် ပူးတွဲလေ့ကျင့်နေမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း ခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ခြေစမ်းပွဲကစားရန် အောက်တိုဘာ ၈ ရက် **(ယနေ့)** ထွက်ခွာမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**





# မျိုးသုဉ်းလုနီးနေသည့် ရှားပါး တောင်ငုံးရင်မဲငှက်ထိန်းသိမ်းရေး မြိတ်မြို့နယ်၌ ဆောင်ရွက်မည်



**မြိတ် အောက်တိုဘာ ၇**

ရှားပါးငှက်မျိုးစိတ်ထဲတွင် စာရင်းဝင်နေပြီး မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေတွင်ရှိနေသော တောင်ငုံးရင်မဲ(တီတူးရင်မဲ)ငှက်မျိုးစိတ်ကို ထိန်းသိမ်းရေးအတွက် ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း(BANCA)နှင့် မြိတ်မြို့နယ်မှ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသင်းတာဝန်ခံ ဦးအောင်မြင့်ဦးထံမှ သိရသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၌သာ တွေ့ရပြီး အကောင်အရွယ်အစားသေးငယ်၍ အရောင်အသွေးစုံလင်လှပသည့် တောင်ငုံးရင်မဲငှက်များမှာ ၂၀၁၆ ခုနှစ်မှစ၍ ထိုင်းနိုင်ငံရှိ သဘာဝသစ်တောများထဲတွင် လုံးဝပျောက်ကွယ်သွားသည်ကို သုတေသနပညာရှင်များ၏ လေ့လာချက်အရ သိရှိရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌သာ တွေ့ရှိရတော့သည့် ရှားပါးငှက်မျိုးစိတ်တစ်ခု ဖြစ်နေကြောင်း ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာသီရိဒေဝီအောင်က မြိတ်မြို့ Grand Jade ဟိုတယ်၌ အောက်တိုဘာ ၅ ရက်ကပြုလုပ်သည့် အဆိုပါငှက်ထိန်းသိမ်းရေး အသိပေးဆွေးနွေးပွဲတွင် ပြောကြားသည်။ တောင်ငုံးရင်မဲ(တီတူးရင်မဲ)ငှက်များသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၇၅၀ အောက် မြေပြန့်များနှင့် လျှောစောက် ၁၀ ဒီဂရီနိမ့်သောနေရာများတွင် နေထိုင်လေ့ရှိကာ မေလမှ အောက်တိုဘာလအတွင်း သားပေါက်၍ တစ်ကြိမ်တွင် ဥသုံးလုံးမှ ငါးလုံးအထိ ဥလေ့ရှိကြောင်း သိရသည်။

“လက်ရှိမှာ ဒီတနင်္သာရီတိုင်းဒေသကြီးအတွင်း ကော့သောင်းခရိုင် လေညာမြို့မှာ သုတေသနလုပ်ငန်းလုပ်ဆောင်မှုအရ အကောင်ရေ ၅၀ ဝန်းကျင်လောက် ရှိနိုင်သေးတယ်လို့ ခန့်မှန်းရပါတယ်၊ ကျွန်မတို့က ဒီငှက်တွေ ဘယ်နေရာအထိ နေထိုင်ကျက်စားသလဲဆိုတာကို သုတေသနနဲ့ ထိန်းသိမ်းရေး လုပ်ဆောင်ပါတယ်၊ ဒီအခါမှာ ဒေသတွင်းက ကျွမ်းကျင်ပညာရှင်တွေ၊ ဒေသခံပြည်သူတွေရဲ့အားတွေ လိုအပ်ပါတယ်၊ ဒေသခံပြည်သူတွေရဲ့အားမပါဘဲ ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်လို့မရပါဘူး၊ အခုဒေသခံတွေရဲ့ပူးပေါင်းပါဝင်မှုက အားရစရာပါ၊ သူတို့ကိုယ်တိုင် အဖွဲ့တွေဖွဲ့ပြီး စောင့်ကြည့်တာတွေ လုပ်လာပါတယ်”ဟုလည်း ဒါရိုက်တာက ဆွေးနွေးပွဲတွင်ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကမ္ဘာ့နေရာဒေသအသီးသီး၌ ဇီဝမျိုးစိတ်များ နည်းပါးလာချိန်တွင် မိမိတို့ဒေသတွင်းရှိ ရှားပါးဇီဝမျိုးစိတ်များကိုထိန်းသိမ်းပြီး ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ရေးအတွက် မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်မှ ဇီဝမျိုးစိတ်ကျွမ်းကျင် ဆရာ ဆရာမများ၊ BANCA မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။ **ဇော်မျိုးနိုင်(ပြန်/ဆက်)**

# မြန်မာ့အလင်းသတင်းစာတိုက် မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ဒုတိယအကြိမ် သက်ကြီးပူဇော်

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)လမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေး ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အဖွဲ့အတွင်းရေးမှူး တင်ဝင်းလေး (ကြည့်မြင်တိုင်)က ပူဇော်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး တွဲဖက်အတွင်းရေးမှူး သန်းဝင်း(သန်လျင်)က ဦးဆောင်ကန်တော့ချီးဖြင့် တိုင်တည်၍ သက်ကြီး သတင်းထောက်ကြီးများအား ကန်တော့ကြသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အား စတင်မျိုးစေ့ချ တည်ထောင်ပေးခဲ့သူ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးရဲမြင့်ဖေ(ငြိမ်း)အား အတွင်းရေးမှူးများက ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးသတင်းထောက်ကြီးများ ကိုယ်စား ဦးဆိုက်ကျင်(သုံးခွ)၊ ဦးစိုးဝင်း (ကျောက်တန်း)နှင့် ဦးမျိုးမြင့်(အယ်ဒီတာ(ငြိမ်း))တို့က ဩဝါဒစကားများ ပြောကြားပေးခဲ့ပြီး ဦးရဲမြင့်ဖေ(အယ်ဒီတာချုပ် (ငြိမ်း)က မုဒိတာစကား ပြောကြားပေးခဲ့သည်။

ဒုတိယအကြိမ် ကန်တော့ပွဲတွင် အသက် ၇၅ နှစ်နှင့်အထက် ကန်တော့ခံ သတင်းထောက်ကြီး ၁၀ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် ဂါရဝပြုကန်တော့ခံပစ္စည်းများဖြင့် ပေးအပ်ကန်တော့ခဲ့ကြသည်။

**ကိုကြီးတင်**



# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးတင်မောင်အေး ဖရန့်ဖတ် စာအုပ်ပွဲတော် တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် သတင်းမီဒီယာကောင်စီ၏ နိုင်ငံတကာ ဆက်သွယ်ရေးကော်မတီဝင် ဦးတင်မောင်အေးသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ဖရန့်ဖတ် စာအုပ်ပွဲတော် (Frankfurt Book Fair)သို့ တက်ရောက်ရန် အောက်တိုဘာ ၇ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

**မြန်မာ့အလင်း**



# ဂျပန်-မဲခေါင် ယူ-၁၇ ဘောလုံးပြိုင်ပွဲ မြန်မာအသင်း အဆင့်(၅) နေရာလုပွဲသာ ကစားရမည်

**ဖူကူရှီးမား အောက်တိုဘာ ၇**

ဂျပန်-မဲခေါင် ယူ-၁၇ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာ ယူ-၁၇ အသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သောကြောင့် အဆင့် (၅) နေရာလုပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ကို အောက်တိုဘာ ၇ ရက်က ဂျပန်နိုင်ငံ ဖူကူရှီးမားမြို့၌ကျင်းပရာ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

နောက်ဆုံးနေ့တွင် မြန်မာအသင်းသည် သရေကျရုံဖြင့် အုပ်စုဒုတိယနေရာရယူနိုင်မည်ဖြစ်သော်လည်း ကမ္ဘောဒီးယားအသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သောကြောင့် ဂိုးကွာခြားချက်ဖြင့် တတိယနေရာရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲကို ရက်ဆက်ကစားရသောကြောင့် ပွဲပန်းနေပြီး ပုံမှန်ခြေစွမ်းပျောက်ဆုံးနေခြင်း ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် ဂျပန်အသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ပထမနေရာရခဲ့ပြီး ကျန်သုံးသင်းမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်စီတူညီခဲ့ပြီး ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက အုပ်စုဒုတိယ၊ မြန်မာအသင်းက အုပ်စုတတိယ၊ ကမ္ဘောဒီးယားအသင်းက စတုတ္ထနေရာရခဲ့သည်။ မြန်မာအသင်းသည် အဆင့်(၅) နေရာလုပွဲအဖြစ် ဂျပန်နိုင်ငံမှ Bellmare အသင်းနှင့် အောက်တိုဘာ ၈ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (၅၅)နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၏ (၅၅)နှစ်ပြည့် အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားဟောင်းများ ဗဟိုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လိစ်တိုပါဒေ့ဗ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးသံမှူးကြီး Mr. Pakaunay Lengee (ဖတ်ကိုင်းနေးလင့်အိ)၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ ဒုတိယအတွင်းဝန် Mr. Jang Sang Woo၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူး Mr. Tian Shanting နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနမှ ဒုတိယအကြီးအကဲ ဒေါက်တာ ရီးလ်ဂီယိုတို့က တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (၅၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ပဒေသာကပွဲများ၊ ဈေးရောင်းပွဲများ၊ သက်ကြီးဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲများအပြင် အငြိမ့်နှင့် တေးဂီတ ဖြေဖျော်ပွဲများလည်း ပါဝင်သည်။

အောက်တိုဘာ ၈ ရက်မှ စတင်ကာ နိုင်ငံခြားဘာသာတက္ကသိုလ်၌ Online Radio Station တစ်ခုကို ထူထောင်ထားပြီး ဘာသာစကားမျိုးစုံဖြင့် စမ်းသပ်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စာပေနှင့် ဗဟုသုတတိုးပွားစေရန် အွန်လိုင်းမှ အသံဖြင့် အလှူပေးဖြန့်ဖြူးသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်သည် ပြင်သစ်၊ အင်္ဂလိပ်၊ ဂျာမန်အစရှိသော ဘာသာစကားငါးမျိုးဖြင့် စတင် သင်ကြားခဲ့ပြီး ယခုအခါ ဘာသာစကား ၁၁ ခုကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ တက္ကသိုလ်တွင် ဘာသာစကား လာရောက်သင်ယူနေသော ကျောင်းသား ကျောင်းသူများမှာ ၇၀၀၀ နီးပါးရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**

## စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း) ၁၉၈၄ခုနှစ် ကျောင်းဆင်းသူငယ်ချင်းများသို့

သူငယ်ချင်းတို့ရေ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၉ရက်မှာကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့်အတူ တို့တစ်တွေရဲ့ (၃၅)နှစ်ပြည့် ကျောက်စိမ်းရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနဲ့ ပြန်လည်တွေ့ဆုံပွဲကို နေပြည်တော်မှာ ၁၇-၁-၂၀၁၉မှ ၁၉-၁-၂၀၁၉ရက်အထိ သုံးရက်တိတိ ကျင်းပရန် စီစဉ်လျက်ရှိပါတယ်။ သူငယ်ချင်းများ သွားလာနေထိုင်ရေး အားလုံးအဆင်ပြေအောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဆရာကန်တော့ပွဲ လာရောက်မည့် ဦးရေနှင့်ခရီးစဉ် လိုက်ပါမည့်သူ စာရင်းကို ၃၁-၁၀-၂၀၁၈ ရက် နောက်ဆုံးထားပြီးနေပြည်တော်နှင့်ရန်ကုန်မှ သူငယ်ချင်းများထံပေးပို့ဖို့ ဖြစ်ပါတယ်။

ရန်ပုံငွေ အနေဖြင့် ၅-၁၀-၂၀၁၈ရက်အထိ ကျပ်သိန်းပေါင်း (၆၆၀)ကျော်ရရှိပြီဖြစ်လို့ ကျန်နေတဲ့ သူငယ်ချင်းများအား ဒေါ်သီတာဆွေ-ဖုန်း-၀၉-၄၂၁၁၇၁၇၉၇သို့ဆက်သွယ်ပြီး နေပြည်တော်၊ ကမ္ဘောဇဘဏ်(၁)ရှိ Ac.No.(034-302-17700379201)သို့ ဆက်သွယ်ထည့်ဝင်ဖို့ တိုက်တွန်းဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် သူငယ်ချင်းများ**

| | | | |
|---|---|---|---|
| ဦးအေးကိုကို | ဖုန်း-၀၉-၄၂၈၃၀၆၇၂၅ | ဒေါ်သီတာဆွေ | ဖုန်း-၀၉-၄၂၁၁၇၁၇၉၇ |
| ဦးလှမြင့်အောင် | ဖုန်း-၀၉-၂၅၉၀၂၃၇၀၇ | ဒေါ်ခင်စန္ဒာအောင် | ဖုန်း-၀၉-၉၆၅၇၃၀၆၆၀ |
